ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ အင်္ဂါနေ့ (11-2-2014) (၇၇၅၃)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီရန်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟတ်ဆန်ရိုဟာနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဂျာမနီနိုင်ငံ သမ္မတနှင့် ဇနီးတို့အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော်၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်နှင့်ဇနီး မစ္စစ် ဒါနီလာရှထ် တို့အား နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်း တို့က ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်သမ္မတ အိမ်တော် ဥပစာရှိ မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ် တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် နှစ်နိုင်ငံသမ္မတတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂျာမနီနိုင်ငံသမ္မတအား အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကင်းထောက်လူငယ်မောင်မယ် များကလည်း နှစ်နိုင်ငံအလံငယ်များဝှေ့ယမ်း၍ ဂုဏ်ပြု ကြိုဆိုနှုတ်ဆက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နိုင်ငံတော်သမ္မတအား ဂျာမနီနိုင်ငံသမ္မတက အတူလိုက်ပါလာသည့် ကိုယ်စား လှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း မြန်မာနိုင်ငံဘက်မှ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ဦးသိန်းညွန့်၊ ဦးဇေယျာအောင်နှင့် ဇနီး၊ ဦးမောင်မြင့်၊ ဦးဝင်းရှိန်၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် ဇနီးတို့နှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက် နှစ်နိုင်ငံသမ္မတတို့သည် နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေမှု အခြေအနေ၊ ရရှိခဲ့သည့်အောင်မြင်မှုများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့် အလတ်စားစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးဇေယျာအောင်၊ ဦးမောင်မြင့်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးဦးရဲထွဋ်၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❒

ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရေလမ်းခရီးဖြင့် ပြည်ပမှ ခရီးသွားဦးရေ ၆၅၈ ဦး လိုက်ပါလာသော MV ADONIA အမည်ရှိ ကမ္ဘာလှည့် ခရီးသည်တင် သင်္ဘောကြီးသည် ဖေဖော်ဝါရီ ၉ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ သီလဝါဆိပ်ကမ်းသို့ရောက်ရှိလာရာ ဟိုတယ်နှင့်ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ရွှေနှင့် ရန်ကုန်တိုင်းဒေသကြီးဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူ များက ယင်းဆိပ်ကမ်းတွင် တွေ့ဆုံနှုတ်ဆက်စကားပြောဆိုခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုဆိပ်ကမ်းမှ ထွက်ခွာလာပြီး ရန်ကုန်သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲရားဆိပ်ကမ်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း၊ အမျိုးသမီး ၃၅၂ ဦးနှင့် အမျိုးသား ၃၀၆ ဦး စုစုပေါင်း ၆၅၈ ဦး လိုက်ပါလာပြီး သင်္ဘောဝန်ထမ်းမှာ ၃၇၈ ဦး ရှိကြောင်း၊ ရန်ကုန်မြို့တွင်းရှိ တန်ခိုးကြီးဘုရားများနှင့် ဗိုလ်ချုပ်ဈေးအပါအဝင် ကမ္ဘာလှည့်များ စိတ်ဝင်စားသော နေရာများသို့လှည့်လည်ပြသမည်ဖြစ်ရာ Destination Asia ခရီးသွားကုမ္ပဏီမှ ယခုအကြိမ် စီစဉ် လုပ်ဆောင်သည်ဟု သိရသည်။

၂၀၁၄ ခုနှစ်အတွင်း ရေလမ်းခရီးဖြင့် သင်္ဘောစင်းလုံးဝင်ရောက်လာမှုမှာ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

ကြေးမုံစာတည်းရှုထောင့်　　၁၁-၂-၂၀၁၄၊ အင်္ဂါနေ့

သက်ရှည်ကျန်းမာ ပညာဖွံ့ဖြိုး

လူတစ်ယောက်၏ဘဝခရီးတွင် ကျန်းမာရေးနှင့်ပညာရေးသည် လက်ဝဲ၊လက်ယာလက်နှစ်ဖက်လို ဟန်ချက်ညီနေဖို့လိုအပ်ပါသည်။ ဤ အရေးနှစ်ပါးတစ်ပါးပါးချို့ယွင်းပါက လျှောက်ရမည့်ဘဝခရီးလမ်းမှာ အခက်အခဲများစွာကြုံတွေ့ကာ လိုရာမရောက် ခရီးမပေါက်ရှိချိမ့်မည်။

လူသားအားလုံးအတွက် ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးတစ်ပါးဖြစ်ပါသည်။ ကျန်းမာရေးကောင်းမွန်ပါမှ လူ့ဘဝမှာ စိတ်သွားတိုင်းကိုယ်ပါ လိုရာဆန္ဒပြီးမြောက်ခရီးပေါက်နိုင်မည် အမှန်ဖြစ်ပါသည်။

ထိုနည်းတူ ဘဝခရီးကြမ်းလျှောက်လမ်းရာမှာ အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်စွမ်းသည့် ပညာ၊ ရသ၊ သက်မွေး စသည့်ဘဝအာမခံချက် ပညာများအားနည်းပါက၊ တစ်နည်းပညာမျက်စိမရှိပါက အသိမှောက်မှားကာ "ဆင်ကန်းတောတိုး" အဖြစ်မျိုးကြုံကာ ကိုယ်ကျိုးနည်းကြရမည်မှာ အမှန်ဖြစ်ပါသည်။

ကျန်းမာရေးကောင်းသူအတွက် အတတ်ပညာ၊ နည်းပညာ၊ စဉ်းစားတွေးခေါ်အမှားအမှန်ကိုဝေဖန်ပိုင်းခြားနိုင်သော ပညာအားနည်းမှု မရှိခဲ့ပါလျှင် သဘောတရားမပါသောလက်တွေ့ဘဝမျိုးနှင့် ပင်ပင်ပန်းပန်းခရီးကြမ်းနှင်လျှောက်လှမ်းနေကြရပါလိမ့်မည်။ ထိုနည်းတူ ပညာအရာမှာ သာလွန်ထက်မြက် ရှိနေငြားလည်း ကျန်းမာရေးမကောင်းပြန်လျှင် စိတ်သွားတိုင်းကိုယ်မပါနိုင်ပါ။ လိုရာခရီးမရောက်၊ လက်တွေ့မပါသော သဘောတရားကဲ့သို့ ဆန္ဒကို လက်တွေ့အကောင်အထည် ဖော်နိုင်စွမ်းမည်မဟုတ်ပါ။

ထို့ကြောင့် ကျန်းမာရေးနှင့်ပညာရေးဟူသည် လူတစ်ယောက်အသက်ရှင်သန်ရေးတွင် ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ ဟန်ချက်ညီအထောက်အကူပြုပေးနေသည့် ဘဝခရီးသွားနှစ်ဖော်ဟုဆိုရပါမည်။

မြို့တစ်မြို့တည်ဆောက်ရာတွင် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍရင်းနှီးမြှုပ်နှံတည်ဆောက်ရေးလုပ်ငန်းများသည် အထူးပင် အရေးကြီးပါကြောင်း၊ ထို့အတူ မြို့တစ်မြို့ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ထိုကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးသည် အရေးကြီးပါကြောင်းဖြင့် ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်တွင်ကျင်းပသည့် လူမှုထူးချွန်စာကြည့်တိုက် E-Library နှင့် စေတနာကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲအခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ပြောကြားချက်ကိုဖတ်မှတ်လိုက်ရပါသည်။ နိုင်ငံသားတိုင်း သက်ရှည်ကျန်းမာ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပညာဗဟုသုတများကို ဘဝတစ်သက်တာရှာမှီးကြရန် လိုအပ်သည်။ မြို့တစ်မြို့ဖွံ့ဖြိုးမှုတွင် မရှိမဖြစ်လိုအပ်သော အခြေခံနှစ်ချက်ဖြစ်သည့် ကျန်းမာရေးနှင့်ပညာရေး ပြည့်စုံနေဖို့လိုအပ်သည်။ မြို့တစ်မြို့သာမက ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံအတွက်လည်း မရှိမဖြစ်သောအရာများဖြစ်ပါသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတိုင်းတွင် ပြည်သူ့ကျန်းမာရေးနှင့်ပညာရေးကို အဆင့်မြင့်တင်မှုပြုပေးကြသည်။ ကျန်းမာရေးအာမခံလုပ်ငန်းများကို နိုင်ငံတော်နှင့် ကုမ္ပဏီများတွဲဖက်ကာ သာမန်ပြည်သူကအစ ကျန်းမာရေးစောင့်ရှောက်မှုတွင် အခက်အခဲမရှိစေရေး စီမံဆောင်ရွက်ပေးကြသည်။ ဤကဲ့သို့ ကျန်းမာရေးတွင် စောင့်ရှောက်မှုအာမခံလုပ်ငန်းမျိုး မိမိတို့နိုင်ငံတွင်လည်း မကြာမီပေါ်ထွန်းလာတော့မည်ဖြစ်ပါသည်။ ၂၀၁၅-၂၀၁၆ အမီ လုပ်ဆောင်ပေးသွားမည်ဟုသိရသည်။ လူသားအားလုံးအတွက် အရေးကြီးဆုံးကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးကို နိုင်ငံတော်က ဦးဆောင်၊ ပုဂ္ဂလိကကုမ္ပဏီ (ကျန်းမာရေးဝန်ဆောင်မှု) များက ပူးပေါင်းလျက် အကောင်အထည်ဖော်ပေါ်ပေါက်လာတော့မည်။ ကျန်းမာရေးအတွက် အာမခံချက်ရှိလာတော့မည်။ နိုင်ငံသားအားလုံးအတွက် အထူးသဖြင့် သာမန်ပြည်သူများအတွက် သုတိမင်္ဂလာသတင်း။

ပညာရေးတွင်လည်း နိုင်ငံဖွံ့ဖြိုးမှု၏ အခြေခံအကျဆုံးအခြေခံပညာကို ခေတ်စနစ်နှင့်အညီ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ အသစ်ရေးဆွဲပြဋ္ဌာန်းကာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အမီ သင်ကြားနိုင်ရေးစီစဉ်ဆောင်ရွက်နေပြီဟု သိရသည်။ ယခင်ကမသင်မနေရ မူလတန်းအခမဲ့ပညာရေးကို စီမံဆောင်ရွက်ပေးခဲ့ပြီး ယခုတစ်ဖန် အလယ်တန်းအခမဲ့ပညာရေးကို စတင်အကောင်အထည်ဖော်ဆောင်လာနေပြီဖြစ်ပါသည်။

အနာဂတ်သားကောင်းရတနာလေးများ ပေါ်ထွန်းလာရေးတွင် အဓိကအထောက်အကူဖြစ်စေနိုင်သည့် ပညာရေးနှင့်ကျန်းမာရေးကို လိုလေသေးမရှိဆောင်ရွက်ပေးလာနိုင်မှုသည် မိမိတို့နိုင်ငံ၏ ရွှေရောင်အနာဂတ်တောက်ပလာမည့် နိမိတ်လက္ခဏာကောင်းများပင်ဖြစ်ပါကြောင်း။ ။

ရွှေဈေး [illegible] ဆီဈေးနှင့် နိုင်[illegible]ငွေလဲလှယ်နှုန်း

[illegible] ဖေဖော်[illegible]

ရန်ကုန် ရွှေဈေး	၆၆၇၁၀၀	- ၆၆၈၁၀၀
မန္တလေး ရွှေဈေး	၆၆၆၅၀၀	- ၆၆၇၅၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း95	တစ်လီတာ	၁၁၀၀	ကျပ်
(ဂ) အောက်တိန်း92	တစ်လီတာ	၉၂၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၈၈. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၄၆. ၀
(ဂ) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၉. ၄၃
(ဃ) တရုတ်	တစ်ယွမ်	= ၁၆၂. ၉၄
(င) ထိုင်း	တစ်ဘတ်	= ၃၀. ၁၃၆
(စ) မလေးရှား	တစ်ရင်းဂစ်	= ၂၉၇. ၁၉
(ဆ) အိန္ဒိယ	တစ်ရူပီး	= ၁၅. ၈၄၁
(ဇ) ဂျပန်	တစ်ရာယန်း	= ၉၆၄. ၀၉
(ဈ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၂. ၁၈၆
(ည) ဩစတြေးလျ	တစ်ဒေါ်လာ	= ၈၈၄. ၄၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ဖေဖော်ဝါရီ ၈ ရက် ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ငရုတ်ကောင်းတောင်ရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဝင်များ၊ ဒေသခံရွာသူရွာသားများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် ဒေသတွင်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့အဖွဲ့အနေဖြင့် ယခုကဲ့သို့ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး စာသင်ကျောင်းအတွက် ရေလောင်းအိမ်သာ၊ စာသင်ခုံနှင့် စားပွဲများ၊ သစ်အကာပျဉ်နှင့် ဘိလပ်မြေအိတ်များ၊ Family Kit ၊ ဆိုလာမီးအိမ်၊ အဝတ်အထည်များနှင့် ပြက္ခဒိန်များ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ကျုံကူးကျေးရွာအုပ်စုအတွင်း လှည့်လည်ကြည့်ရှုပြီး ချောင်းကမ်းပါးပြိုကျနေမှုကို စစ်ဆေးပြီး တစ်ပိုင်တစ်နိုင်ဝက်မွေးမြူရေးကို စီးပွားဖြစ်မွေးမြူရေးအဖြစ် တိုးတက်ဆောင်ရွက်နိုင်ရေး၊ သောက်သုံးရေလှောင်ကန် စနစ်တကျသုံးစွဲနိုင်ရေးနှင့်တိုက်နယ်ဆေးရုံအမိုးပြုပြင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရေကျော်ရွာနှင့် ရေတွင်းကုန်းကျေးရွာများ၌ စာသင်ကျောင်းများအတွက် စာသင်ခုံနှင့် ဆရာ ဆရာမစားပွဲခုံ၊ ထိုင်ခုံများ၊ ရေတွင်းရေကန်များ၊ ကျောက်ခင်းလမ်းများဖောက်လုပ်ပေးရေး ဖြည့်ဆည်းပေးသည်။

ထို့နောက် ကျုံကူးကျေးရွာ စာသင်ကျောင်း စုဝေးခန်းမ၌ ဝန်းကျင်ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများ၊ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ စိုက်ပျိုးခွင် ရပ်နားချိန်များတွင် အပိုဝင်ငွေရရှိရေးအတွက် မွေးမြူရေးလုပ်ငန်းများကိုပါ ပူးတွဲလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ လူတိုင်းကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ဖွံ့ဖြိုးစေရန် အာဟာရလုံလောက်မှုတစ္စာစားသုံးနိုင်ရေးသည် အရေးကြီးကြောင်း၊ အသား၊ ငါး၊ နို့နှင့်ဟင်းသီးဟင်းရွက်များ မျှတစွာစားသုံးနိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ကာ ပေါင်းစည်းလယ်ယာလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ထွက်ပေါ်လာရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျုံကူး၊ ရဲခေါင်ကြီး (တောင်)၊ ပျဉ်းမကွင်း၊ ရေကျော်၊ ရေတွင်းကုန်း၊ ရဲခေါင်ကြီး(မြောက်)၊ မြစ်ကျိုး၊ မှော်ဝင်ချောင်း၊ ညောင်ဝိုင်း၊ ကျောင်းကွဲ၊ ကွင်းဝိုင်း၊ စမ်းကြီး၊ ရွာဟောင်း၊ ရွာသစ်၊ သဲကုန်းကြီး၊ လူပုကျေးရွာများ၊ ဘုရားလှ(တောင်)၊ ဘုရားလှ(မြောက်)၊ မြို့သစ်၊ကန့်မလာ၊ မောင်ပါနှင့် ကျောက်ပူကျေးရွာများအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာသင်ကျောင်း စာသင်ခုံများ၊ ဆရာ ဆရာမစားပွဲခုံများ၊ ထိုင်ခုံများ၊ ရေလောင်းအိမ်သာနှင့် အုတ်ရေလှောင်ကန်များ၊ ဘိလပ်မြေအိတ်များ၊ ကျေးရွာ မီးရရှိရေးနှင့် ရေရရှိရေးတို့ကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ရဲခေါင်ကြီးကျေးရွာ ဇေယျာသီရိကျောင်းတိုက်၌ ဒေသခံရွာသူရွာသားများ၊ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရေးနှင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာကာ ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများအနေဖြင့် ကြွေးကင်းစင်ပြီး တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိရန် ကြိုးစားလုပ်ကိုင်ရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လတ်တလောဆောင်ရွက်ပေးနိုင်သည့် ကိစ္စများအား ဦးစားပေးအလိုက် ချက်ချင်းအကောင်အထည်ဖော်ပေးသွားမည်ဖြစ်ပြီး အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများအား ဆက်စပ်ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စာသင်ကျောင်းအတွက် စာသင်ခုံများ၊ ဆရာ ဆရာမစားပွဲခုံများဖြည့်ဆည်းပေးကာ ပန်းပေါင်းစုံ ရပ်ပွားဆင်းတုတော်များ၊ Family Kit များ၊ အားကစားပစ္စည်းများ၊ အဝတ်အထည်အသုံးအဆောင်များ၊ ပြက္ခဒိန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❒ **နိုင်ငံတော်သမ္မတမှ**

ဒေါက်တာလင်းအောင်၊ ဂျာမနီနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် ဂျာမနီနိုင်ငံသမ္မတနှင့်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Christian Ludwig Weber-Lortsch လည်း တက်ရောက်သည်။

၁၉၈၆ခုနှစ်တွင် ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ရစ်ချတ် ဗွန် ဗိုက်ဆိုက်ကာသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ပြီးနောက် ယခုအကြိမ်သည် ၂၆နှစ်အကြာတွင် ဂျာမနီသမ္မတတစ်ဦးအနေဖြင့် မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်ခဲ့သည့် ခရီးစဉ်ဖြစ်သည်။

မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် ဂျာမနီနိုင်ငံ၏ ငွေကြေးအကူအညီ အထောက်အပံ့ ယူရိုငွေ ခုနစ်သန်းဖြင့် ဆောင်ရွက်မည့် Rural Infrastructure Programme အတွက် Financing Agreement (grant) အား အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်။ ဖွံ့ဖြိုးမှုလုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်သည့် အဖွဲ့အစည်းတစ်ခုဖြစ်သော German Society for International Cooperation သည် မြန်မာ-ဂျာမနီနှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲရည်ရွယ်သည့် စာလွှာ (Joint Letter of Intent) ကို ၂၀၁၂ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဂျာမနီနိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါစာလွှာအရ ဂျာမနီနိုင်ငံအစိုးရက မြန်မာနိုင်ငံသို့ ယူရို ၁၅ သန်းအကူအညီပေးမည်ဖြစ်ပြီး အသက်မွေးဝမ်းကျောင်းသင်တန်းဌာနအိမ်တွင်း စက်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ဘဏ္ဍာရေးစနစ်၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း အစီအစဉ် သုံးခုအတွက် ၂၀၁၃ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ယူရို ၁၅ သန်းအကူအညီပေးရန် လျာထားပြီးဖြစ်သည်။

မြန်မာ-ဂျာမနီ နှစ်နိုင်ငံ ကုန်သွယ်မှုအနေဖြင့် ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဂျာမနီနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၉၈ သန်းတင်ပို့ခဲ့ရာ ယခင်နှစ်ကထက် ၁ ဒသမ ၅၄ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့သည်။ ဂျာမနီနိုင်ငံမှ အမေရိကန်ဒေါ်လာ ၁၄၄ ဒသမ ၅၅ သန်း တင်သွင်းခဲ့ပြီး ယခင်နှစ်ကထက် ၅၁ ဒသမ ၉၇ ရာခိုင်နှုန်းတိုးလာခဲ့သည်။ စုစုပေါင်းကုန်သွယ်မှု ပမာဏအနေဖြင့် အမေရိကန်ဒေါ်လာ ၁၈၇ ဒသမ ၅၃ သန်းဖြစ်ပြီး ယခင်နှစ်ကထက် ၃၆ ဒသမ ၄၄ ရာခိုင်နှုန်းပိုမိုလာခဲ့သည်။

ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံနှင့် ကုန်သွယ်ဖက်နိုင်ငံ အဆင့် (၉)တွင်ရှိပြီး ၂၀၁၂-၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမှ အများဆုံးတင်ပို့ခဲ့သည့် အဓိကပို့ကုန်ပစ္စည်းများမှာ ချုပ်ပြီးအထည်၊ ဆန်၊ ပဲအမျိုးမျိုး၊ ဖိနပ်ပစ္စည်းများနှင့် အခြားသစ်တောထွက်တို့ဖြစ်သည်။ ဂျာမနီနိုင်ငံမှ အများဆုံးတင်သွင်းခဲ့သည့် အဓိကသွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးပစ္စည်းများနှင့် သိပ္ပံပစ္စည်းကိရိယာများဖြစ်သည်။

ယခုနှစ် ၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ဂျာမနီနိုင်ငံသို့ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၅ သန်းတင်ပို့ခဲ့ရာ ယခင်နှစ်ကထက် ၃၄ ဒသမ ၇၄ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ်အတွင်း ပြည်ပခရီးသွားဦးရေ ၂ ဒသမ ၀၄၄ သန်းဝင်ရောက်ခဲ့ရာ ၂၀၁၄ တွင် ယင်းပမာဏထက် ပိုမိုဝင်ရောက်လာနိုင်ကြောင်း ခရီးသွားလုပ်ငန်းများထံမှ သိရသည်။

ယနေ့ သင်္ဘောဖြင့်ဝင်ရောက်လာသော ပြည်ပခရီးသွားများတွင် ဗိုးချဲကုလားထိုင်ဖြင့် သွားလာနေသော အမျိုးသမီးကြီးတစ်ဦးကို သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းတွင် တွေ့မြင်ရကြောင်း၊ ခရီးစဉ်တစ်ခုလုံးလေးလတာကြာမြင့်ပြီး ခရီးစဉ် ၈၊ ဆုံးလိုက်ပါမည့်ခရီးသွားဦးရေ ၂၀၀ ဝန်းကျင်ပါရှိကြောင်း သိရသည်။

(မောင်စေအောင်)

မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီလျှော့ချရေးနှင့် ချေးငွေပြန်လည်ပေးအပ်ချိန်ရွှေ့ဆိုင်းရေးဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံတို့ နှစ်နိုင်ငံလက်မှတ်ရေးထိုးပွဲကို ယနေ့မွန်းတည့် ၁၂နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

လက်မှတ် ရေးထိုးပွဲတွင် "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပြည်ပကြွေးမြီလျှော့ချရေးနှင့် ချေးငွေပြန်လည်ပေးအပ်ချိန် ရွှေ့ဆိုင်းရေးဆိုင်ရာ သဘောတူညီချက်" ကို မြန်မာနိုင်ငံဘက်မှ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်နှင့် ဂျာမနီနိုင်ငံဘက်မှ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးတို့က နှစ်နိုင်ငံသမ္မတများ ရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

၂၀၁၃ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပသော ပဲရစ်ကလပ်အစည်းအဝေး၌ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပဲရစ်ကလပ်အဖွဲ့ဝင်မြီရှင်နိုင်ငံများအကြား Agreed Minutes on the Treatment of Debt of the Republic of the Union of Myanmar ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ သဘောတူညီချက်အပေါ်မူတည်၍ ဂျာမနီနိုင်ငံနှင့် မြန်မာနိုင်ငံတို့နှစ်နိုင်ငံအကြား သဘောတူညီချက်ရရှိရန် ဆက်လက်ညှိနှိုင်းခြင်းဖြစ်သည်။

ထိုသဘောတူညီချက်အရ ကြွေးရှင်းသည့် ပမာဏမှာ ယူရိုသန်းပေါင်း ၁၀၈၄ သန်းကျော်ရှိပြီး ထိုငွေအနက် ၅၀ ရာခိုင်နှုန်းကို ဂျာမနီနိုင်ငံဘက်မှ ကြွေးလျှော်ပေးခဲ့သည်။ ကျန် ၅၀ ရာခိုင်နှုန်းဖြစ်သည့် ယူရို ၅၄၂ သန်းကျော်ကို အတိုးနှုန်း သုံးရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ခုနစ်နှစ်၊ ပြန်ဆပ်ကာလ ရှစ်နှစ် စုစုပေါင်း ၁၅ နှစ်ဖြင့် ပြန်လည်ပေးဆပ်ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထိုင်းရေတပ်သင်္ဘောများ မြန်မာနိုင်ငံသို့ လာရောက်မည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ထိုင်းတော်ဝင်ရေတပ်သင်္ဘောများသည် ရေတပ်အရာရှိလောင်းများ၏ လေ့ကျင့်ရေးခရီးစဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာမည်ဖြစ်ကြောင်းထိုင်းသံရုံးတာဝန်ရှိသူများက ဖေဖော်ဝါရီ ၉ ရက်တွင် ထုတ်ပြန်ကြေညာသည်။

ထိုင်းတော်ဝင်ရေတပ်သင်္ဘောသုံးစင်းတွင် ရေတပ်အရာရှိလောင်းများနှင့် အရာရှိစစ်သည် ၆၉၅ဦး လိုက်ပါလာမည်ဖြစ်ပြီး သီလဝါဆိပ်ကမ်းတွင် ငါးရက်ကြာမြင့်မည်ဖြစ်သည်။ အဆိုပါကာလများအတွင်း ဖေဖော်ဝါရီ ၂၀ ရက်တွင် ထိုင်း-မြန်မာရေတပ် ချစ်ကြည်ရေး ဘော်လီဘောကစားခြင်း၊ ဖေဖော်ဝါရီ ၂၁ ရက်တွင် ရန်ကုန်အမျိုးသား သွေးလှူဌာနတွင် သွေးလှူဒါန်းခြင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ရန်ကုန်မြို့ စည်ပင်သာယာရေးကော်မတီ၏ ပြည်သူ့ဥယျာဉ်တစ်ခုတွင် သစ်ပင်စိုက်ပျိုးခြင်းနှင့် ဖေဖော်ဝါရီ ၂၃ ရက်တွင် သီလဝါဆိပ်ကမ်း၌ နှုတ်ဆက်ပွဲပြုလုပ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

(အေဝမ်းစိုး)

တောင်ကိုရီးယားနှင့် အမေရိကန် ပူးတွဲစစ်ရေးလေ့ကျင့်မှု ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်မည်ဟု ထုတ်ပြန်ကြေညာ

ဆိုးလ် ဖေဖော်ဝါရီ ၁၀

မြောက်ကိုရီးယားနိုင်ငံက ဒေါသတကြီး ကန့်ကွက်နေသော်လည်း တောင်ကိုရီးယားနှင့် အမေရိကန် နှစ်နိုင်ငံ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖေဖော်ဝါရီ ၂၄ ရက်မှ ဧပြီ ၁၈ ရက်အထိ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းနှစ်နိုင်ငံက ထုတ်ပြန်ကြေညာသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းကပင် မြောက်ကိုရီးယားနိုင်ငံက ယင်းစစ်ရေးလေ့ကျင့်မှု အစီအစဉ်အား ဆန့်ကျင်ကြောင်း သတိပေးချက်ထုတ်ပြန်ခဲ့သည်။ ယင်းနှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုအား မြောက်ကိုရီးယားက စစ်ပွဲဆင်နွှဲရန် လေ့ကျင့်မှုဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်။

ယခုအတောအတွင်း မြောက်ကိုရီးယားတွင် အကျဉ်းကျနေသည့် အမေရိကန်နိုင်ငံသားတစ်ဦးအား ပြန်လွှတ်ပေးရန်အတွက် ဆွေးနွေးညှိနှိုင်းရန် အမေရိကန်သံတမန်အဖွဲ့တစ်ဖွဲ့အား ဖိတ်ကြားခြင်းကို မြောက်ကိုရီးယားဘက်မှ ဖျက်သိမ်းခြင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်ရကြောင်း အမေရိကန်က ပြောကြားသည်။ အမေရိကန်နိုင်ငံသား ကက်နက်ဘေးသည် မြောက်ကိုရီးယားနိုင်ငံ၌ ထိန်းသိမ်းခံနေရသည်မှာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။

တောင်ကိုရီးယားနှင့် အမေရိကန်နှစ်နိုင်ငံ ပူးတွဲတပ်ဖွဲ့များ စစ်ဦးစီးဌာနချုပ်မှ ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်သောကြေညာချက်အရ ယင်းစစ်ရေးပူးပေါင်းလေ့ကျင့်မှု၏ အဓိကအချက်မှာ ကွန်ပျူတာအခြေခံ သင်္ဂြိုဟ်တူ လေ့ကျင့်မှုများဖြစ်ပြီး လင်းယုန်ငယ်ဟု အမည်ပေးထားသည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုနှင့် နှစ်နိုင်ငံ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များ ပါဝင်မည်လည်းဖြစ်ကြောင်း၊ လေ့ကျင့်မှုအား ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ပြုလုပ်ရန်စီစဉ်ထားကြောင်း ဖော်ပြသည်။

ယခုပြုလုပ်မည်ဖြစ်သော နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုသည် အမေရိကန်နှင့် နှစ်စဉ်ပြုလုပ်မြဲဖြစ်ပြီး ခံစစ်သဘောသာဆောင်ကြောင်း၊ မြောက်ကိုရီးယားတို့ ကောင်းစွာသိရှိကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကင်မင်ဆွပ်က ပြောကြားသည်။

ထို့ကြောင့် ယင်းစစ်ရေးလေ့ကျင့်မှုနှင့် ကွဲကွာမိသားစုများ ပြန်လည်ပေါင်းစည်းရေးကိစ္စအား ချိတ်ဆက်ခြင်းမှာ လျော်ကန်ခြင်းမရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးတွဲစစ်ရေးလေ့ကျင့်ခြင်းကို လုပ်ဆောင်မည်ဆိုပါက တောင်-မြောက်ကိုရီးယားနှစ်နိုင်ငံ ကွဲကွာမိသားစုများ ပေါင်းစည်းရေးအစီအစဉ်အား ဖျက်သိမ်းပစ်မည်ဟု မြောက်ကိုရီးယားနိုင်ငံ၏ အဆင့်မြင့်ဆုံးစစ်ဘက် အဖွဲ့အစည်းက ယခင်ရက်သတ္တပတ်တွင် ခြိမ်းခြောက်ပြောကြားခဲ့သည်။ **ဘီဘီစီ။**

အမေရိကန်နှင့် တောင်ကိုရီးယား စစ်သည်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုအား တွေ့ရစဉ်။

ဒုတိယအကြိမ် ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲ ဂျီနီဗာ၌ပြန်စမည်

ဂျီနီဗာ ဖေဖော်ဝါရီ ၁၀

ဆီးရီးယားအစိုးရနှင့် အတိုက်အခံကိုယ်စားလှယ်များအကြား ဒုတိယအကြိမ် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တနင်္လာနေ့တွင် စတင်ဆွေးနွေးကြမည်ဖြစ်သည်။

လွန်ခဲ့သည့်လက ကျင်းပသော ပထမအကြိမ်ဆွေးနွေးပွဲမှာ ခိုင်မာသောသဘောတူညီချက်တစ်စုံတစ်ရာမျှမရရှိဘဲ တစ်ဖက်နှင့်တစ်ဖက် စွပ်စွဲပြောကြားခြင်းဖြင့် ပြီးဆုံးသွားခဲ့သည်။ သို့သော်လည်း ကုလသမဂ္ဂသံတမန် လက်ဒ်ဒါ ဘရာဟီမီက အခြေခံသဘောတူညီမှုကိုမူ ရရှိခဲ့သည်ဟု ဆိုသည်။

ဝိုင်းရံထားခြင်းခံရသည့် ဟွန်းမြို့တွင် သုံးရက်ကြာ အပစ်အခတ်ရပ်စဲထားသည့်ကာလအတွင်း ရာပေါင်းများစွာသောပြည်သူများကို ရွှေ့ပြောင်းပြီးသည့်နောက် ဒုတိယအကြိမ်ဆွေးနွေးရေး ပေါ်ပေါက်လာခြင်းဖြစ်သည်။

မော်တာနှင့်လက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်းများရှိခဲ့သော်လည်း ပြည်သူများရွှေ့ပြောင်းခြင်းကိုပြီးစီးသည်အထိ ဆောင်ရွက်နိုင်ခဲ့သည်။

လက်နက်များဖြင့် ပစ်ခတ်ခြင်းနှင့်စပ်လျဉ်း၍ တစ်ဖက်နှင့်တစ်ဖက် ပြစ်တင်ပြောကြားကြပြီး ပြည်သူအချို့သေဆုံး၍ အချို့ဒဏ်ရာရရှိကြောင်း လှုပ်ရှားသူများက ပြောကြားသည်။ **ဘီဘီစီ။**

သီးသန့်စီးပွားရေးဇုန် ရေပိုင်နက်တွင်း ဂျပန်ဝေလငါးဖမ်းရေယာဉ်တစ်စင်းဝင်ရောက်မှုအား နယူးဇီလန်ကန့်ကွက်မည်

ဝယ်လင်တန် ဖေဖော်ဝါရီ ၁၀

နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်အဖြစ်သတ်မှတ်ထားသည့် ရေပြင်အတွင်းသို့ ဂျပန်ဝေလငါးဖမ်းရေယာဉ်စုမှ သင်္ဘောဝင်ရောက်ခဲ့ခြင်းမှာ အလွန်ရိုင်းပျသော အပြုအမူအဖြစ် နယူးဇီလန်အစိုးရက ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ယခင်ရက်သတ္တပတ်အနှောင်းပိုင်းက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဝေလငါးဖမ်းရေယာဉ်နောက်သို့ သဘာဝဝန်းကျင်ထိန်းသိမ်းရေးဝါဒီများ အဖွဲ့အစည်းတစ်ခုဖြစ်သည့် ပင်လယ်သိုးကျောင်းသားများအမည်ရှိ အဖွဲ့ပိုင်ရေယာဉ်များက လိုက်ခဲ့ခြင်းကြောင့်ဖြစ်ရကြောင်း သတင်းတွင် ဖော်ပြသည်။

နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး မာရေးမက်ကူလီက ဂျပန်ဝေလငါးဖမ်းသင်္ဘောများကို ကြိုဆိုလက်ခံမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး နယူးဇီလန်သံတမန်များကလည်း ၎င်းလုပ်ရပ်မှာ အလွန်သိသာထင်ရှားကြောင်း ပြောကြားခဲ့သည်။ အဆိုပါ ဝေလငါးဖမ်းရေယာဉ်သည် ရေပြင်မှ ပြန်လည်ထွက်သွားရေး တောင်းဆိုမှုကိုလည်း ဂရုမစိုက်ခဲ့ကြောင်း၊ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တရားဝင်ကန့်ကွက်သွားရန် ကြိုးပမ်းနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နယူးဇီလန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန်ရေပိုင်နက်အတွင်းသို့ ဂျပန်ဝေလငါးဖမ်းရေယာဉ် ဝင်ရောက်ခဲ့ခြင်းအတွက် နယူးဇီလန်နိုင်ငံက အလွန်စိတ်ပျက်ရကြောင်း ယနေ့ မွန်းလွဲပိုင်း၌ ဂျပန်သံအမတ်ကြီးအား တွေ့ဆုံပြောကြားရန် နယူးဇီလန်နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးအား မိမိညွှန်ကြားခဲ့ကြောင်း မစ္စတာမက်ကူလီက ဖေဖော်ဝါရီ ၁၀ ရက်တွင် ထုတ်ပြန်သောကြေညာချက်၌ ဖော်ပြသည်။

ဂျပန်ဝေလငါးဖမ်းရေယာဉ် ရှိုနန်မာရူ ၂ သည် ကမ်းခြေမှ ရေမိုင် ၁၂ မိုင်ကွာ သတ်မှတ်ထားသည့် နယူးဇီလန်၏ ပိုင်နက်ရေပြင်အတွင်းသို့ ဝင်ရောက်ခဲ့ပြီး ကမ်းခြေမှရေမိုင် ၂၀၀ သတ်မှတ်ထားသည့် နယူးဇီလန်၏ သီးသန့်စီးပွားရေးရေပြင်ပိုင်နက်အတွင်း ခုတ်မောင်းခဲ့သည်။ **ဘီဘီစီ။**

အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဂျပန် ဝေလငါးဖမ်းရေယာဉ်များ၏ လှုပ်ရှားမှုများကို တွေ့ရစဉ်။

မိကျောင်းနှင့်မြွေ ရွှံ့ညွန်မှာတွေ့ နှစ်ကောင်လုံး သေပွဲဝင်

မီယာမီ(ဖလော်ရီဒါ) ဖေဖော်ဝါရီ ၁၀

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ရွှံ့ညွန်အတွင်း၌ ခြောက်ပေရှည်သော မိကျောင်းတစ်ကောင်နှင့် ၁၃ပေရှည်သော စပါးကြီးမြွေတစ်ကောင်တို့ အသေအကျေ တိုက်ခိုက်ခဲ့ကြရာ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ အသက်အန္တရာယ်ပေးနိုင်ဆုံး သားရဲတိရစ္ဆာန်နှစ်ကောင်လုံး ဇီဝိန်ချုပ်သွားခဲ့ကြရကြောင်း တနင်္လာနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဗိုက်ပေါက်

မြန်မာစပါးကြီးမြွေက ကြောက်စရာပြိုင်ဘက်ကို တစ်ကောင်လုံးမျိုချခဲ့ပြီးသည့်နောက် ဗိုက်ပေါက်သွားခြင်းဖြစ်သည်။

အဲဗားဂလိပ်အမျိုးသားဥယျာဉ်အတွင်း၌ သေဆုံးနေကြသော တွားသွားသတ္တဝါနှစ်ကောင်ကို သစ်တောဝန်ထမ်းများက တွေ့လိုက်ကြရာတွင် အလွန်အံ့အားသင့်ခဲ့ကြရသည်။

သတ္တဝါတို့၏ နိုင်ရာစားခေလေ့အတိုင်း ရွှံ့ညွန်အတွင်း၌မင်းမူနေသော မိကျောင်းများကို ဌာနေမဟုတ်သည့် မြန်မာ စပါးကြီးမြွေများက လာရောက်စိန်ခေါ်ကြဖွယ်ရာဖြစ်ကြောင်း သစ်တောအုပ်များက ပြောကြားသည်။

ခေါင်းပျောက်

စပါးကြီးမြွေမှာ ဗိုက်ပွင့်လျက်ရှိပြီး မိကျောင်း၏ အမြီးက ပြူထွက်နေသည်ကိုတွေ့ရသည်။ မြွေ၏ဦးခေါင်းမှာမူ ပျောက်ဆုံးလျက်ရှိသည်။

မိကျောင်းက စပါးကြီးမြွေကို ဗိုက်ပေါက်သွားသည့်တိုင်အောင် ခြေသည်းလက်သည်းများဖြင့် ကုပ်ခြစ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ဖလော်ရီဒါတက္ကသိုလ်မှ ပါမောက္ခ ဖရန့်မက်ဇောတီက သုံးသပ်သည်။ **ဘီဘီစီ။**

စပါးကြီးမြွေ၏ဗိုက်မှာပေါက်လျက်ရှိပြီး ယင်းမှ မိကျောင်း၏အမြီးပိုင်းထွက်နေသည်ကို တွေ့မြင်ရစဉ်။

ဘူရွန်ဒီနိုင်ငံ မြို့တော်ဘူဂျမ်ဘူရာ၌ ရေလွှမ်းမိုးမှုနှင့် မြေပြိုမှုများဖြစ်ပွား

ဘူဂျမ်ဘူရာ ဖေဖော်ဝါရီ ၁၀

ဘူရွန်ဒီနိုင်ငံ မြို့တော်ဘူဂျမ်ဘူရာတွင် ရေလွှမ်းမိုးမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ခြင်းကြောင့် လူ ၅၀ ထက်မနည်းသေဆုံးကြောင်း သတင်းများရရှိသည်ဟု ဘီဘီစီသတင်းတွင် ဖော်ပြသည်။ လတ်တလောရရှိသော သတင်းများအရ ဘူရွန်ဒီမြို့တော်တွင် သေဆုံးသူဦးရေစာရင်းကို အရေအတွက်အမှန် မရရှိနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရွှံ့ညွန်များနှင့် အဆောက်အအုံအပျက်အစီးများအောက်၌ သေဆုံးသူများ၏ ရုပ်အလောင်းများရှိနိုင်ဖွယ်ရာဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

မြို့တော်အပြင်ဘက်ရှိ တောင်ကုန်းများပေါ်မှ ရေများနှင့်ရွှံ့ညွန်များစီးဝင်ပြိုဆင်းမှုကြောင့် မြို့တော်အတွင်းရှိ ရာနှင့်ချီသော လူနေအိမ်များ မျောပါသွားခြင်းခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းမြို့တော်တွင် မိုးသည်းထန်စွာ ညလုံးပေါက်ရွာသွန်းခဲ့ခြင်းကြောင့် အဆိုပါသဘာဝဘေးဒဏ်သင့်ရောက်ခဲ့ရကြောင်း ဘူရွန်ဒီလုံခြုံရေးဆိုင်ရာဝန်ကြီး ဂါဘရီယယ်နီဇီဂါမာက သတင်းထောက်များအား ပြောကြားသည်။ **ဘီဘီစီ။**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့် တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဗေဒါသီရိဗိမာန် ဧည့်ခန်းမဆောင်၌ ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ Mr. Mikhail A. Dmitriev အား လက်ခံတွေ့ဆုံသည်။**(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရသက်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြထွန်းဦးတို့ တက်ရောက်ကြပြီး ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Vasily Pospelov နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် မြန်မာ-ရုရှား နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာ နည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံပညာတော်သင်များ အပြန်အလှန် စေလွှတ်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-ရုရှားချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

(မြဝတီ)

နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ဂျာမနီသမ္မတ၏ ဇနီးတို့ တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်သမ္မတ၏ ဇနီးဒေါ်ခင်ခင်ဝင်းနှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ၏ ဇနီးမစ္စစ် ဒါနီလာရှတ်တို့သည် ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ တွေ့ဆုံခဲ့ကြသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၄)ကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ဝင်များ၊ UN နှင့် INGO အဖွဲ့များ၊ စာပေ၊ ဂီတ၊ သဘင်နှင့် ရုပ်ရှင်အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ယနေ့ကျင်းပသော အစည်းအဝေးသည် ၂၀၁၃ ခုနှစ်အတွင်း ချမှတ်ခဲ့သည့် လုပ်ငန်းစီမံချက်ပါ ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များကို သုံးသပ်လေ့လာဆွေးနွေးပြီးနောက် ၂၀၁၄ ခုနှစ်မှာ ဆောင်ရွက်မည့် အစီအမံများကို ထိထိရောက်ရောက် ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး ရည်ရွယ်ပြီး နှစ်စဉ်ပုံမှန်ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေသော လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဒုတိယနှစ်ငါးနှစ်စီမံကိန်း (၂၀၁၂-၂၀၁၆)၏ ရည်မှန်းချက်ဖြစ်သည့် ပြည်တွင်းနှင့် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသော လူကုန်ကူးမှုပြဿနာလျော့နည်းပပျောက်ရေးအတွက် ထိရောက်စွာတားဆီးကာကွယ်ရမည်ဆိုသည့် ရည်မှန်းချက်အတိုင်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများဖြစ်သော UN, INGO နှင့် NGO များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါကြောင်း။

၂၀၁၄ ခုနှစ်သည် ငါးနှစ်စီမံကိန်း၏ midterm ဖြစ်သော တတိယနှစ်ကို ရောက်နေပြီဖြစ်ပါကြောင်း၊ ယနေ့ နိုင်ငံတော်သည် ထင်သာမြင်သာပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေရာ ၂၀၁၃ ခုနှစ်အတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတွင် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ထိုသို့ ဖွဲ့စည်းခဲ့ပြီးနောက် ဆောင်ရွက်နေသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းစီမံချက်ကို သုံးသပ်သည့်အခါ လူကုန်ကူးခံရသူများအား တရားစွဲဆိုရေးကဏ္ဍ (Prosecution) နှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍ (Protection) များတွင် ပိုမိုဆောင်ရွက်ရမည်ကို ၂၀၁၃ ခုနှစ်တွင် ကဏ္ဍနှစ်ခုကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြောင်း။

တရားစွဲဆိုရေးကဏ္ဍပိုင်းကို ပြောရမည်ဆိုလျှင် မြန်မာနှင့် ထိုင်းနိုင်ငံ နယ်စပ်တစ်လျှောက် ရွှေ့ပြောင်းသွားလာခြင်းဖြင့် လူမှောင်ခို၊ လူကုန်ကူးမှုများ များပြားလာသည့်အတွက် နှစ်နိုင်ငံသက်ဆိုင်ရာ တားဆီးနှိမ်နင်းရေးအရာရှိများ တရားစွဲဆိုရေးအပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရန် ပထမအကြိမ် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဆိုင်ရာ အစည်းအဝေးကို ရန်ကုန်မြို့တွင် နိုဝင်ဘာလက ကျင်းပနိုင်ခဲ့ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် ၂၀၁၃ ခုနှစ်အတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများကို မြန်မာနှင့် တရုတ်နိုင်ငံဘက်တွင် တတိယမြောက်ဖြစ်သည့် လောက်ကိုင်-နမ့်စန် ဆက်ဆံရေးရုံးကို မေလတွင်ဖွင့်လှစ်နိုင်ခဲ့ပြီး မြန်မာနှင့် ထိုင်းနိုင်ငံဘက်တွင်လည်း တတိယမြောက်ဖြစ်သည့် မြဝတီ-မဲဆောက် လူကုန်ကူးမှုတိုက်ဖျက်ရေးနယ်စပ်ဆက်ဆံရေးရုံးကို အောက်တိုဘာလမှာ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ခဲ့ပါကြောင်း၊ လူကုန်ကူးခံရသူများအား ထိရောက်စွာ အကာအကွယ်ပေးနိုင်ရေးအတွက် လူကုန်ကူးခံရသူများ စောင့်ရှောက်ရေးဂေဟာများကို ကော့သောင်းနှင့် မြဝတီတို့တွင် ဆောက်လုပ်လျက်ရှိရာ မကြာမီရက်များတွင် ဖွင့်လှစ်နိုင်မှာဖြစ်ပြီး စောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်ပါကြောင်း။

ထူးခြားသော ဆောင်ရွက်မှုအဖြစ် ၂၀၁၃ ခုနှစ် ဩဂုတ် ၁ ရက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ဦးဆောင်သောအဖွဲ့နှင့်အမေရိကန်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီး Mr. Luis Cdebaca ဦးဆောင်သောအဖွဲ့သည် ပထမအကြိမ် မြန်မာ-အမေရိကန် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆွေးနွေးပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါကြောင်း။

ထိုဆွေးနွေးပွဲကြီး၏ နောက်ဆက်တွဲလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများလည်း မကြာမီဆက်လက်ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ထားပါကြောင်း၊ ၂၀၁၃ ခုနှစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးလုပ်ငန်းတွင် မီဒီယာ၊ လူမှုအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာနိုင်သည်ကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ၂၀၁၄ ခုနှစ် လုပ်ငန်းစီမံချက် ရေးဆွဲသည့်အခါ မီဒီယာ၊ လူမှုအဖွဲ့အစည်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင် ကဏ္ဍများတွင် ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး တရားစွဲဆိုရေးကဏ္ဍနှင့်လူကုန်ကူးခံရသူများ ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

၂၀၁၄ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်သည့်အခါ ပြည်တွင်းအဖွဲ့များနှင့် မိတ်ဖက်အဖွဲ့အစည်းများကလည်း သက်ဆိုင်ရာဌာနဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများ ပါဝင်သော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတွင် စည်းစည်းလုံးလုံး တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်တွင်းသတင်းဌာနများမှ သတင်းထောက်များ၊ စာပေ၊ သဘင်နှင့် ရုပ်ရှင်နယ်ပယ်တို့မှ တာဝန်ရှိသူတို့က ၂၀၁၃ ခုနှစ် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆောင်ရွက်ချက်များအပေါ် သုံးသပ်ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြည်သူအားလုံးအင်တိုက်အားတိုက်ပါဝင်ကူညီ

မင်းမင်းဇော်

နိုင်ငံတော်၏လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များရရှိရန် ရည်ရွယ်ကောက်ယူသည့် သန်းခေါင်စာရင်းနှင့် ပတ်သက်၍ မိဘပြည်သူများ၏ မရှင်းလင်းသည့်အချက်များ၊ မကျေလည်သည့်အချက်များကို ပြန်လည်တင်ပြနိုင်စေရန် ဗဟိုသန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး၊ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းကြီးတစ်ခုလုံးကိုတာဝန်ယူထားသည့် သန်းခေါင်စာရင်းတာဝန်ခံ ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

မေး။ ။ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်မှာ သန်းခေါင်စာရင်း ကောက်ယူခဲ့တာနဲ့ပတ်သက်ပြီး အကျဉ်းချုပ်လေးရှင်းပြပေးစေချင်ပါတယ်ခင်ဗျာ။

ဖြေ။ ။ မြန်မာနိုင်ငံမှာ သာလွန်မင်းလက်ထက်နဲ့ ဘိုးတော်ဘုရားလက်ထက်တွေကစပြီး သန်းခေါင်စာရင်းသဘောသက်ရောက်တဲ့ စစ်တမ်းတွေကောက်ယူခဲ့တာကို တွေ့ရပါတယ်။ အဲဒီစစ်တမ်းတွေမှာ လူဦးရေအကြောင်းအရာ၊ အိမ်ခြေ၊ လယ်ယာမြေ၊ သီးနှံထွက်ရှိမှု၊ အခွန်တော်ငွေစတဲ့ စာရင်းတွေကို ကောက်ယူခဲ့ပါတယ်။ မြန်မာနိုင်ငံကို ဗြိတိသျှအစိုးရအုပ်ချုပ်ချိန်မှာ စီမံခန့်ခွဲရေးရာကိစ္စရပ်တွေကို အထောက်အကူဖြစ်စေဖို့ ၁၈၇၂ ခုနှစ်နဲ့ ၁၈၈၁ ခုနှစ်တို့မှာ ဗြိတိသျှလက်အောက်မှာရှိတဲ့ အောက်မြန်မာနိုင်ငံမှာ သန်းခေါင်စာရင်းကောက်ယူခဲ့ပါတယ်။ ၁၈၉၁ ခုနှစ်ကစပြီး ၁၉၄၁ ခုနှစ်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ သန်းခေါင်စာရင်းများကို ၁၀ နှစ်တစ်ကြိမ် အချိန်မှန်ကောက်ယူခဲ့ကြပါတယ်။ လွတ်လပ်ရေးရပြီးတဲ့နောက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ပြည့်စုံတဲ့ သန်းခေါင်စာရင်းတွေကို ၁၉၇၃ ခုနှစ်မှာတစ်ကြိမ်၊ ၁၉၈၃ ခုနှစ်မှာတစ်ကြိမ် လူထုလှုပ်ရှားမှုအသွင်နဲ့ ကောက်ယူနိုင်ခဲ့ပါတယ်။

မေး။ ။ သန်းခေါင်စာရင်းမေးခွန်းရဲ့ အမည်ဆိုတဲ့အကွက်မှာ မေးမြန်းသူကကိုယ့်အိမ်မှာရှိနေတဲ့ လူတွေရော၊သန်းခေါင်စာရင်းရည်ညွှန်းချိန်လို့သတ်မှတ်ထားတဲ့ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ညသန်းခေါင်ယံအချိန်မှာ ကိုယ့်အိမ်မှာတည်းခဲ့တဲ့ ဧည့်သည်တွေရော၊ ကိုယ့်အိမ်မှာငှားနေတဲ့ အိမ်ငှားတွေကိုပါ ထည့်သွင်းရေးသားမယ်လို့ သိရပါတယ်။ ကိုယ့်အိမ်ထောင်စုစာရင်းထဲမှာ မိသားစုမဟုတ်တဲ့ မဆိုင်သူတွေပါနေလို့ တစ်ချိန်ချိန်မှာ ဒါကိုအကိုးအကားလုပ်ပြီး ပိုင်ဆိုင်မှုအတွက်တောင်းဆိုမှုတွေ ရှိလာနိုင်သလားဆိုတဲ့ သိလိုချက်များရှိကြောင်း ကြားနေရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းလင်းပြောကြားစေလိုပါတယ်။

ဖြေ။ ။ သန်းခေါင်စာရင်းကောက်ယူတဲ့ မေးခွန်းပုံစံပါစာရွက်ဟာ အိမ်ထောင်စုစာရင်းစာရွက်မဟုတ်ပါဘူး။ အိမ်ထောင်စုစာရင်းဆိုတာက အတိုချုပ်ပြောရရင် အိမ်ထောင်ဦးစီး အဖေ၊ အမေ၊ သား/သမီးများစသည်ဖြင့် အိမ်မှာအတူနေတဲ့ မိသားစုဝင်တွေကို ဖော်ပြထားတာဖြစ်ပြီး သန်းခေါင်စာရင်းကောက်တဲ့ မေးခွန်းစာရွက်ကတော့ သန်းခေါင်စာရင်းရည်ညွှန်းချိန်မှာ ကိုယ့်အိမ်မှာရှိနေတဲ့ သူအားလုံးကို မှတ်တမ်းတင်တာဖြစ်လို့ ကိုယ့်အိမ်သားရော၊ ဧည့်သည်ရော၊ အိမ်ငှားတွေရော ပါနိုင်ပါတယ်။ သဘာဝမတူသလို အိမ်ထောင်စုစာရင်းလည်း မဟုတ်တာကြောင့် ပိုင်ဆိုင်မှုနဲ့လည်း မသက်ဆိုင်ပါဘူး။ ပိုင်ဆိုင်ကြောင်း သက်သေအထောက်အထားအဖြစ်လည်း အသုံးပြု၍ မရနိုင်ပါဘူးခင်ဗျာ။

မေး။ ။ ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ မေးခွန်းတွေကို ဘာလို့မေးတာလဲ၊ အခွန်ကောက်ဖို့လားဆိုပြီးသိချင်နေကြပါတယ်။ အဲဒါလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ သန်းခေါင်စာရင်းမေးခွန်းမှာပါတဲ့ ပိုင်ဆိုင်မှုဆိုတာ အိမ်ထောင်စုတစ်စုချင်းရဲ့ ပိုင်ဆိုင်မှုကို သိနိုင်တဲ့နိုင်ငံရဲ့ Wealth Index ကို ဖော်ထုတ်နိုင်ဖို့ ဖြစ်ပါတယ်။ မေးမြန်းချက်မှာ ရေဒီယို၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်း၊ စက်ဘီး၊ ထော်လာဂျီ၊ လှေ၊ လှည်း စသည်ဖြင့် ရှိပါသလားလို့ မေးထားပါတယ်။ ဘယ်နှခုရှိသလဲလို့ မမေးသလို ဘယ်ကရသလဲလို့ မမေးပါဘူး။ ဒါကြောင့် အခွန်ကောက်လို့လည်းမရပါဘူး။ သန်းခေါင်စာရင်းဥပဒေကလည်း အခွန်မကောက်ကြောင်း တရားဝင်ကာကွယ်ပေးထားပြီး ဖြစ်ပါတယ်။ ဒ့ါအပြင် ဒီမေးခွန်းမှာ တစ်ဦးချင်းရဲ့ ကိုယ်ပိုင်ပစ္စည်း ပိုင်ဆိုင်မှုတွေဖြစ်တဲ့ ရွှေဘယ်လောက်ရှိသလဲ၊ ငွေဘယ်လောက်ရှိသလဲ စတာတွေကိုလည်း မမေးတဲ့အတွက် စိုးရိမ်သောက ဖြစ်စရာမလိုပါဘူးခင်ဗျာ။

မေး။ ။ အခုကောက်မယ့် သန်းခေါင်စာရင်းမှာ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးအပေါ် အခြေခံတယ်။ တကယ်မြေပြင်မှာ အချို့လူမျိုးစုအမည်တွေမရှိဘူး၊ အမည်သစ်တွေလည်းရှိတယ်၊ နဂိုပါပြီး အမည်တွေကလည်း သတ်ပုံသတ်ညွှန်းလွဲနေတာတွေလည်းရှိတယ် စသည်ဖြင့် ပြောဆိုနေမှုတွေ ကြားရပါတယ်။ ဒါနဲ့ပတ်သက်လို့ ရှင်းပြပေးစေလိုပါတယ်။

ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ကြိုင်

ဖြေ။ ။ လက်ရှိပြောနေတဲ့ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးဆိုတာ အစဉ်အဆက် ဖော်ထုတ်ပြုစုလာခဲ့ကြတာပါ။ ၁၉၃၁ ခုနှစ် ဗြိတိသျှကိုလိုနီလက်ထက် သန်းခေါင်စာရင်း ကောက်ယူစဉ်ကတည်းက လူမျိုးစုအရေအတွက်ကို ဖော်ထုတ်လာခဲ့ကြပြီး အဆင့်ဆင့်တာဝန်ရှိအဖွဲ့အစည်းများက ညှိနှိုင်းဆုံးဖြတ် အတည်ပြုခဲ့ကြတာ ဖြစ်ပါတယ်။ ၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းကောက်စဉ်က တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကို အတည်ပြုခဲ့သလို ၁၉၈၃ ခုနှစ် ကောက်စဉ်ကလည်း အဲဒီ ၁၃၅ မျိုးအပေါ်မှာပဲ အခြေခံဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ အခုအချိန်ထိလည်း ပြင်ဆင်ဖြည့်စွက်ထပ်မံအတည်ပြုခဲ့တာမရှိသေးပါဘူး။ သို့သော်လည်း ဒီစာရင်းပဲ အမှန်ဖြစ်နေတယ်လို့ တရားသေဆုပ်ကိုင်ပြောဆိုခြင်း မဟုတ်ပါဘူး။ နှစ်ပေါင်း ၃၀ ကျော်ကြာသွားပြီဖြစ်လို့ ထပ်တိုးစဉ်းစားရမယ့် အမည်သစ်များရှိမလား၊ ပယ်ဖျက်ပစ်ရန်များရှိမလား။ သတ်ပုံသတ်ညွှန်းရော လွဲနေသလား စသည်ဖြင့် ပကတိအခြေအနေနဲ့ ကိုက်ညီအောင် ပြန်လည်ပြင်ဆင်နိုင်ဖို့ အခုလိုသန်းခေါင်စာရင်းကောက်ရတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါကြောင့် လွဲမှားနေပါတယ်လို့ ပြောစရာမလိုတော့ဘဲ တိုင်းရင်းသားပြည်သူများက ကိုယ့်လူမျိုးအမည်မှန်ကို ကိုယ့်ဆန္ဒအတိုင်းပြောခွင့်ရှိပြီး ပြောတဲ့အတိုင်း မှတ်တမ်းတင်ရေးသွင်းပေးမှာဖြစ်လို့ ထည့်မပြောတဲ့ အမည်စာရင်းတွေက အလိုလိုပျောက်သွားပြီး ထည့်ပြောတဲ့စာရင်းတွေက မှတ်တမ်းဝင်သွားမှာပါ။ သတ်ပုံသတ်ညွှန်း ပြင်ဆင်ချက်ကိုလည်း ပြောတဲ့အတိုင်းရေးသွားမှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်ဟာ ပြင်ဆင်ပေးတဲ့ လုပ်ငန်းစဉ်လို့ ပြောရမှာဖြစ်ပါတယ်ခင်ဗျ။

မေး။ ။ သန်းခေါင်စာရင်းကောက်မယ့်ကိစ္စနဲ့ပတ်သက်လို့ လူမျိုးစုများနဲ့ ကြိုတင်ညှိနှိုင်းခြင်းမလုပ်ခဲ့ဘူးလို့ ပြောဆိုမှုများလည်းရှိကြောင်း သိရပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ သိပါရစေ။

ဖြေ။ ။ ဒီနေရာမှာ နှစ်ပိုင်းရှိပါတယ်။ သန်းခေါင်စာရင်းမကောက်ခင် ကြိုတင်ညှိနှိုင်းခြင်းနဲ့ စာရင်းကောက်ပြီးနောက် လိုအပ်ရင် ပြန်လည်ပြင်ဆင်အတည်ပြုနိုင်ဖို့ ညှိနှိုင်းခြင်းဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ လက်ရှိကိန်းဂဏန်းဟာ အတည်ပြုထားပြီးဖြစ်လို့ ကနဦးအဆင့်စတင်အခြေခံတဲ့ သဘောဖြစ်ပါတယ်။ စာရင်းမကောက်ခင် ကြိုတင်ညှိနှိုင်းကြမယ်ဆိုရင် ပြင်ဆင်လိုတာ၊ ဖြည့်စွက်လိုတာ၊ နုတ်ပယ်လိုတာတွေနဲ့အငြင်းပွားပြီး လူတိုင်းရဲ့ဆန္ဒမပါနိုင်တဲ့အပြင် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်တဲ့အတွက် အကျိုးသက်ရောက်မှုမရှိနိုင်ဘူးလို့ ယူဆပါတယ်။ လက်ရှိ ဒီလုပ်ငန်းစဉ်ဟာ ရှိပြီးအခြေခံကိန်းဂဏန်းအပေါ် ပြန်လည် စိစစ်အတည်ပြုနိုင်ဖို့ ဆောင်ရွက်တာဖြစ်တာကြောင့် စာရင်းကောက်ပြီး အချက်အလက်တွေ ရလာတဲ့အခါကျမှ အဲဒီအချက်တွေအပေါ် ဘယ်နည်းဘယ်ပုံ ဆောင်ရွက်သင့်တယ်ဆိုတာကို လူစုံတက်စုံဝိုင်းဝန်းဆွေးနွေး အတည်ပြုကြရမယ့်ကိစ္စမျိုးသာ ဖြစ်ပါတယ်။ ဒ့ါအပြင် သန်းခေါင်စာရင်းမေးခွန်းများနဲ့ပတ်သက်ပြီး တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုတည်းနဲ့ ဆုံးဖြတ်ခဲ့ကြတာ မဟုတ်ပါဘူး။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ဒီအချက်အလက်တွေကို အသုံးပြုကြမယ့် အဖွဲ့အစည်းတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲ (Data User Workshop)များ ကြိမ်ဖန်များစွာဆောင်ရွက်ခဲ့သလို ပြည်တွင်းပြည်ပပညာရှင်များနဲ့လည်း အကြိမ်ကြိမ်ဆွေးနွေးတိုင်ပင်ပြီး သတ်မှတ်စံများအတိုင်း ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

မေး။ ။ သန်းခေါင်စာရင်းမှာ အသုံးပြုမယ့်လူမျိုးစု ဂဏန်းသင်္ကေတ (code)နဲ့ပတ်သက်လို့ နားမလည်မှုများရှိတယ်လို့ ကြားရပါတယ်။ ဒါနဲ့ပတ်သက်လို့ သိပါရစေ။

ဖြေ။ ။ ဂဏန်းသင်္ကေတ(code) သတ်မှတ်တယ်ဆိုတာ အသုံးပြုတဲ့ စက်ကိရိယာတွေက လက်ရေးစာသားတွေကို မဖတ်နိုင်တဲ့အတွက် ခသိန ဆိုတာကို သုံးရတာပါ။ ဒါကနည်းပညာ လုပ်ငန်းစဉ်တစ်ခုသာ ဖြစ်ပါတယ်။ ဂဏန်းသင်္ကေတကိုသုံးရင် စက်နဲ့ဖတ်နိုင်တာကြောင့် သိလိုတဲ့အချက်ကို အချိန်တိုတိုနဲ့ ဖော်ထုတ်နိုင်မှာဖြစ်ပြီး ဂဏန်းသင်္ကေတကိုမသုံးရင် လူပေါင်းသန်း ၆၀ကို တစ်ခုချင်းရေတွက်နေရမှာဖြစ်လို့ နှစ်ပေါင်းများစွာကြာမှ ကိန်းဂဏန်းအဖြေကို ဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ လူမျိုးစုတွေကို ကုတ်နံပါတ်ပေးတယ်ဆိုတာဟာလည်း စက်နဲ့ဖတ်ပြီး အရေအတွက်ကို အချိန်တိုနဲ့ ဖော်ထုတ်နိုင်အောင် ဆောင်ရွက်တာပါ။

မေး။ ။ နောက်မေးခွန်းတစ်ခုက လူမျိုးစုတစ်ခုမှာ လူမျိုးစုငယ် ၁၂ မျိုးရှိတယ်လို့သတ်မှတ်ထားပြီး မြေပြင်မှာ ခုနစ်မျိုးလောက်ပဲ ရှိတယ်လို့ပြောနေကြတာကြားရပါတယ်။ ဒါနဲ့ပတ်သက်လို့ သိပါရစေ။

ဖြေ။ ။ လူမျိုးစု ၁၂ မျိုးရှိနေတယ်ဆိုတာ ယခင်ရှိပြီးစာရင်းအရ ကနဦးမှတည်ရေးသားအခြေခံခဲ့တာဖြစ်ပါတယ်။ ယခုစာရင်းကောက်တဲ့အခါ ဖြေဆိုတဲ့သူက ကိုယ့်လူမျိုးအမှန်ကို ကိုယ့်ဆန္ဒအတိုင်း ဖြေခွင့်ရှိတာဖြစ်လို့ မရှိဘူးဆိုတဲ့ လူမျိုးအမည်ကို မဖြေကြတော့ဘူးဆိုရင် အဲဒီအမည်က အလိုအလျောက်ပျောက်သွားမှာဖြစ်ပါတယ်။ ယခင်ရှိပြီးသားကို အခြေခံခဲ့တာဖြစ်လို့ ဘာမှ မဖြေရသေးဘဲနဲ့ အတည်မပြုရသေးဘဲနဲ့ ကျွန်တော်တို့သဘောနဲ့ ဒီအမည်တွေကို ဖြုတ်ပစ်လိုက်လို့ မရပါဘူး။ ကျွန်တော်တို့မှာ ကိုယ့်သဘောနဲ့ကိုယ်လုပ်နိုင်တဲ့ အခွင့်အာဏာလည်းမရှိပါဘူး။ ဖြေတဲ့သူရှိရင်ထည့်မယ်။ ဖြေတဲ့သူမရှိရင် အလိုလိုပျောက်သွားမှာပါ။

မေး။ ။ နောက်တစ်ခုမေးလိုတာက ဥပမာ-(က)လူမျိုးစုမှာ မျိုးနွယ်စုပေါင်း ၄၀ ပါရှိမယ်ဆိုပါစို့။ စာရင်းကောက်တဲ့အခါဖြေတဲ့သူအားလုံးက (က) လူမျိုးလို့ပဲ ဖြေလိုက်မယ်ဆိုရင် သူ့ထဲမှာပါတဲ့ ကျန်မျိုးနွယ်စုတွေ မပါတော့ဘဲ (က)တစ်မျိုးတည်း ဖြစ်သွားမှာလား။ နောက်တစ်ခုက မျိုးနွယ်စုအမည်တွေချည်းပဲ ဖြေမယ်ဆိုရင် မူလလူမျိုး(က)ဆိုတာ ပျောက်သွားမှာလား ဆိုတာကို ရှင်းလင်းစွာသိလိုပါတယ်။

ဖြေ။ ။ (က)လူမျိုးလို့ပဲ အားလုံးဖြေမယ်ဆိုရင် အဲဒီအတိုင်းပဲ မှတ်တမ်းတင်သွားမှာ ဖြစ်ပါတယ်။ (က)လူမျိုးထဲမှာပါတဲ့ ကိုယ့်မျိုးနွယ်စုကို ကိုယ့်ဆန္ဒအရဖော်ထုတ်ပြောကြားမယ်ဆိုရင် (က) လူမျိုးထဲက ကိုယ့်မျိုးနွယ်စု အရေအတွက်ကိုပါ သိနိုင်မှာ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ မူလ(က)လူမျိုးအရေအတွက်မှာလည်း တစ်ပါတည်း တိုးလိုက်တာဖြစ်လို့ မျိုးနွယ်စုတစ်ခုချင်းရဲ့ အရေအတွက်ကို သိနိုင်သလို အဲဒါတွေအားလုံးပေါင်းထားတဲ့ (က) လူမျိုးစုတစ်ခုလုံးရဲ့ အရေအတွက်ကိုလည်း သိနိုင်မှာ ဖြစ်ပါတယ်။ သင်္ချာသဘောလို့လည်း ပြောရမှာဖြစ်ပါတယ်။ လူမျိုးစုအရေအတွက် တစ်ခုတိုးတိုင်း ပင်မလူမျိုးမှာလည်း တစ်ခုတိုးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပင်မလူမျိုးထဲမှာရှိတဲ့ လူမျိုးစုငယ်ကိုပဲဖြေရုံနဲ့ မူလပင်မလူမျိုး ပျောက်မသွားပါကြောင်း ဖြေကြားလိုပါတယ်။

စာမျက်နှာ ၁၀ သို့ ❖

ကျိုက္ကဆံ ကုန်စည်ပြပွဲ နှင့် ဈေးပြပွဲကြီး
(၂၈-၂-၂၀၁၄) မှ (၂-၃-၂၀၁၄) WINNER Ph : 095173076, 0949252518, 09250058306, 0950 31660
ကျိုက္ကဆံကွင်း (ဂွတ္တလစ်လမ်းဆုံ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးတစ်ပြိုင်တည်းလုပ်ဆောင်နိုင်ရန် ပြည်သူများကမျှော်လင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂) ရက် မြောက်နေ့ကို ယနေ့နံနက် (၁၀)နာရီတွင် အစီအစဉ် (၈)ခုဖြင့် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကက လစ်လပ်လျက်ရှိသော ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီအား ခန့်အပ် တာဝန်ပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတထံမှ ပေးပို့တင်ပြထားပြီး ကိုယ်ရေးမှတ်တမ်း မိတ္တူများကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း၊ အဆိုပါ ပုဂ္ဂိုလ်သည် သတ်မှတ်ထားသော အရည်အချင်း

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ် (၉)မှ ဦးအောင်မြင့်သိန်း။

များနှင့် မပြည့်စုံကြောင်းကို သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသူရှိပါက အမည်စာရင်းပေးပို့နိုင်ကြောင်း လွှတ်တော်သို့ အသိပေးသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ-၂(က)ပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းလျာထားချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးအောင်မြင့်သိန်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းမူနှင့် အခြေခံသဘောကို ရှင်းလင်းရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ၂၃၀ ကေဗွီ၊ မော်လမြိုင်-ကော့ကရိတ်-မြဝတီ ဓာတ်အားလိုင်းနှင့် ခွဲရုံစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ဖြည့်စွက်ဘတ်ဂျက်တွင် ထည့်သွင်းပေးမည့်အပြင် နိုင်ငံခြားချေးငွေမှလည်း ဆောင်ရွက်ပေးမည်ဟု ကတိပြုပြောကြားခဲ့သည့်အတွက် ဝမ်းမြောက်ရပါကြောင်း။

ကရင်ပြည်နယ်သည် ထူးခြားသည့် ဒေသတစ်ခုဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေးများကို အတူလုပ်ဆောင်ကြရာတွင် ယုံကြည်မှုများ ပိုမိုတည်ဆောက်ပြီး ခိုင်မာသောအပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးသို့ ဦးတည်ဆောင်ရွက်စေလိုပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်အတူ ဒေသဖွံ့ဖြိုးရေးကိုပါ တစ်ပြိုင်တည်း လုပ်ဆောင်နိုင်ရန် ပြည်သူများက မျှော်လင့်နေကြပါကြောင်း။

ထို့ကြောင့် ပြည်သူများယုံကြည်အားကိုးသော အမျိုးသားစီမံကိန်းကြီးဖြစ်စေရန် (၅)နှစ်စီမံကိန်းတွင် လျာထားခဲ့သည့်အတိုင်း ၂၃၀ ကေဗွီ၊ မော်လမြိုင်-ကော့ကရိတ်- မြဝတီ ဓာတ်အားလိုင်းနှင့် ခွဲရုံများစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ဘတ်ဂျက်တွင် (၆၀)ရာခိုင်နှုန်း မဖြစ်မနေ ထည့်သွင်း လျာထားသတ်မှတ်ပေးနိုင်ရန် ဒေသခံပြည်သူများကိုယ်စား တင်ပြအပ်ပါကြောင်းဖြင့်ဆွေးနွေးခဲ့သည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မြို့နယ်အဆင့် ဒေသအသီးသီးတွင် လျာထားမှုအား ညီညွတ်မျှတမှုရှိစွာ ပြန်လည်သုံးသပ်ရေးဆွဲရန် လိုအပ်ပါကြောင်း၊ လွှတ်တော်သည် ဥပဒေအရ တိုးပေး၍ မရ၊ ကျေးလက်ဒေသအတွက် ဖြတ်တောက်ခြင်းလည်း မပြုလုပ်လိုပါသဖြင့် စီမံကိန်းအဆိုပြုအဆင့်တွင် မျှတစွာ ပြန်လည်လျာထားနိုင်ရန် တိုက်တွန်းလိုပါကြောင်း ဖြင့် ဆွေးနွေးခဲ့သည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၅)မှ ဦးစောထွန်းမြအောင်က ၂၀၁၄-၂၀၁၅ ဘတ်ဂျက်အပြီးတွင် ဝါးဘိုးတော၊ ကမမောင်းလမ်းပြီးပါက ရန်ကုန်-ဝါးဘိုးတော-ကမမောင်း-ကတိုင်တိ- ဖာပွန် (၂၃၈)မိုင်ခရီးသည် ရန်ကုန်-ဖာပွန် နေ့ချင်းပေါက် (၇) နာရီဖြင့် အရောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ ကရင်ပြည်နယ် ဝါးဘိုးတော-ကမမောင်းလမ်း ကျန်(၁၉)မိုင်အား အဆင့်မြင့်ကတ္တရာလမ်းအဖြစ် လည်းကောင်း၊ ဖာပွန်မြို့ ရပ်ကွက်(၃)နှင့် (၄)ရှိ ဥပဓိရုပ်မကောင်းသည့် တံတားနှစ်စင်းကို အဆင့်မြင့် ကွန်ကရစ်တံတားအဖြစ်လည်းကောင်း အဆင့်မြှင့်ပြင်ဆင် တိုးမြှင့်ပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ထို့နောက် လွှတ်တော်နာယက က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ နောက်ဆက်တွဲ ၂(က)ပါ နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းလျာထားချက်များနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ကော်မတီများက အဆိုတင်သွင်းဆွေးနွေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

ယင်းသို့ဆွေးနွေးခဲ့ကြရာတွင် ပြင်ဆင်ချက်အဆိုပါရှိသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် သက်ဆိုင်ရာကော်မတီနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ကော်မတီအလိုက် အဆိုတင်သွင်းဆွေးနွေးခြင်း၊ ယင်းပြင်ဆင်ချက်အဆိုများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၌ပါရှိသော ဌာန၊ အဖွဲ့အစည်းနှင့် ခေါင်းစဉ်များအလိုက် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သဘောထားတင်ပြခြင်း၊ လွှတ်တော်၏ အဆုံး

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း။

အဖြတ်ရယူခြင်းနှင့် လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သည့်အတိုင်း ပြင်ဆင်ထားသည့်ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုခြင်းများဆောင်ရွက်မည့်နေ့ရက်ကို ထပ်မံအသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင်ရပ်နားခဲ့ပြီး အစည်းအဝေး (၁၃) ရက်မြောက်နေ့ကို ဖေဖော်ဝါရီ (၁၃) ရက် နံနက်(၁၀) နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လွှတ်တော်သို့လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ကျင်းပနေခြင်းကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပါတီအဖွဲ့ဝင် ၉၀ ဦးနှင့်ရန်ကုန်တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာနမှ ဆရာ ဆရာမများ၊ကျောင်းသားကျောင်းသူများ ၁၀၆ ဦးတို့သည်လည်းကောင်း၊ နေ့လယ်ပိုင်းတွင် အစည်းအဝေးခန်းမများနှင့် လွှတ်တော်အဆောက်အအုံများအား (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ရှမ်းပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင် ၁၃၉ ဦးတို့သည် လည်းကောင်း လာရောက်လေ့လာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မောင်းနှင်သူများ သတိပြုရန်

မော်တော်ယာဉ်မောင်းနှင်သူများအနေဖြင့် ယာဉ်မောင်းနှင် ရာတွင် သတ်မှတ်ထားသော သက်တမ်းရှိ ယာဉ်မောင်းလိုင်စင်နှင့် မော်တော်ယာဉ် သက်သေခံလက်မှတ်များ ယာဉ်နှင့်အတူတစ်ပါတည်းပါရှိရပါမည်။ ဌာနဆိုင်ရာပူးပေါင်း ပါဝင်သောအဖွဲ့များဖြင့် စစ်ဆေး၍ အရေးယူဆောင်ရွက်မည်ဖြစ်သောကြောင့် ယာဉ်မောင်းနှင်သူများအနေဖြင့် သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေဆောင်ရွက်သွားမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ် ဦးဆောင်သည့်အဖွဲ့တို့သည် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးကြသည်။**(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးမောင်မောင်သိမ်း၊ ဦးတီခွန်မြတ်၊ ဦးလှမြင့်ဦး၊ ဦးဌေးမြင့်၊ ကော်မတီအတွင်းရေးမှူး ဦးအေးမောက်၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးဉာဏ်ဆွေဝင်း၊ ဦးစိုင်းသီဟကျော်၊ဒေါ်ခင်စောဝေ၊ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူ၊ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစိုးနွယ်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဆွေတော် သမ္မတကြီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို မိမိတို့လွှတ်တော်က ကြိုဆိုပါကြောင်းနှင့် ယခုလို တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ကောင်းမွန်စွာ ကျင့်သုံးသည့်နိုင်ငံဖြစ်ပြီး ဂျာမနီနိုင်ငံသားများသည် စိတ်ဓာတ်နှင့်စည်းကမ်းကောင်းမွန်ကြသူများဖြစ်၍ နမူနာယူစရာဖြစ်ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံသည်ပါတီစုံဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးလျက်ရှိရာ တစ်ချိန်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ခဲ့သည့် နိုင်ငံများအနေဖြင့် ပိတ်ဆို့မှုများ လျှော့ချပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှု ပြုလုပ်နေပြီး ဂျာမနီနိုင်ငံနှင့်ဆက်ဆံရေးတိုးတက်လာချိန်၌ အဆွေတော် သမ္မတကြီး၏ခရီးစဉ်သည် များစွာအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော် သမ္မတကြီးအနေဖြင့် မြန်မာနိုင်ငံအပေါ် ကြွေးမြီလျှော့ပေးမည်ဆိုသည့် သတင်းကောင်းကြားသိရ၍ မိမိတို့ ဝမ်းမြောက်ပါကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်သည် လွယ်ကူသောကိစ္စမဟုတ်သော်လည်း အခက်အခဲများကို ရင်ဆိုင်ကျော်လွှားသွားရန် ဆုံးဖြတ်ထားပါကြောင်း၊ အဆွေတော် သမ္မတကြီး လာရောက်ခြင်းသည် မိမိတို့အတွက်များစွာ အားတက်စရာဖြစ်၍ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် များစွာ ကူညီဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် အတိတ်ကမြန်မာနိုင်ငံ သမိုင်းဖြစ်ရပ်များအပေါ် သင်ခန်းစာယူပြုပြင်ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ သမိုင်းသင်ခန်းစာအရ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိဘဲ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ထူထောင်၍ မရနိုင်ဟု နားလည်ပါကြောင်း။

မိမိတို့လွှတ်တော်အတွင်း၌ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းမည့်ကိစ္စရပ်များကို ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဒေသစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့် အယူဘာသာအစွဲမထားဘဲ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊လွှတ်တော်တွင်း၌ နိုင်ငံရေးပါတီ ၁၉ ခုမှ ကိုယ်စားလှယ်များပါဝင်လျက်ရှိပါကြောင်း၊ ယခုအချိန်တွင် မိမိတို့အနေဖြင့် ပါတီတစ်ခုနှင့်တစ်ခု ရန်ဘက်ကဲ့သို့သဘောမထားဘဲ မိတ်ဖက်အဖြစ် သဘောထားဆောင်ရွက်နေပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံ သမ္မတက ယခုလို မိမိတို့လာရောက်ခြင်းသည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို လာရောက်ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ မိမိတို့ဘက်ကလည်း မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ထောက်ခံကူညီအားပေးနေမည်ဖြစ်ပါကြောင်း၊ မိမိနှင့်အတူ ဂျာမနီအစိုးရအဖွဲ့ဝင်နှင့် စီးပွားရေးလုပ်ငန်းရှင်များ လိုက်ပါလာကြောင်း၊ ယနေ့ ဂျာမနီနိုင်ငံဘက်မှ ကြွေးမြီများ လျှော့ချပေးခြင်း၊ ပေးဆပ်ရမည့်အချိန်တိုးမြှင့်ပေးခြင်းများ သဘောတူကြောင်း စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ဂျာမနီစီးပွားရေးကိုယ်စားလှယ်အသင်း ရုံးခန်းကိုလည်း ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းကို ရွေးကောက်ပွဲအမီဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မီဒီယာလွတ်လပ်ခွင့်၊ နိုင်ငံရေးပါတီများစွာပေါ်ပေါက်လာခြင်း၊ ပဋိပက္ခဖြစ်သောအဖွဲ့များအကြား ညှိနှိုင်း၍ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရန်ကြိုးပမ်းခြင်းများသည် အလွန်ထူးခြားကောင်းမွန်ကြောင်းမိမိအနေဖြင့် အဆွေတော်တို့ ဆောင်ရွက်နေသော ကောင်းမွန်သော လုပ်ဆောင်ချက်များ အောင်မြင်စေရေး ဆုမွန်ကောင်းတောင်းလိုပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဂျာမနီနိုင်ငံ သမ္မတသည် ပြည်ထောင်စုလွှတ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးခဲ့သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတနှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်နှင့် ဇနီး မစ္စစ်ဒါနီလာရှတ်တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာရာ နေပြည်တော်သို့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကြသည်။

ဧည့်သည်တော် ဂျာမနီနိုင်ငံသမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

အလားတူ ဧည့်သည်တော်သမ္မတနှင့်ဇနီးတို့အား ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်၍လည်းကောင်း၊ ဂုဏ်ပြုတပ်ဖွဲ့က အလေးပြု၍လည်းကောင်း၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်လမ်းဘေးဝဲ၊ ယာမှ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ထိရောက်သည့်အကျိုးရလဒ်များကို ရရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အောင်မြင်စေရန် မိတ်ဆွေနိုင်ငံဖြစ်သည့် ဂျာမနီနိုင်ငံက ထောက်ခံကူညီပေးနေသည့်အတွက်လည်း များစွာအားတက်မှုဖြစ်ရသကဲ့သို့ ကျေးဇူးလည်းအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစပြီး ပထမဦးဆုံးအကြိမ်အဖြစ် ထမ်းဆောင်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းတည်ထောင်ရေးလမ်းပြမြေပုံအကောင်အထည်ဖော်ရာတွင် ကျန်ရှိနေသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ရင်း အာဆီယံ၏ဦးတည်ချက်များ ပြည့်မီရေးကို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီး၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံတည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရုံသာမက အနာဂတ်ကာလတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုတိုးမြှင့်ခိုင်မာစေမည်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဂျာမနီနိုင်ငံသမ္မတက မိမိလာရောက်ရသည့်အကြောင်းရင်းမှာ ယခုပစ္စုပ္ပန်ကာလတွင် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဖော်ဆောင်နေမှုများကို ဂုဏ်ပြုချီးကျူးရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ဂျာမနီနိုင်ငံက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊

မိမိ၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာရေးအတွက် အထောက်အကူပြုမည့် ခရီးစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် သမိုင်းဝင်သောအသွင်ကူးပြောင်းမှုတစ်ခုဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းအသီးသီးကလည်း မြန်မာနိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကို အလေးထားစောင့်ကြည့်နေပါကြောင်း၊ မြန်မာနိုင်ငံတွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုများ၊ နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးခြင်း၊ ယခင်က တားမြစ်ထားသော နိုင်ငံရေးပါတီများအား ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲရေးအတွက် အစပြုခြင်း စသည့် အပြုသဘောဆောင်ပြောင်းလဲမှုများ ဖြစ်ပေါ်နေပါကြောင်း။

ယင်းကဲ့သို့ ပြောင်းလဲမှုဖြစ်စဉ်များသည် တစ်ခါတစ်ရံတွင် လွယ်ကူမှုမရှိသော်လည်း ပိုမိုကောင်းမွန်သည့်အနာဂတ်အတွက် လမ်းစကောင်းတစ်ခုဖြစ်ပါကြောင်း၊ ဂျာမနီနိုင်ငံက မြန်မာနိုင်ငံကို ဤခက်ခဲသော ခရီးလမ်းတွင်လည်း အထောက်အကူပေးလိုပါကြောင်းဖြင့် ပြောကြားသည်။

နေ့လယ်စာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်ဂျာမနီသမ္မတတို့သည် ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများပေးအပ်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့နှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့မှ သံအမတ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့် ပြည်သူ့လွှတ်တော်တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်သည် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် ယနေ့ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ တွေ့ဆုံခဲ့သည်။**(ယာပုံ)**

တွေ့ဆုံအပြီးတွင် သတင်းထောက်များနှင့် တွေ့ဆုံရာ ပြည်တွင်း၊ ပြည်ပသတင်းထောက်များက သိရှိလိုသည်များကိုမေးမြန်းကြပြီး ဂျာမနီနိုင်ငံ သမ္မတနှင့် ဒေါ်အောင်ဆန်းစုကြည်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

အိမ်ထောင်စုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းစစ်တမ်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိက စက်မှုကဏ္ဍတိုးမြှင့်ရေးစစ်တမ်းတို့ကို ဗဟိုစာရင်းအင်းအဖွဲ့မှ ဖေဖော်ဝါရီလနောက်ဆုံးပတ်တွင် ကောက်ယူမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစာရင်းအင်းအဖွဲ့သည် အိမ်ထောင်စုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းစစ်တမ်းနှင့် မြန်မာနိုင်ငံပုဂ္ဂလိကစက်မှုကဏ္ဍတိုးမြှင့်ရေးစစ်တမ်းတို့ကို ယခုနှစ် ဖေဖော်ဝါရီလနောက်ဆုံးပတ်မှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် ကောက်ယူမည်ဖြစ်သည်။

တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်အလိုက် မြို့မ/ကျေးလက်ခွဲခြား၍ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ အခြေအနေကိုသိရှိနိုင်ရန် တိမ်မြုပ်နေသောတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်း (Informal Sector Business) များကို သိရှိခြင်းဖြင့် တိုင်းပြည်၏ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှု(GDP) ပိုမိုပြည့်စုံစွာရရှိနိုင်ရန်၊ တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများ (National Accounts)ကို အခြားနိုင်ငံများနည်းတူ 2008 SNA စနစ်ဖြင့် တွက်ချက်နိုင်ရန်အတွက် အထောက်အကူပြုစာရင်းများရရှိနိုင်ရန် ရည်ရွယ်၍ အိမ်ထောင်စုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းစစ်တမ်းကို နမူနာမြို့နယ်ပေါင်း ၈၂ မြို့နယ်တွင် နမူနာအိမ်ထောင်စုပေါင်း ၃၂၈၀၀ ကို ရွေးချယ်ကြာ စစ်တမ်းကောက်ယူမည်ဖြစ်သည်။ ဖော်ပြပါ စစ်တမ်းကို ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများက ကြီးကြပ်၍ သက်ဆိုင်ရာဒေသရှိ ယာယီစာရင်းကောက်များက ပါဝင်ကောက်ယူမည်ဖြစ်သည်။

ထို့ပြင် ပုဂ္ဂလိကစက်မှုကဏ္ဍဖွံ့ဖြိုးလာစေရေးအတွက် ဒေသအသီးသီးရှိ စက်မှုဇုန်များ၏ တိုးတက်မှုကို စဉ်ဆက်မပြတ်လေ့လာ၍ ထောက်ကူမှုများဆောင်ရွက်ရန်၊ စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တွက်ချက်ရာတွင် အထောက်အကူဖြစ်စေရန်၊ ကုန်ချောထုတ်လုပ်မှု၊ ကုန်ကြမ်းသုံးစွဲမှု၊ လျှပ်စစ်ဓာတ်အားနှင့် အခြားလောင်စာဆီသုံးစွဲမှု၊ အလုပ်သမားများ၏ ပညာအဆင့်အတန်းနှင့်ကျွမ်းကျင်မှု၊ စသည့်အချက်အလက်များ သိရှိရန်၊ စက်စွမ်းအားအသုံးချမှု၊ ပိုင်ဆိုင်မှု၊ တိုးမြှင့်ထုတ်လုပ်နိုင်မှုအလားအလာနှင့်အဓိကလိုအပ်ချက်များကို သိရှိရန်နှင့် နိုင်ငံခြားငွေကို သက်သာစေမည့်သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပို့ကုန်မြှင့်တင်ပေးမည့်လုပ်ငန်းများကို ဖော်ထုတ်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံပုဂ္ဂလိကစက်မှုကဏ္ဍတိုးမြှင့်ရေးစစ်တမ်းကို ပြည်နယ်နှင့်စက်မှုဇုန် ၂၉ ဇုန်မှ ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းအားလုံးကို အပြည့်ကောက်ယူသောနည်း(Complete Enumeration) စနစ်ဖြင့် လုပ်ငန်းပေါင်း ၉၁၃၀ ကို ကောက်ယူမည်ဖြစ်ရာ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများက ကြီးကြပ်၍ စက်မှုဇုန်အသီးသီးရှိ ဇုန်တာဝန်ခံရုံးဝန်ထမ်းများက စာရင်းကောက်ယူရေးလုပ်ငန်းကို ပံ့ပိုးဆောင်ရွက်ပေးကြမည်ဖြစ်သည်။

ကောက်ယူပြီးသော စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များကို အထူးလျှို့ဝှက်ထားမည်ဖြစ်ပြီး မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းဌာနကိုမှ တစ်ဦးချင်း အချက်အလက်ကို ထုတ်ပြန်ပေးမည်မဟုတ်ဘဲ တစ်နိုင်ငံလုံးကိုယ်စားပြုအဖြစ် ပျမ်းမျှအချက်အလက်များကိုသာ ထုတ်ပြန်သွားမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီပြည်သူကို ဗဟိုပြုစီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရန်နှင့် မှန်ကန်တိကျသော အခြေခံစာရင်းအင်းအချက်အလက်များ ရရှိနိုင်ရန်အတွက် ဖော်ပြပါစစ်တမ်းနှစ်မျိုးကို ကောက်ယူမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံ၏ လူမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှုပပျောက်ရေး၊ စီးပွားရေးတိုးတက်မြင့်မားလာစေရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသော အချက်အလက်များဖြစ်ပါသဖြင့် ပြည်သူလူထုများက ပူးပေါင်းပါဝင်ကူညီပေးကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

ထာဝစဉ် မမေ့အပ်သော ပြည်ထောင်စုစိတ်ဓာတ်

လှလေးစိန် (ရွှေလုံးမြေ)

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာ မှီတင်းနေထိုင်သည့်နိုင်ငံမဟုတ်ပေ။ လွတ်လပ်ရေးကြိုးပမ်းမှုတွင်လည်း တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းက ကြိုးပမ်း၍ အောင်မြင်ခဲ့ခြင်းမဟုတ်ပေ။ တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ စည်းလုံးညီညွတ်မှုဖြင့် တစ်စိတ်တစ်ဝမ်းတည်း လွတ်လပ်ရေးရခဲ့ခြင်းဖြစ်သည်။ ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု၊ ရိုင်းပင်းကူညီမှု၊ အပြန်အလှန်အမှီသဟဲပြုမှု၊ သည်းခံခွင့်လွှတ်မှု၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဟူသော မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံလျက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွင်း သုခ၊ ဒုက္ခဟူသမျှကို မျှဝေခံစားရင်း ပေါင်းစည်းရောယှက်နေထိုင်လာခဲ့ကြသည်မှာ သမိုင်းဦးအစကာလမှသည် ယနေ့ထက်တိုင်ပင်ဖြစ်သည်။

“ပြည်ထောင်စု”ဟူသော ဝေါဟာရသည် မြန်မာစာ၊ မြန်မာမှု၊ မြန်မာပြည်သူလူထုအတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းမှတ်တမ်းတင်အပ်သော စကားရပ်ဖြစ်ပေသည်။ သမိုင်းအစဉ်အလာအရလည်း “မြန်မာ” နှင့် “ပြည်ထောင်စု”သည် ရေကိုသားလျှင် အကြားမထင်သကဲ့သို့ အစဉ်မပြတ်တစ်ဆက်တစ်စပ်တည်းဖြစ်ပေသည်။ သမိုင်းရှုထောင့်၊ စာပေရှုထောင့်မှ ပြည်ထောင်စုဝေါဟာရဖြစ်တည်လာပုံကို စေ့စုံစွာပြုစုထားခြင်းမှ သိရသည်မှာ ပြည်ထောင်စုဟူသည် ပုဂံခေတ်မှပင် စတင်ခေါ်ဝေါ်ခဲ့ပြီးခရိုင်၊ တိုင်းဒေသ စုစည်းပြီးမှသာ ပြည်၊ နိုင်ငံဖြစ်လာရပြန်သည်။ အနော်ရထာခေါင်းဆောင်မှုဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့်တိုင်းရင်းသားများဖြင့် စည်းလုံးညီညွတ်ခြင်းဖြစ်သော ပြည်ထောင်စုကြီးတစ်ရပ် တည်ဆောက်ခဲ့သည်ဟူသော အဆိုတစ်ရပ်ကို မှတ်ကျောက်တင်နိုင်ပေသည်။ ထို့အတူ တောင်ငူခေတ် ဘုရင့်နောင်လက်ထက်တွင်လည်းကောင်း၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားကြီး ဦးအောင်ဇေယျလက်ထက်တွင်လည်းကောင်း တိုင်းရင်းသားများကို စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်တည်ဆောက်၍ ပြည်တွင်းပြည်ပရန်များကို ချေမှုန်းရေးအတွက် လက်တွေ့ကျကျ အသုံးချခဲ့ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ရှေးပဝေသဏီကစ၍ သွေးရင်းသားရင်း တစ်အူထုံ့ဆင်း ညီအစ်ကိုတိုင်းရင်းသားများ ဖြစ်သည့်နည်းတူ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း အေးအတူပူအမျှ အတူတကွ ပူးပေါင်းလုပ်ကိုင်နေထိုင်ခဲ့ကြသည်။

မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းရာတွင်လည်း တောင်တန်းမြေပြန့်အားလုံး တစ်ချိန်တည်း လွတ်လပ်ရေးရရှိရေးအတွက် နယ်ချဲ့တို့နှင့် အားပြိုင်ခဲ့ရသေးသည်။ တိုင်းရင်းသားအားလုံး လွတ်လပ်ရေးနှင့်စပ်လျဉ်း၍ တစ်စိတ်တည်း တစ်ဝမ်းတည်း တစ်ထပ်တည်းကျသော သဘောထားဆန္ဒကို ဖော်ပြခဲ့ကြသည်။ ထိုဆန္ဒကို အခိုင်အမာပြသရန် ပင်လုံညီလာခံကို ကျင်းပနိုင်ခဲ့သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်ခရိုင်အတွင်းရှိ ပင်လုံမြို့တွင် ကျင်းပသော တိုင်းရင်းသားပေါင်းစုံကိုယ်စားလှယ်ကြီးများ၏ ညီလာခံကို ပင်လုံညီလာခံဟု ဂုဏ်ပြုခေါ်ဝေါ်ခဲ့ကြသည်။

ပင်လုံညီလာခံကို နှစ်ကြိမ်ကျင်းပခဲ့သည်။ ပထမပင်လုံညီလာခံကို ၁၉၄၆ ခုနှစ် မတ်လ ၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည်။ ရှမ်း၊ ကချင်၊ ချင်း၊ ကယားတိုင်းရင်းသားခေါင်းဆောင်များတက်ရောက်ခဲ့ကြသည်။ ပထမပင်လုံညီလာခံတွင် တက်ရောက်သူအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်နိုင်ခဲ့ကြသည်။ နောင်နှစ်တွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံဆွေးနွေးပြီး မိမိတို့နိုင်ငံအနာဂတ်ကောင်းမွန်ရေးအတွက် အဖြေရှာကြရန် သဘောထားညီမျှခဲ့ကြသည်။

ဒုတိယပင်လုံညီလာခံဖြစ်သည့် ပိုမိုလေးနက်ကျယ်ပြန့်သော ပင်လုံညီလာခံကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကျင်းပကာ ၁၂ ရက်တွင် ပင်လုံသဘောတူညီချက် (စာချုပ်) ကို တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ပင်လုံညီလာခံကြီးသို့ ဗြိတိသျှတောင်တန်းဒေသဆိုင်ရာ မဟာမင်းကြီးနှင့် လန်ဒန်အစိုးရနှင့် ကိုလိုနီဆိုင်ရာ အတွင်းဝန်တို့အကဲခတ်ရန် လာရောက်ခဲ့ကြသည်။ ညီလာခံရက်များအတွင်း တောင်တန်းဒေသမှ တိုင်းရင်းသားများအား ပြည်မနှင့်အတူ လွတ်လပ်ရေးမယူဘဲ ဒိုမီနီယံအဆင့်ဖြင့် ချန်နေရစ်ရန် သွေးဆောင်ခဲ့ကြသေးသည်။

နယ်ချဲ့တို့က ညီလာခံကျင်းပနေသည့် ရက်ပိုင်းတစ်လျှောက် မည်သို့ပင် သွေးခွဲသပ်လျှို စည်းရုံးသိမ်းသွင်းကြစေကာမူ လွတ်လပ်ရေးကို ချစ်မြတ်နိုးသော တိုင်းရင်းသားခေါင်းဆောင်ကြီးများက ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို တညီတညွတ်တည်းလက်မှတ်ရေးထိုးလိုကြသည်။ ထိုနေ့သည် ပြည်ထောင်စုဖွား သွေးချင်းသားရင်း တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာမော်ကွန်းထိုးနိုင်ခဲ့သောနေ့ဖြစ်သည်။ တစ်နည်းအားဖြင့် ပြည်ထောင်စုသန္ဓေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စုအမွေကို လက်ဆင့်ကမ်းပေးလိုက်သောနေ့ပင်ဖြစ်သည်။

ပင်လုံညီလာခံ၏ အောင်မြင်မှု၊ စည်းလုံးညီညွတ်မှုသည် နယ်ချဲ့သမားများကို အံ့အားသင့်စေခဲ့သည်။ တုန်လှုပ်စေခဲ့သည်။ မိမိတို့ကို နှစ်ပေါင်း ၁၀၀ ကျော် သွေးခွဲထားခဲ့သော်လည်း ပင်လုံ၌ပြုလုပ်သော မြန်မာပြည်ထောင်စုတည်ထောင်မည့် ပင်လုံအဓိဋ္ဌာန်ကို မသက်မသာဖြင့် လက်မှိုင်ချခဲ့ကြရသည်။ နိုင်ငံတော်၏ အတိတ်သမိုင်းကို ပြန်လည်ဆန်းစစ်လျှင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့သည့် အချိန်အခါမျိုးတွင် ဘေးဒုက္ခအန္တရာယ်များနှင့် ရင်ဆိုင်တွေ့ကြုံရတတ်ပြီး အချင်းချင်းမညီညွတ်မှုကို အခွင့်ကောင်းယူ၍ ပြင်ပပယောဂများဝင်ရောက်ရာမှ လွတ်လပ်ရေးပင် ဆုံးရှုံးခဲ့ရပါသည်။ သို့ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုများ ခိုင်ခိုင်မာမာရရှိလာသည်နှင့်တစ်ပြိုင်နက် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ရယူနိုင်ခဲ့သည်မှာ မမေ့သင့်သော သမိုင်းကပေးသည့် သင်ခန်းစာများဖြစ်သည်။ ပင်လုံစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခိုင်အမာဖော်ညွှန်းခဲ့သည့် ဖေဖော်ဝါရီ ၁၂ ရက်ကို ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်ပြီး (၆၇)နှစ်ပြည့်ကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ဤကဲ့သို့အချုပ်အခြာအာဏာပိုင် လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို စတင်သန္ဓေတည်ပေးနိုင်ခဲ့သည့် ပြည်ထောင်စုနေ့သည် တိုင်းရင်းသားလူမျိုးများအားလုံးအတွက် ထူးခြားမွန်မြတ်ပြီး ပြည်ထောင်စုအမွေအမျိုးသားရေးအနှစ်သာရများဖြင့် ပြည့်ဝနေသော သမိုင်းဝင်နေ့ထူးနေ့မြတ်ဖြစ်ရာ ပြည်ထောင်စုနေ့အဓိပ္ပာယ်နှင့် အနှစ်သာရကို သားစဉ်မြေးဆက်ထာဝရတန်ဖိုးထားပြီး တည်ဆောက်မြှင့်တင်နေကြရမည်သာဖြစ်သည်။

> **ပြည်ထောင်စုစိတ်ဓာတ် ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်စုတည်းပင်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်။**

ပြည်ထောင်စုစိတ်ဓာတ်ဟူသည် ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်ထောင်စုတည်းပင်ဟု စွဲမြဲခိုင်မာစွာ လက်ခံမှတ်ယူထားသော သဘောထားခံယူချက်ပင်ဖြစ်သည်။ မျိုးရိုးသံယောဇဉ်၊ ဒေသသံယောဇဉ်တို့ဖြင့် ရစ်ပတ်ဖွဲ့နှောင်လျက် အမျိုးကို စောင့်ရှောက်လိုမှု၊ အမျိုးကို ချီးမြှောက်လိုမှု တည်းဟူသော မျိုးချစ်စိတ်ဓာတ်အပေါ် အခြေခံသည်။ ပြည်ထောင်စုသားအချင်းချင်းတစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီလိုခြင်း၊ အခက်အခဲတွေ့ကြုံလျှင် ကူညီဖြေရှင်းပေးလိုခြင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ အချင်းချင်းစာနာထောက်ထားလိုခြင်းနှင့် နားလည်ခွင့်လွှတ်သည်းခံတတ်ခြင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၏ ကောင်းမြတ်သော အခြေခံများဖြစ်ကြသည်။ အရေးကြီးဆုံးမှာ ပင်ကိုစိတ်ထားကောင်းရှိခြင်းနှင့် ရိုးသားဖြူစင်ဖြောင့်မတ်ခြင်းတို့ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတများပေါများကြွယ်ဝပြီး ရေမြေရာသီဥတုအခြေခံကောင်းများဖြင့် ပြည့်စုံသောနိုင်ငံဖြစ်သည်။ ထို့အတူ မြန်မာတို့သည် အမျိုးကိုချစ်သော၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားသော၊ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာကောင်းများဖြင့် ပြည့်စုံသောလူမျိုးဖြစ်သည်။ သိပ္ပံနှင့် နည်းပညာရပ်များ တစ်ဟုန်ထိုးတိုးတက်မြင့်မားလာမှုကြောင့် တစ်ကမ္ဘာလုံး ဆက်စပ်လွှမ်းခြုံနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူအားလုံးတို့က မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား ပိုမိုခိုင်မာတောင့်တင်းအောင် ကြိုးပမ်းအားထုတ်ကြရပေသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ရှေးရှုပြီးနယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းရင်းသားပြည်သူများအတွက် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိနေသည်။

ထို့ကြောင့် ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နှစ်ပရိစ္ဆေဒကြာမြင့်စွာ ရင်းနှီးချစ်ကြည်ပေါင်းစည်းယှက်နွယ်နေထိုင်လာခဲ့ကြသည့် အစဉ်အလာကောင်းများနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တင့်တယ်ဝင့်ထည်စွာ ရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စု၏ သန္ဓေ၊ ပြည်ထောင်စု၏ အမွေ၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ပြည်ထောင်စု၏ အနှစ်သာရများကို လက်ဆင့်ကမ်းသယ်ဆောင် ထိန်းသိမ်းသွားကြရန် နိုင်ငံသူ နိုင်ငံသား၊ ပြည်သူ ပြည်သားတိုင်းတွင် တာဝန်ကိုယ်စီရှိကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်ကို မည်သည့်အခါမျှ အစဉ်မမေ့အပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင်တည်ဆောက်ရေး။

(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

ညီနောင်ထုကြီး၏ ပြည်ထောင်စုခရီး

➢ တစ်မြေတည်းနေ
တစ်ရေတည်းသုံး
အားလုံး မြန်မာ
သွေးရင်းချာတည့်။

➢ ညီနောင်ရင်းကြား
ဓားကို ဓားချင်း
မြားကို မြားချင်း
တုံ့ပြန်နှင်းသော်
အခင်းဖြစ်ပွားပေတော့မည်။

➢ သွေးရင်းမှန်ပြား
လှံကို လှံချင်း
ရန်တုံ့နှင်းသော်
ချစ်ခြင်း ဝေးကွာပေတော့မည်။

➢ သားချင်းမှန်လတ်
သေနတ်ကိုင်စွဲ
ဖြေရှင်းပွဲသည်
စစ်ပွဲကိုသာ ဖြစ်စေမည်။

➢ ‘ဓား’ကိုဘေးထား၊ ဆို‘စကား’နဲ့
ကြားနှစ်ဖက်ချ
ညှိနှိုင်းကြပါလျှင်----။

➢ လှံကို ဖယ်၊ မာန်ကို ပယ်
အမှတ်တကယ်ထက်သန်
မျိုးချစ်မာန်နှင့်
ပြန်လှန်ဆွေးနွေးကြပါလျှင်-----။

➢ ရန်ပွဲတွေ ရပ်ပစ်
သေနတ်တွေ စွန့်ပစ်
စစ်ပွဲတွေ ရပ်သိမ်း
ငြိမ်းချမ်းရေးကို လိုချင်ပြီ။

➢ အေးအတူ ပူအမျှ
အပေးအယူ အတူတကွ စုစည်း
ဉလည်း မကွဲ၊ သိုက်လည်း မပျက်
တွဲလက်ခိုင်ကျည်၊ အားသစ်တည်ရင်း
ညီနောင်ထုကြီး၊ ပြည်ထောင်စုခရီး
တည်ထောင်မှုကြီး အောင်စေသတည်း။ ။

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်-----။

မျိုးမြတ်မြတ်မြင့်မောင်

◆ စာမျက်နှာ ၆ မှ

မေး။ ။ လူမျိုးသင်္ကေတ ၁၃၅ မျိုးထဲမှာ မပါတဲ့သူတွေကို အခြားဆိုတဲ့ codeထဲမှာ ထည့်မယ်ဆိုရင် သူတို့အနေနဲ့ ဘာတွေကွာခြားနိုင်ပါသလဲခင်ဗျာ။

ဖြေ။ ။ တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးကို ဂဏန်းသင်္ကေတပေးတယ်ဆိုတာက ရှိပြီးသား၊ အတည်ပြုပြီးသားဖြစ်လို့ အဲဒီအမည်အတိုင်း ဝင်လာတဲ့ဟာဆိုရင် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် စက်နဲ့ဖတ်နိုင်အောင် ဂဏန်းသင်္ကေတပေးရတဲ့သဘောပါ။ အဲဒီ ၁၃၅ မျိုးထဲမှာမပါတဲ့ အမည်မျိုးကို စာရင်းကောက်တဲ့အခါကျမှ သိရမှာဖြစ်လို့ ဘယ်ဂဏန်းသင်္ကေတကို ကြိုပေးရမှာလဲ။ ကျွန်တော်တို့ကမသိဘဲ မည်ကဲ့သို့ ဂဏန်းသင်္ကေတပေးရမှာလဲ။ အဲဒီတော့ ၁၃၅မျိုးကလွဲပြီး ပြောသမျှအသစ်တွေကို "အခြား" ထဲမှာထည့်ပေးလိုက်ရင် ဘယ်လူမျိုးမှ မကျန်တော့ဘူးပေါ့။ အားလုံးပြီးတဲ့အခါ အသစ်ပေါ်လာတဲ့လူမျိုးတွေကို ဖော်ထုတ်ပြီး ပါဝင်ပတ်သက်သူအားလုံး စုံစုံညီညီနဲ့ ဘယ်အုပ်စုမှာ ထည့်မယ်၊ ဘယ်လိုလုပ်ရမည်ဆိုတာ ဆက်လက်ဆုံးဖြတ် အတည်ပြုရမယ့်ကိစ္စပါ။ ဘာအခွင့်အရေးမှ မဆုံးရှုံးပါဘူး။

မေး။ ။ မီဒီယာအချို့မှာ လူမျိုးမေးခွန်းမေးတဲ့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ထိခိုက်တယ်လို့ ဝေဖန်မှုအနည်းငယ်ကြားရပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ရော ရှင်းပြပေးနိုင်မလားခင်ဗျာ။

ဖြေ။ ။ ကျွန်တော်တို့နိုင်ငံမှာ သန်းခေါင်စာရင်း မကောက်နိုင်တာ နှစ်ပေါင်း ၃၀ ကျော်ကြာပါပြီ။ ပဋိပက္ခနယ်မြေတွေမှာဆိုရင် ဒီထက်မက ပိုပြီးကြာပါတယ်။ နှစ် ၃၀ ကျော်ကြာမှ ပြန်လည်ကောက်ယူမယ့် ဒီအစီအမံမှာ အငြင်းပွားနေတဲ့ လူမျိုးစုအရေးအတွက်ကို ချန်လှပ်ထားမယ်ဆိုရင် နောင် ၁၀နှစ်အထိ ဒီပုံစံအတိုင်းပဲရှိနေမှာဖြစ်ပြီး ဖြေရှင်းပေးရာမရောက်ဘဲ လျစ်လျူရှုသလိုဖြစ်နေမှာပေါ့။ ဒါကြောင့် လူမျိုးမေးခွန်းကို ချန်လှပ်မထားသင့်ဘူးလို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ဒ့ါအပြင် အခု သန်းခေါင်စာရင်းလုပ်ငန်းဟာ နိုင်ငံတကာစံချိန်စံညွှန်းနဲ့ လူ့အခွင့်အရေးအပေါ် အခြေခံပြီး လူဦးရေနဲ့ဖွဲ့စည်းမှုကို ဖော်ဆောင်တဲ့လုပ်ငန်းစဉ်လည်းဖြစ်ပါတယ်။

သန်းခေါင်စာရင်းကြောင့် လူဦးရေစုစုပေါင်းကို အသက်အရွယ်အလိုက်၊ ကျား မ အလိုက်၊ ဒေသအလိုက် သိရှိဖော်ထုတ်နိုင်သလို မည်သည့်လူမျိုးစုတွေနဲ့ ဖွဲ့စည်းထားတယ်ဆိုတာကိုလည်း သိနိုင်မှာဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မတူကွဲပြားခြားနားတဲ့ လူမျိုးစုတွေရဲ့ ဓလေ့စရိုက်တွေ၊ ယဉ်ကျေးမှုတွေကို အလေးထား ဖြည့်ဆည်းပေးရာလည်း ရောက်စေနိုင်တဲ့ လုပ်ငန်းဖြစ်ပါတယ်။ မိမိလူမျိုးအမည်ကို ဆန္ဒအတိုင်း မှန်ကန်စွာ ပြောဆိုခွင့်ရရှိနေတာဖြစ်လို့ မိမိလူမျိုးစုများရဲ့ အမည်ကွဲပြားပေါင်းစပ်နေထိုင်မှုများကို သိရှိနိုင်သလို၊ လူမျိုးစုတစ်ခုလုံး၏အရေအတွက်၊ ၎င်းလူမျိုးစုအတွင်းရှိ လူမျိုးစုအလိုက် သီးခြားအရေအတွက်တို့ကိုပါ သိရှိနိုင်ပြီး တစ်ဦးချင်းအပေါ် အလေးထားဆောင်ရွက်လာနိုင်ခြင်းကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုဖြစ်ထွန်းစေနိုင်မယ်လို့ပဲ ကျွန်တော်တို့အနေနဲ့ ရိုးသားစွာ ယုံကြည်မိပါတယ်ခင်ဗျာ။

အခုလို ရှင်းလင်းဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ။

"မြေမျို၍ လူမျိုးမပြုတ်၊ လူမျိုမှ လူမျိုးပြုတ်မည်" ဟူသည့် ဒီပဲယင်းဝန်ထောက် ဦးမြ၏ ဆောင်ပုဒ်စကားကို ကြားဖူးကြလိမ့်မည်ထင်ပါသည်။ မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ယဉ်ကျေးမှု တိမ်ကောပပျောက်မည့်အန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးနိုင်မည့်အဓိပ္ပာယ် လေးနက်ပြည့်စုံမှန်ကန်သည့် သတိပေးတပ်လှန့်စကားပင်ဖြစ်သည်။ ထိုသို့ကြိုတင်ကာကွယ်နိုင်ရန် မိမိတို့နိုင်ငံ၏အတွင်းအား သို့မဟုတ် ပြည့်အင်အားကို ဦးစွာပထမ သိရှိရန်လိုအပ်မည်ဖြစ်ရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင် ပြည်သူအားလုံးက အင်တိုက်အားတိုက် ပါဝင်ကူညီဆောင်ရွက်ကြစေလိုပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

ဥတ္တရသီရိ အလက(ရွှေနံ့သာ)ပညာရေးစုံညီပွဲတော်ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော် ဥတ္တရသီရိမြို့နယ် အလက(ရွှေနံ့သာ)ကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ယင်းအခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မျိုး၊ နေပြည်တော်ခရိုင် ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ အင်အား ၂၅၀ ခန့် တက်ရောက်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက အကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့သည်။**(အောက်ပုံ)**

ဆက်လက်ပြီး ပညာရည်ချွန်ဆုပေးပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ညွှန်ကြားရေးမှူးနှင့် ဒုတိယညွှန်ကြားရေးမှူးတို့က ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

သန်းနိုင်(ဇမ္ဗူသီရိ)

သင်တန်းဆင်းပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၅၆)၊စက်ကြီးပန်းထိုးသင်တန်း အမှတ်စဉ် (၃)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၈၆)သင်တန်းများဆင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၇၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တွင် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ရက် နံနက် ၈ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပြည်ထောင်စုနေ့ကြိုဆို၊ ရပ်ကွက်ပေါင်းစုံ ရိုးရာခြင်းလုံးပြိုင်ပွဲကျင်းပ

ပြိုင်ပွဲကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြို့နေပြည်သူများက အားကစားလှုပ်ရှားမှုများတွင် စိတ်ပါဝင်စားလာစေရန်နှင့် အချင်းချင်း စည်းလုံးညီညွတ်ပြီး ရင်းနှီးချစ်ကြည်မှု ရရှိလာစေရန်၊ မြို့နေလူထု၏ကျန်းမာကြံ့ခိုင်ရေးအတွက် တစ်စိတ်တစ်ဒေသအားဖြင့် အထောက်အကူပြုနိုင်စေရန် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သာကေတမြို့နယ်သည် ရပ်ကွက် ၁၉ ခုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေ နှစ်သိန်းခန့်နေထိုင်သည့် မြို့တစ်မြို့ဖြစ်သည်။ မြို့၏မြေအနေအထားအရ ရေဝပ် နေရာများပြားခြင်း၊ ရပ်ကွက်တိုင်းတွင် အားကစားကွင်းမရှိခြင်းကြောင့် အားကစားလှုပ်ရှားမှုများ အားနည်းလျက်ရှိသည်။ ဖွင့်ပွဲအခမ်းအနားအပြီး နံနက် ၉ နာရီတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများသည် (၃)ရန် မြေခြင်းလုံးအားကစားရုံတွင် ပြိုင်ပွဲ စတင်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဖြင့် သုံးရက်တိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သန်လျင်ဖြိုးမင်းလတ်)

အမြန်အလိုရှိသည်

ဈေးကွက်အတွင်း နာမည်ရှိပြီး လျှပ်စစ်နှင့်လူသုံးကုန်ပစ္စည်းဖြန့်ချိရေးအတွက် ဝန်ထမ်းအလိုရှိသည်။

(၁)Sales Representative (1)Post
-တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
-အရောင်းကို စိတ်ပါဝင်စားသူဖြစ်ရမည်။
-လုပ်ငန်းအတွေ့အကြုံ(၁)နှစ်အထက်ရှိရမည်။
-နယ်ခရီးသွားနိုင်ရမည်။
(၂) Driver (1)Post

၅၂/၅၄၊ အခန်း-၁၆၊၄လွှာ၊ ဗိုလ်အောင်ကျော် လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း မြို့ပြအိမ်ရာစီမံကိန်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့်ယာဉ်ရပ်နားစခန်း၊ အဆင့်မြင့်ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အောက်ဖော်ပြပါနေရာများ၌ မြို့ပြအိမ်ရာစီမံကိန်း၊ တန်ဖိုးမျှတအိမ်ရာစီမံကိန်း၊ မြို့ပြအိမ်ရာစီမံကိန်းနှင့်ယာဉ်ရပ်နားစခန်း၊ အဆင့်မြင့်ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်မှုအခြေခံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ပြည်တွင်းကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်း ကုမ္ပဏီနှင့်နိုင်ငံခြားကုမ္ပဏီတို့ပါဝင်သောဖက်စပ်လုပ်ငန်းများ(Joint Ventures)မှ တင်ဒါတင်သွင်းနိုင်ရေးဖိတ်ခေါ်အပ်ပါသည်-

(က) မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ၊ ပုဂံလမ်းနှင့်ဟံသာဝတီလမ်းထောင့်၊ မြေဧရိယာ ၁၀. ၉၃ဧကခန့် (မြို့ပြအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)
(ခ) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရာဇဓိရာဇ်လမ်း၊ မြေဧရိယာ၄၀. ၄၉၃ဧကခန့်(မြို့ပြအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)
(ဂ) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေဧရိယာ၁၁. ၀၀ဧကခန့်(တန်ဖိုးမျှတအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)
(ဃ) ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးလမ်း၊ မြေဧရိယာ၀. ၃၆၄ဧကခန့်(မြို့ပြအိမ်ရာစီမံကိန်းဆောင်ရွက်ရန်)
(င) ဗိုလ်တထောင်မြို့နယ်၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ မြေဧရိယာ၃. ၀၆၈ဧကခန့်(မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်းဆောင်ရွက်ရန်)
(စ) ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ မြေဧရိယာ၂. ၅၆၁ဧကခန့်(မြို့ပြအိမ်ရာစီမံကိန်းနှင့် ယာဉ်ရပ်နားစခန်းဆောင်ရွက်ရန်)
(ဆ) ကမာရွတ်မြို့နယ်၊လှည်းတန်းလမ်းနှင့်ထန်းတပင်လမ်းထောင့်၊ မြေဧရိယာ ၁. ၀ဧက၏တစ်စိတ်တစ်ဒေသ ၀. ၁၀၃ဧကခန့် (အဆင့်မြင့်ယာဉ်ရပ်နားရန်အဆောက်အအုံစီမံကိန်းဆောင်ရွက်ရန်၊ P.A.E စနစ်)။

၂။ အဆိုပါ စီမံကိန်းများအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အတည်ပြု သည့် အစီအစဉ်များနှင့်အညီ တည်ဆောက်လုပ်ကိုင်ရန်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာစီမံကိန်းဆိုင်ရာအချက်အလက်များကို တင်ဒါတင်သွင်းသူများလိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenders)တွင်ဖော်ပြထားမည်ဖြစ်ပါသည်။ မိမိဆောင်ရွက်လိုသောစီမံကိန်းတစ်ခုချင်းအလိုက်တင်ဒါများကို သီးခြားစီတင်သွင်းရန်ဖြစ်ပါသည်။

၄။ တင်ဒါများကိုငွေကြေးဆိုင်ရာအဆိုပြုလွှာနှင့် ကျွမ်းကျင်မှုနည်းပညာဆိုင်ရာအဆိုပြုလွှာဟူ၍ စာအိတ်နှစ်ခုဖြင့် တင်သွင်းရန်နှင့် တင်ဒါတင်သွင်း သူများလိုက်နာရန်ညွှန်ကြားချက်များနှင့်အညီ ပြုစုဖော်ပြရန်ဖြစ်ပါသည်။

၅။ တင်ဒါတင်သွင်းသူများသည် တင်ဒါဆိုင်ရာ သိရှိလိုသောအချက်အလက်များကို အင်ဂျင်နီယာဌာန(အဆောက်အအုံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၆။ တင်ဒါစာရွက်စာတမ်းများကို အထက်ဖော်ပြပါလိပ်စာ၌ ၂၅-၂-၂၀၁၄ရက်မှစတင်၍ရုံးချိန်အတွင်းဝယ်ယူရရှိနိုင်ပါသည်။ မြို့ပြအိမ်ရာစီမံကိန်းများ(မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်)နှင့်တန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်) အတွက်တင်ဒါစာရွက်စာတမ်းများအပြည့်အစုံကို ရန်ကုန်မြို့၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ငွေစာရင်းအမှတ် 1-DA-06-91886(MFTB)သို့ ပြည်ပငွေစာရင်းလွှဲပြောင်းမှု (Overseas account transfer)နည်းလမ်းဖြင့် တစ်စုံလျှင် USD 300 (အမေရိကန်ဒေါ်လာသုံးရာတိတိ)ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ သို့မဟုတ် မြန်မာကျပ်ငွေ ၃၀၀,၀၀၀(ကျပ်သုံးသိန်းတိတိ)ကို အင်ဂျင်နီယာဌာန(အဆောက်အအုံ)ရုံးတွင်ငွေသွင်းချလန်ရယူပြီး ရန်ကုန်မြို့တော်ဘဏ်ငွေစာရင်းအမှတ် DY-9သို့ ပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ စာပိုဒ် ၁(ဃ)၊ (င)၊ (စ)နှင့်(ဆ)တွင်ဖော်ပြထားသောစီမံကိန်းများ၏ တင်ဒါစာရွက်စာတမ်း အပြည့်အစုံတစ်ခုစီအတွက် USD 500 (အမေရိကန်ဒေါ်လာငါးရာတိတိ)သို့မဟုတ် မြန်မာကျပ်ငွေ၅၀၀,၀၀၀(ကျပ်ငါးသိန်းတိတိ) ကိုပေးသွင်း၍ ဝယ်ယူနိုင်ပါသည်။ ပေးသွင်းငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၇။ တင်ဒါများကို ၂၀၁၄ခုနှစ်၊ မတ်လ၃၁ရက် ၁၄း၀၀နာရီမတိုင်မီအထက်ဖော်ပြပါရုံးသို့ တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသော တင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၈။ မြို့ပြအိမ်ရာစီမံကိန်းများ(မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်) နှင့်တန်ဖိုးမျှတအိမ်ရာစီမံကိန်း(ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်)၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် USD 50,000(အမေရိကန်ဒေါ်လာငါးသောင်းတိတိ)တန်ဖိုးရှိဘဏ်အာမခံပါရှိရမည်ဖြစ်ပြီး ယင်းဘဏ်အာမခံကိုပြည်တွင်း(သို့) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်မှလက်ခံနိုင်သော ပြည်ပဘဏ်မှထုတ်ပေးခြင်းဖြစ်ရပါမည်။ စာပိုဒ်၁(ဃ)(င)၊ (စ)နှင့်(ဆ)တွင် ဖော်ပြထားသော စီမံကိန်းများ၏ တင်ဒါများနှင့်အတူ တင်ဒါတင်သွင်းမှုအာမခံအဖြစ် USD 100,000(အမေရိကန်ဒေါ်လာတစ်သိန်းတိတိ) တန်ဖိုးရှိ ဘဏ်အာမခံ ပါရှိရမည်ဖြစ်ပါသည်။

၉။ တင်ဒါဖွင့်လှစ်ခြင်းအခမ်းအနားကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး၌ တင်ဒါတင်သွင်းသူ ကိုယ်စားလှယ်များရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့်အချိန်ကို တင်ဒါတင်သွင်းသူများသို့ အကြောင်းကြားပါမည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စစ်မှန်သည့် တရားဥပဒေစိုးမိုးရေး အကောင်းမြင်သည့်စိတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မြန်မာ၊ အပြည်ပြည်ဆိုင်ရာဥပဒေပညာရှင်များအဖွဲ့(ICJ) တို့ပူးပေါင်းကျင်းပသည့် **"တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားစီရင်ရေးဆိုင်ရာလွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့၏ အခန်းကဏ္ဍဆွေးနွေးပွဲ"**ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ် ခန်းမဆောင်၌ ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုတရားသူကြီးချုပ်က အမှာစကားပြောကြားရာတွင် "တရားဥပဒေစိုးမိုးရေး"သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခု တည်ဆောက်ရန် မရှိမဖြစ်လိုအပ်ပါကြောင်း၊ တရားမျှတမှုဆိုင်ရာကဏ္ဍ (Justice Sector) တွင်ပါဝင်သည့် "တရားရေးအဖွဲ့အစည်း"သည် တရားဥပဒေစိုးမိုးရေးကို အထောက်အကူပြုရန်တာဝန်ရှိသကဲ့သို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေးအတွက် တာဝန်ခံရမည်ဖြစ်ပါကြောင်း၊ စစ်မှန်သည့် တရားဥပဒေစိုးမိုးရေးကို အားလုံးက အကောင်းမြင်သည့် စိတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ အောင်မြင်စေမည်ဖြစ်ပါကြောင်း၊ **ခေတ်မီသည့် ဒီမိုကရေစီနိုင်ငံတစ်ခုတွင် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့သည် အဓိကကျသော တန်ဖိုးများဖြစ်ပြီး တရားစီရင်ရေးအပေါ် မတော်မတရားစွပ်စွဲခြင်း၊ ဂုဏ်သိက္ခာရှိမှုနှင့် အများပြည်သူတို့၏ ယုံကြည်အားထားမှုတို့အပေါ် ထိပါးလာခြင်းတို့ကို အကာအကွယ်ပေးရန် အရေးကြီးပါကြောင်း၊** ထိုအရေးပါမှုများကို လွတ်လပ်စွာ တရားစီရင်ရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ စသည့် အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် ကျယ်ပြန့်စွာ လက်ခံထားပြီး မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ အခြေခံမူများနှင့် ရည်မှန်းချက်များတွင်လည်း အသိအမှတ်ပြုထားရှိပါကြောင်း၊ တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့သည် အများပြည်သူ ယုံကြည်ကိုးစားသော စနစ်တစ်ခု ဖြစ်ပေါ်စေရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မရှိမဖြစ်လိုအပ်ပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားကို ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေး၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြင့်ဟန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဧည့်သည်တော်များ၊ UNDP နှင့် ICJ မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ စုစုပေါင်း ၄၀ တက်ရောက်ကြပြီး ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အီရန်အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၁၁

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ကျရောက်သော အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မိုဟာမက် ဂျာဗက် ဇာရစ်(ဖ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

လမ်းသစ်ဖောက်လုပ်ခြင်း၊ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဖေဖော်ဝါရီ ၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း(နေပြည်တော်-မန္တလေးအပိုင်း)မှတစ်ဆင့် ပျော်ဘွယ်-နတ်မောက်လမ်းအတိုင်း ထွက်ခွာလာပြီး စိုင်ကောင်းရွာအနီး မိုင်တိုင်အမှတ်(၂၀/၅)မှ နတ်မောက်မြို့(၀/၀)အထိ ၂၀ မိုင် ၅ ဖာလုံအား စက်ယန္တရားများဖြင့် လမ်းသစ်ဖောက်လုပ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၁၇/၃)ရှင်းလင်းဆောင်၌ မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီးက နတ်မောက်-စိုင်ကောင်းလမ်းအား လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)နှင့် မကွေးခရိုင်တို့မှ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လမ်းသစ်ဖြစ်သည့်အတွက် လမ်းအင်္ဂါရပ်နှင့်အညီ ဆောင်ရွက်ရန် အောက်ခံမြေသား အမာခံရရှိပြီးမှ ကျောက်ခင်းရန်နှင့် လမ်းဘေးဝဲ၊ ယာရေမြောင်းများ တစ်ပါတည်း ဖောက်လုပ်ရန်တို့ကိုမှာကြားပြီး မိုင်တိုင်အမှတ်(၁/၄နှင့်၁/၅)ကြားတွင် ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းအတိုင်း ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် (၂၆/၀) နှင့် (၂၆/၁)ကြားတွင် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၃)မှ တည်ဆောက်နေသော ယင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ လုပ်ငန်းများ အမြန်ဆုံးပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ တောင်တွင်းကြီး-မြို့သစ်-နတ်မောက်လမ်းမှတစ်ဆင့် ရန်ကုန်-ပြည်-မကွေး-ရေနံချောင်း- ကျောက်ပန်းတောင်းလမ်းအတိုင်း ထွက်ခွာလာရာ ရေနံချောင်းမြို့အနီး မိုင်တိုင်အမှတ် (၃၅၃/၇)မှ စ၍ ရေနံချောင်းမြို့ရှောင်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၃/၀)နှင့် (၃/၁) ကြားတွင် ကတ္တရာဖျန်းစက်ဖြင့် ကတ္တရာခင်းနေမှု၊ အထူးစီမံကိန်းကြီးအဖွဲ့(၃)မှ တည်ဆောက်နေသော အရှည်ပေ ၆၀ သံကူကွန်ကရစ်တံတားအမှတ်(၁)နှင့် (၂) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်း/တံတားလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ကတ္တရာလမ်းပြီးသည်နှင့် တစ်ပြိုင်နက် တံတားများပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ၂၀၁၅ ခုနှစ်မှ**

ဆက်စပ်အစည်းအဝေးများတွင် အာဆီယံဗိသုကာ ပညာရေးကောင်စီအစည်းအဝေး၊ အာဆီယံစာရင်းကိုင်ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ အစည်းအဝေးများကို ယနေ့ကျင်းပခဲ့ပြီး အာဆီယံမြေတိုင်းတာရေး ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုရေးဆိုင်ရာ အစည်းအဝေး၊ အာဆီယံအင်ဂျင်နီယာများညှိနှိုင်းကော်မတီ အစည်းအဝေး၊ အာဆီယံဗိသုကာကောင်စီ အစည်းအဝေး၊ အာဆီယံအင်ဂျင်နီယာများညှိနှိုင်းရေးကော်မတီနှင့် အာဆီယံဗိသုကာကောင်စီတို့၏ ပူးတွဲအစည်းအဝေး၊ အာဆီယံ ဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ် ညှိနှိုင်းမှုအစည်းအဝေး၊ စီးပွားရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းအဝေး၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် အာဆီယံ (၇၇) ကြိမ်မြောက် ဝန်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးများကို ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။

"မြန်မာပြည်သူတွေအပါအဝင် အာဆီယံဒေသတစ်ခုလုံးမှာရှိတဲ့ ပြည်သူတွေအနေနဲ့ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ရရှိခံစားနိုင်မှာဖြစ်သလို ဝန်ဆောင်မှုလုပ်ငန်းရှင်တွေကလည်း အာဆီယံနိုင်ငံတွေမှာ လွတ်လပ်စွာ လုပ်ငန်းများလုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် ကျွမ်းကျင်ပညာရှင်များကလည်း အာဆီယံဒေသအတွင်း လွတ်လပ်စွာ အလုပ်အကိုင်များ လုပ်ကိုင်နိုင်တဲ့ အခွင့်အလမ်းတို့အတွက် အထောက်အကူပြုမှာဖြစ်ပါတယ်"ဟု အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းက ပြောသည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများနှင့် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကပိုင်းတို့မှ တာဝန်ရှိသူများ စုစုပေါင်း ၈၅ ဦး တက်ရောက်ကြသည်။ **(သတင်းစဉ်)**







ကျိုင်းတုံ၌ ယွန်းထည်လက်မှုပညာပြပွဲ ခင်းကျင်းပြသ

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်တွင် တိုင်းရင်းသားရိုးရာလက်မှုလုပ်ငန်းများစွာရှိသည့်အနက် ယွန်းထည်လုပ်ငန်းမှာ တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်နေ၍ အများပြည်သူတို့ လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနက ကျိုင်းတုံဒေသ ရိုးရာယွန်းထည်လက်မှုပညာပြပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီတွင် ခင်းကျင်းပြသဖွင့်လှစ်ခဲ့သည်။

အဆိုပါပြပွဲတွင် ရှေးမြန်မာမင်းများလက်ထက် အချိန်ကစတင်၍ ကျိုင်းတုံမြို့စွန်မွန်းရပ်တွင်ရှိခဲ့သည့် ယွန်းပညာရှင် ဦးနွံမှသားစဉ်မြေးဆက် လုပ်ကိုင်လာကြသည့် ယွန်းပညာ အခြေခံလုပ်နည်းနှင့် အချောထည်ယွန်းပစ္စည်းအမျိုးအစား ၁၇ မျိုးဖြင့်အရေအတွက် ၁၈၀ ခန့်ကို ခင်းကျင်းပြသထားသည်။ ယွန်းပညာရှင် ဦးနွံ၏သားဖြစ်သော ဦးခမ်းထွန်း၏ လက်ရာပစ္စည်းများအား ယခုအချိန်တွင် London Museum တွင် ခင်းကျင်းပြသထားပြီး ဦးနွံ၏မြေးဖြစ်သူဦးမုလိန္ဒ၏လက်ရာပစ္စည်းမှာလည်း ဂျာမနီနိုင်ငံမြူးနစ်မြို့ရှိ Deutschen Museum တွင် ခင်းကျင်းပြသလျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် ကျိုင်းတုံမြို့၌ ကွယ်လွန်သူဦးမုလိန္ဒ၏ဇနီးနှင့် သားသမီးများမှတစ်ဆင့် ရိုးရာအမွေပညာအား ဆက်ခံလာခဲ့ကြပြီး မြေးတော်စပ်သူ ဦးစိန်မော်(ခ) ဦးစိုင်းလုံသည် မိသားစု စီးပွားရေးလုပ်ငန်းအဖြစ် ဆက်လက် လုပ်ကိုင်လျက်ရှိသည်။

အနုပညာ ယဉ်ကျေးမှု

ဦးစိန်မော်(ခ)ဦးစိုင်းလုံသည် ပုဂံမြို့ရှိ ယွန်းသိပ္ပံ ကျောင်းဆင်းဖြစ်သည်။ ယွန်းထည်လက်မှု ပညာပြပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နေ့ထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅ နာရီထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။ **(ထက်တိုင်းကျော်)**

ပြည်သူ့အလင်း စာကြည့်တိုက်နှင့် နေကြယ်ဦး e-library စာဖတ်ခန်းဖွင့်ပွဲ ကျင်းပ

မင်းလှ ဖေဖော်ဝါရီ ၁၀

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် စစ်ကွင်းကျေးရွာအုပ်စု စစ်ကွင်းစာဖတ်ခန်း၌ ဖေဖော်ဝါရီ ၈ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့အလင်းစာကြည့်တိုက်နှင့် နေကြယ်ဦး e-library စာဖတ်ခန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးငွေအောင်ကြွယ်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ ဦးဟိန်းလတ်က စာကြည့်တိုက်များတည်ထောင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သာယာဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးစန်းလှိုင်က အမှာစကားပြောကြားပြီး အလှူရှင်လူမှုထူးချွန်ဆုရ နေကြယ်ဦးကုမ္ပဏီများအုပ်စု ဒုတိယဥက္ကဋ္ဌ ဦးဇော်လွင်ဦးက လှူဒါန်းရခြင်းအကြောင်းရင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်မှူး ဦးမောင်မောင်သန်းက ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်စန်းစန်းကျော်ထံ စာကြည့်တိုက်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ပြည်သူ့အလင်းစာကြည့်တိုက်သည် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းမှ ငွေကျပ် ၁၀ သိန်းမတည်၍ အလှူရှင်များနှင့်တည်ဆောက်ပြီး နေကြယ်ဦး e-library စာဖတ်ခန်းအား အလှူရှင် ဦးဇော်လွင်ဦးက ငွေ ၁၁၁၈၈၁၆ ကျပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ (ကလေးများနေ့) ကဗျာရွတ်၊ ကာတွန်းပြပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ပထမအကြိမ်မြောက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့ (မြန်မာနိုင်ငံကလေးများနေ့)တွင် ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ကာတွန်းပြပွဲကို ဖေဖော်ဝါရီ ၁၃ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီမှ ည ၈ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရဓမ္မာရုံရှေ့ကွင်းပြင်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စာပြန်ပွဲများ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သာစုပရိယတ္တိစာသင်တိုက်ကြီးတွင် (၉)ကြိမ်မြောက် ဝိနယာသီသ စာပြန်ပွဲကြီးကို ဖေဖော်ဝါရီ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီး စာအောင် သံဃာတော်များအတွက် ဆုနှင်းသဘင်ပွဲတော်ကို မတ် ၈ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဟု သိရသည်။ အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ရွှေကျင်ဓမ္မဗိမာန်တွင်လည်း ဖေဖော်ဝါရီ ၁၂၊ ၁၃၊ ၁၄ ရက်များတွင် စာပြန်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း ရွှေကျင်ဓမ္မဗိမာန်ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းကပြောကြားကြောင်း သိရသည်။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း နှစ်ပတ်လည်စည်းဝေး ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) Association ၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၄ ရက် နံနက်တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကျွန်းတောလမ်းထောင့်ရှိ မူးယစ်ဆေးဝါးဆန့်ကျင်ရေးပြတိုက်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းနှစ်ပတ်လည်အစည်းအဝေးကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်များတက်ရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အိုးဝေခင်မောင်ကွန့်)**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ၆ရပ်ကွက်၊ အမှတ်-၅၉/၆၀တွင် တည်ထားကိုးကွယ်လျက်ရှိသော

စရီ မဟာပိန္နဲ ဘုရားကျောင်း

သိဒ္ဓိတင် ရေစင်သွန်းလောင်းပွဲတော် ရက်ရွှေ့ဆိုင်းအသိပေးခြင်း

ဓမ္မမိတ်ဆွေအပေါင်းတို့ခင်ဗျား။ ။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ၆ရပ်ကွက်၊ အမှတ်-၅၉/၆၀တွင် တည်ထားကိုးကွယ်လျက်ရှိသော စရီမဟာပိန္နဲ ဘုရားကျောင်းတော်ကြီးအား မဟာကုမ္ဘာဘိသေျှကမ်(ခ)သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲတော်ကို (၁၃၇၅ခုနှစ်၊ တပို့တွဲလဆန်း ၁၃ရက်) ၁၂-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)(ပြည်ထောင်စုနေ့)တွင် သိဒ္ဓိတင်ရေစင်သွန်းလောင်းပွဲတော်ကို ကျင်းပမည်ဟုကြေညာခဲ့ပြီး ယခုအခါ ဘုရားကျောင်းကိစ္စများ မပြီးပြတ်သော အခက်အခဲများကြောင့် ကျင်းပခြင်းမရှိဘဲ ရက်ရွှေ့ဆိုင်းထားပြီး ထပ်မံပြုလုပ်မည့်ရက်ကို ကြေညာပေးမည်ဖြစ်ပါကြောင်း အများပြည်သူများအား တောင်းပန်အသိပေး ကြေညာအပ်ပါသည်။ **လေးစားစွာဖြင့် ဘုရားကျောင်းဂေါပကအဖွဲ့**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄/ဂျီ)၊ လူနေရပ်ကွက်အမှတ်-ဘုံကျောင်းအိမ်ရာ၊ မြေကွက်အမှတ်(72Y[13])၊ မြေဧရိယာ(၀.၀၉၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၆/၁၇၊ သုခမ္မစာရီလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC(၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အားလုံးအား တရားဝင်လက်ဝယ်ပိုင်ဆိုင်သူ ဦးကျော်ထွေးနိုင်[၁၂/ဒဂန(နိုင်)၀၀၁၉၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်နေ့နောက်ပိုင်းတွင် စာချုပ်စာတမ်းများကို တရားဝင်ပြုလုပ် ချုပ်ဆိုမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးမိုးအေး(LL.B)	ဦးမင်းလွင်ထူး(LL.B)	ဒေါ်နန်းဆင့်ဆင့်ထွန်း(LL.B)
(စဉ်-၈၅၅၈)	(စဉ်-၂၁၂၉၆)	(စဉ်-၃၁၃၃၅)
တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

"ယုန်မိသားစု"ကုမ္ပဏီ(အိမ်၊ ခြံ၊ မြေ)နှင့် အထွေထွေအကျိုးဆောင်လုပ်ငန်း

အမှတ်-၄၇/က၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉-၄၅၀၀၁၈၆၆၆၊ ၀၉-၇၃၄၉၄၃၄၃၊ ၀၉-၇၃၁၆၁၆၇၂

ရဲချုပ်တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် ရဲချုပ်တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို အမှတ်(၁၇)ရဲတပ်ရင်း၊ သာဂရ၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်း တက်ရောက်၍ ဖွင့်ပွဲမိန့်ခွန်းပြောကြားခဲ့ပြီး အဆိုပါ အခမ်းအနားသို့ ရဲထောက်ချုပ် ရဲမှူးချုပ် သိန်းဦး၊ မှုခင်းရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် အောင်ဝင်းဦး၊ သတင်း ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်အားပေးခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီး/ ပြည်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့၊ ကျောင်းများမှ ပြိုင်ပွဲဝင် အသင်း ၃၅ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြကာ ပြိုင်ပွဲအပြီးတွင် ရဲချုပ်တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အား ရဲထောက်ချုပ် ရဲမှူးချုပ် သိန်းဦးကလည်းကောင်း၊ အသင်းလိုက်ဆုနှင့်တစ်ဦးချင်း ဆုများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(ရဲပြန်ကြား)

မန်ယူအသင်းမှာ ကြမ္မာဆိုးနှင့်တွေ့နေကြောင်း မိုယက်ဖွင့်ဟ

မန်ယူအသင်းသည် ဖေဖော်ဝါရီ ၉ ရက် ညနေပိုင်းက အိုးထရက်ဖို့ဒ်၌ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းအား တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ခြင်းကြောင့် မန်ယူအသင်းမှာ ကြမ္မာဆိုးနှင့်တွေ့နေသော အသင်းဖြစ်ကြောင်း မန်ယူအသင်း၏ကံခေမှုနှင့် ပတ်သက်၍ နည်းပြမိုယက်က ဖွင့်ဟခဲ့သည်။

ယင်းပွဲစဉ်တွင် မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှု ၇၅ ရာခိုင်နှုန်းနှင့် ဂိုးပေါက်ကန်သွင်းခွင့် ၃၁ ကြိမ်အထိ ရရှိခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီသရေရလဒ်သာထွက်ပေါ်ခဲ့ရသည်။ မန်ယူအသင်းသည် အိမ်ကွင်းကစားရသော်လည်း ပထမပိုင်း ၁၉ မိနစ် ဖူလ်ဟမ်ကစားသမား စတိဗ်ဆစ်ဝဲလ်၏သွင်းဂိုးကိုခွင့်ပြုပေးလိုက်ရပြီး အိမ်ကွင်းနိုင်ပွဲရရှိရေးအတွက် လူစားလဲမှုကို တစ်ပြိုင်တည်းပြုလုပ်ကာ နည်းဗျူဟာပြောင်းလဲခဲ့ပြီးနောက် ဗန်ပါစီနှင့် ကားရစ်တို့၏သွင်းဂိုးများဖြင့် အနိုင်ရလဒ်ဖြင့်အဆုံးသတ်ရန် ကြိုးပမ်းခဲ့သော်လည်း ဖူလ်ဟမ်ကစားသမား ဒါရန့်ဘန့်၏ နောက်ဆုံးသွင်းယူခဲ့သည့်သွင်းဂိုးကို ခွင့်ပြုပေးလိုက်ရကာ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့ရသည်။

ဆီဗီလာအား အနိုင်ရရှိခဲ့သည့် ဘာစီလိုနာ လာလီဂါအမှတ်ပေးဇယားထိပ်သို့ ပြန်လည်တက်လှမ်း

စပိန်လာလီဂါပွဲစဉ်(၂၃)ပွဲစဉ်များအနက် ပွဲကောင်းတစ်ပွဲဖြစ်သည့် ဆီဗီလာအသင်းနှင့် ဘာစီလိုနာအသင်းတို့၏ပွဲစဉ်တွင် အိမ်ကွင်းယှဉ်ပြိုင်ကစားရသော ဆီဗီလာအသင်းအား ဘာစီလိုနာအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာလာလီဂါအမှတ်ပေးဇယားထိပ်သို့ ဘာစီလိုနာအသင်းပြန်လည်တက်လှမ်းလာခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် ပက်ဒရို၊ ဆန်းချက်ဇ်၊ မက်ဆီ၊ အင်နီယေစတာ၊ ဇာဗီ၊ ပီကေး၊ ဘာထရာ၊ ဆောင်း၊ အက်ဒရီယာနိုစသည့် ကစားသမားများကို ပွဲထွက်ကစားသမားများအဖြစ်အသုံးပြုကာအဝေးကွင်း၌ အမှတ်ပြည့်ရယူနိုင်ရေးကြိုးပမ်းခဲ့ရာ ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်တွင် ဆီဗီလာနောက်တန်းကစားသမား မိုရီနို၏ သွင်းဂိုးကိုခွင့်ပြုပေးလိုက်ရသည်။

ထို့ကြောင့် ဘာစီလိုနာအသင်းသည် ချေပဂိုးနှင့်အနိုင်ဂိုးရရှိရေးအတွက် ကောင်းမွန်သောကစားကွက်ကိုပုံဖော်ကာ ပွဲကစားချိန် ၃၄ မိနစ်တွင် ဆန်းချက်ဇ်၏သွင်းဂိုးဖြင့် ချေပဂိုးရရှိခဲ့ပြီး ၄၄ မိနစ်တွင် တိုက်စစ်မှူးမက်ဆီက ဘာစီလိုနာအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲကစားချိန် ၅၆ မိနစ်တွင် မက်ဆီကပင်တစ်ဂိုးထပ်မံသွင်းယူပေးခဲ့ပြီး ပက်ဒရို၏နေရာတွင်လူစားလဲဝင်ရောက်လာသော ဖာဘရီဂတ်စ်က ၈၈ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့သဖြင့် အဝေးကွင်းသို့သွားရောက်ကစားခဲ့ရသော ဘာစီလိုနာအသင်းက လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိကာ လာလီဂါအမှတ်ပေးဇယားကိုပြန်လည်ဦးဆောင်နိုင်ခဲ့သည်။

ဆီဗီလာအသင်းနှင့်ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင်တိုက်စစ်မှူးလီယွန်နယ်မက်ဆီသည် ဘာစီလိုနာအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် မက်ဆီ၏လိဂ်သွင်းဂိုးသည် ၂၂ ဂိုးအထိရှိလာခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်တွင် ထိပ်တန်းဂိုးသွင်းရှင်များဖြစ်သည့် တယ်မိုဇာရာအားမှီရန် ၂၆ ဂိုး၊ ရောလ်အားမှီရန် သုံးဂိုးနှင့်ဒီစတီဖာနိုအားမှီရန် နှစ်ဂိုးသာလိုတော့ကြောင့် သိရသည်။

ငွေကြယ်

ကျေးဇူးတင်လွှာ

၂၉-၁၁-၂၀၁၃ ရက် (သောကြာနေ့)တွင် ရန်ကုန် Sedona ဟိုတယ်(အလုံခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မင်္ဂလာနာယကအဖြစ် ဦးဆောင်စီစဉ်ပေးပါသော လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်စိုးစိုးသွင်၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်မြင့်ထွန်းနှင့် ဗိုလ်ကြီး သက်ထက်လင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

၈-၂-၂၀၁၄ ရက် (စနေနေ့)တွင် ရန်ကုန် Chatrium ဟိုတယ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများနှင့် မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမောင်မြင့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ မေတ္တာဖြင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒေါက်တာဖြိုးဝေ၊ သတို့သားအရံ ဗိုလ်ကြီးစိုးမင်းသိန်းနှင့် ဗိုလ်ကြီးပိုင်မင်းသက်၊ သတို့သမီးအရံ မနန်းယုထွေးနှင့် မမြင့်ချိုဇင်၊ မင်္ဂလာပန်းများ ကြဲဖြန့်ပေးပါသော မခင်ဦးသဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မခိုင်သက်ယဉ်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံစီစဉ်ချုပ်လုပ်ပေးပါသော Designer မယဉ်သူဆွေ၊ မိတ်ကပ်နှင့်ဆံပင်ပြင်ဆင်ထုံးဖွဲ့ပေးပါသော မေဦးမောင်(တော်ဝင်သူ)၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ကာတီးယားစိန်တိုက်မှ ဦးဝင်းကြည်၊ ဒေါ်ခင်မမတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီကြွေးပေးပါသော ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံး၊ မင်္ဂလာတေးသံသာ တီးခတ်ပေးပါသော The Aces Band နှင့် နိုင်ငံကျော်တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးပါသော 7 Picture၊ မင်္ဂလာဖိတ်စာများရိုက်နှိပ်ပေးပါသော ဒဂုံပုံနှိပ်တိုက်နှင့် လင်းသန့်မိတ္တူ၊ Chatrium ဟိုတယ်မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း နာယကဂုဏ်ပြည့်စုံစွာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ထမ်းအဖွဲ့အကြီးအကဲများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့နှင့် ဇနီးများ၊ IGE Chairman နှင့်ဇနီး၊ ဂုဏ်သရေရှိလူကြီးများနှင့် နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဧည့်ခံပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကိုလည်း အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးနိုင်လင်းအောင်-မအေးဇာဝင်းနိုင်

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ
ဦးစိုးနိုင်-ဒေါ်အေးတင်တို့၏ သားကြီး
ဗိုလ်မှူးသူရိန်
B.A(English)
နှင့်
နေပြည်တော်နေ
ဗိုလ်မှူးကြီးမြင့်အောင်သန်း(နေပြည်တော်ကောင်စီဝင်)-ဒေါ်မြတ်မြတ်မိုး(ဥက္ကဋ္ဌ၊ နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့)တို့၏ တစ်ဦးတည်းသောသမီး
မအေးစန္ဒာကျော်
B.A(Business Management)

တို့၏ (၁၇-၁၁-၂၀၁၃)ရက်နေ့ နေပြည်တော်၊ မြတ်တော်ဝင်ဟိုတယ်တွင်ကျင်းပသော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ လက်မှတ်ရေးထိုးပေးပါသော ခရိုင်တရားသူကြီး ဦးဌေးအောင်၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဒုတိယဗိုလ်မှူးကြီးဇော်မင်းနှင့် မအေးမြစန္ဒီတို့အားလည်းကောင်း၊ (၉-၂-၂၀၁၄)ရက်နေ့တွင် နေပြည်တော် MICC(II)တွင် ကျင်းပပြုလုပ်သော မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သမ္မတရုံးဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဦးသိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်/နယ်ဘက်မှ အရာရှိကြီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဧည့်သည်တော်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးတေးသီချင်း သီဆိုပေးပါသော ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဒေါ်ချိုပြုံး၊ Evening Star တေးဂီတအဖွဲ့နှင့်အတူ မင်္ဂလာတေးသီဆိုပေးပါသော ထပ်ဆင့်အကယ်ဒမီ ရန်အောင်၊ ထပ်ဆင့်အကယ်ဒမီမေသန်းနု၊ ရုပ်ရှင်သရုပ်ဆောင် ဖိုးသောကြာနှင့် အဘက်ဘက်မှကူညီပေးသော ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ ဦးလွင်မိုး၊ ဦးခင်မောင်ဌေးနှင့်အဖွဲ့၊မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော မမေမြတ်နိုးဦး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးပါသော မအေးမြစန္ဒီ၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးပါသော မမေသူအောင်၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော ဗိုလ်မှူးသန်းထွန်းအောင်၊ ဗိုလ်မှူးဝဏ္ဏအောင်၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော မဆင့်ဆင့်ဖြိုး၊ မဝါဝါသက်၊ မေတ္တာဖြင့်မင်္ဂလာဝတ်စုံဆင်မြန်းပေးပါသော ဒီဇိုင်နာ ဦးတွတ်၊ မေတ္တာဖြင့် မိတ်ကပ်၊ ဆံပင်ဖန်တီးပေးပါသော လင်းလင်း(Make Up Artist)နှင့်အဖွဲ့၊ မေတ္တာဖြင့်လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော (The Rich Gems)၊ မေတ္တာဖြင့် ဒီဇိုင်းဗီနိုင်းထုတ်ပေးပါသော Xenon မှ ဦးမျိုးမင်းဦးနှင့် အဖွဲ့သားများ၊ ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးပေးပါသော Forever Group ၊ မင်္ဂလာဖိတ်စာ(Dagon ပုံနှိပ်တိုက်)၊ ပန်းအလှဆင်ခြင်းနှင့် ဧည့်ခံကျွေးမွေးဆောင်ရွက်ပေးပါသော ဘောဂသိဒ္ဓိ(Restaurant & Catering) မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ MICC(II) မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မှူးသူရိန်-မအေးစန္ဒာကျော်

သဲတောဘူတာအနီး လူတစ်ဦး ရထားကြိတ်သေဆုံး

ဝမ်းတွင်း ဖေဖော်ဝါရီ ၁၀

ဝမ်းတွင်းမြို့နယ် သဲတောဘူတာအနီးတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၃ နာရီခန့်က ရထားကြိတ်ခံရ၍ သေဆုံးမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ သဲတောဘူတာအနီးတွင် လူတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးနေကြောင်း ဘူတာရုံပိုင်ကြီး ဦးအောင်စိုးမင်း၏ အကြောင်းကြားချက်အရ ဝမ်းတွင်းမြို့မရဲစခန်းမှ ဒုရဲအုပ်မောင်မောင်လွင်နှင့် အဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ သဲတောဘူတာမြောက်ဘက် မိုင်တိုင်အမှတ် (၃၂၂/၁၂)နှင့် (၃၂၂ /၁၃)အကြား ဘူတာသံလမ်း အနောက်ဘက်ခြမ်းတွင် စောင်ခြုံ၍ အိပ်ပျော်နေသူ အသက် (၄၀)ခန့် အမျိုးသားတစ်ဦး (အမည်၊ အဘအမည်၊ နေရပ်စိစစ်ဆဲ)အား အဆိုပါနေ့ နံနက် ၃ နာရီခန့်က ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ခုတ်မောင်းလာသည့် 5F အမြန်ရထားကြိတ်မိ၍ ဦးခေါင်း ပြတ်သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သေမှုသေခင်းအမှတ် ၃/၂၀၁၄ ဖြင့် အမှုဖွင့်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် ဝမ်းတွင်းမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၅၇၉)**

ဆိုင်ကယ်နောက်တွင်ပါလာသော အမျိုးသမီးနှစ်ဦးပြုတ်ကျပြီး ကားကြိတ်၍သေဆုံး

မင်းဘူး ဖေဖော်ဝါရီ ၁၀

မင်းဘူး(စကု)မြို့နယ် ဆင်ဂေါင်းကျေးရွာအနီး ကားလမ်းတွင် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က ကားနှင့် ဆိုင်ကယ် ရှောင်တိမ်းစဉ် ဆိုင်ကယ်ပေါ်တွင်ပါလာသော အမျိုးသမီးနှစ်ဦး ပြုတ်ကျပြီး ကားကြိတ်၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့ စိန်ရတနာ ရပ်ကွက်နေ ယာဉ်မောင်း ဇော်တင်သန်း မောင်းနှင်လာသော ၉က/.... ဘုရားဖူးယာဉ်သည် မင်းဘူး-ပဒါန်းသွား ကားလမ်း ဆင်ဂေါင်းကျေးရွာအနီးအရောက်တွင် ရှေ့မှကားကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိပြီး မျက်နှာချင်းဆိုင်တွင် သဲကုန်းကျေးရွာအလျှုမှ မိန်းကလေးနှစ်ဦးအား တင်ဆောင်၍ မင်းဘူးဘက်သို့ မောင်းနှင်လာသော စိုးအောင်၏ ဆိုင်ကယ်အနက်ရောင်မှာ မြေသားလမ်းနှင့်ကားလမ်းနှုတ်ခမ်းစပ်လူး၍ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော ဆင်ဂေါင်းကျေးရွာနေ မဇာနည်ထွန်း၊ မစုတို့နှစ်ဦးမှာ ပြုတ်ကျသွားပြီး တစ်ဖက်ယာဉ်ကြောသို့ ကျော်တက်လာသော ယာဉ်၏ ဝဲဘက်ဘီးဖြင့် ကြိတ်မိ၍ နေရာတွင်ပင် သေဆုံးသွားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်တွင် ယာဉ်မဆင်မခြင် မောင်းနှင်သူ ဇော်တင်သန်းအား အရေးယူပေးပါရန် ဒုရဲအုပ် မျိုးဝေဦးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် စကုနယ်မြေရဲစခန်းမှ အမှုဖွင့်၍ စခန်းမှူးရဲအုပ်တင်ဝင်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**

တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ





နေပြည်တော် ဖေဖော်ဝါရီ ၁၀

ရှမ်းပြည်နယ် အမှတ်(၃၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၈ ရက် နံနက် ၁၀ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မလိပါကော်ကျေးရွာ လမ်းမပေါ်တွင် လွယ်တော်ခမ်းကျေးရွာအုပ်စု ဖလောက်ကျေးရွာနေ မွန်းအောင်(၄၀)နှစ်မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ၎င်း၏အကျီအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများမှာ တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု မလိပါကော်ရွာနေ မခင်ဌေး (၄၄) နှစ်ထံ ပြန်လည်ရောင်းချခဲ့ကြောင်း သိရသဖြင့် ၎င်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၃၈၀ (တန်ဖိုးငွေကျပ် ၈၄ ဒသမ ၈ သိန်း)၊ စိတ်ကြွဆေးပြား အကြေမှုန့် ၁၇ ဂရမ်နှင့် ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်တို့အား ထပ်မံသိမ်းဆည်းရမိသဖြင့် မွန်းအောင်နှင့် မခင်ဌေးတို့နှစ်ဦးအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

သစ်ခွဈေးကောင်းလာမှုနှင့်အတူ ခိုးယူခံရခြင်းများဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၁၀

အလှပန်းဈေးကွက်တွင် သစ်ခွပန်းပင်များ ဈေးကောင်းလာမှုနှင့်အတူ ခိုးယူသူများရှိလာပြီး ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ဟုမ်းလမ်းဘူတာ ရပ်ကွက်တွင်လည်း ဖေဖော်ဝါရီ ၉ ရက် နံနက် အရုဏ်မတက်မီက တစ်ရပ်ကွက်လုံးလိုလို ကြုံတွေ့ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်အတွင်း ဝါသနာအရ သစ်ခွစိုက်ထားသူများရှိပြီး ခိုးယူခံရသော သစ်ခွပင်များမှာ အပွင့်ကောင်းကောင်းရှိသော အပင်များ၊ ပွင့်ခါနီးအဖူးများ ဝေနေသော အပင်များ ခိုးယူခံရခြင်းဖြစ်သည်။ သို့ရာတွင် သေးငယ်ခြောက်သွေ့ကာ အပင်သေမလိုဖြစ်နေသော သစ်ခွပင်များကိုမူ ချန်လှပ်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

"တန်ဖိုး ဖြတ်မယ်ဆိုရင်တော့ တန်ဖိုးမဖြတ်နိုင်ဘူး၊ နယ်သွားရင်းနဲ့ ဝယ်ထားတဲ့ အပင်တွေလည်းပါတယ်၊ တချို့အပင်တွေဆိုရင် တစ်ပင် တစ်သောင်းလောက်နဲ့ ဝယ်စိုက်ထားရတာ"ဟု အဆိုပါရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ပြောသည်။

ယခင်က ရပ်ကွက်အတွင်း မည်သည့်ပစ္စည်းပျောက်ရှမှုမျှ မဖြစ်ခဲ့ဖူးသော်လည်း ယခုကြုံတွေ့ရသောဖြစ်စဉ်မှာ ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့သစ်များ၏ စီမံခန့်ခွဲမှုကို မှတ်ကျောက်တစ်ခုသဖွယ် ဖြစ်နေကြောင်း ကျွမ်းကျင်သူအချို့က ပြောဆိုကြသည်။ ခိုးယူသူမှာ နံနက်အရုဏ်မတက်မီ တစ်ခဏတွင်း ပမာဏများများကို အလျင်အမြန် ယူဆောင်ကြခြင်းကြောင့် အုပ်စုလိုက် လာရောက်လုပ်ဆောင်ခြင်း ဖြစ်နိုင်သည်ဟုလည်း ယူဆထားကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၂-၂၀၁၄ရက်၊ ကြေးမုံသတင်းစာ စာမျက်နှာ ၁၁နှင့် ၂၈-၂-၂၀၁၄ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂)ပါ စက်မှုဝန်ကြီးဌာန၊ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း မြေ၊ အဆောက်အအုံနှင့် အရောင်းဆိုင်များငှားရမ်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း ကြော်ငြာတွင် (က) အမှတ် (၄၈)၊ သမာဓိလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ရှိ ယခင် ဘဲနှစ်ကောင် မြူစွမ်စက်ရုံ၏ မြေကွက်(၁. ၄၇)ဧကပေါ်ရှိဟု ပြင်ဆင်ဖတ်ရှုပါရန်။

မိတ္ထီလာတွင် တောမီး သုံးကြိမ်ခန့် လောင်ကျွမ်း

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မိတ္ထီလာမြို့နယ် မြင်တော်ကန် ကျေးရွာအနီးရှိ နည်းပညာတက္ကသိုလ် ပင်မဆောင်၏ မြောက်ဘက်တွင် ဖေဖော်ဝါရီ ၈ ရက် ညနေ ၃ နာရီ မိနစ် ၂၀ က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ နည်းပညာတက္ကသိုလ် ပင်မဆောင် မြောက်ဘက်မလှမ်း မကမ်းတွင်ရှိသည့် ချုံနွယ်ပင်များနှင့် မြက်ခြောက်ပင်များမှ စတင်လောင်ကျွမ်းသဖြင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်း ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ် လေးစီးဖြင့် မီးငြိမ်းသတ်ရာ တောမီးစတင်လောင်ကျွမ်းပြီး ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

တောမီး လောင်ကျွမ်းမှုကြောင့် ချုံနွယ်များ၊ မြက်ခြောက်များ သုံးဧကခန့် လောင်ကျွမ်းခဲ့ပြီး အခြားပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။ တောမီးလောင်ကျွမ်းရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(၅၇၉)**

ငွေရတုမင်္ဂလာဆုတောင်း

ကျေးဇူးရှင်ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညွန့် [တပ်မှူး၊ တပ်မတော်ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်-၃၀၀)] -ချစ်မေမေ သဒ္ဓမ္မဇောတိကဓဇ ဒေါ်ခင်သန္တာဦး(လူမှုထူးချွန်တတိယဆင့်)(သင်တန်းမှူး၊ ငွေလှရတနာ အဘိဓမ္မာသင်တန်း)တို့၏ ၁၁-၂-၂၀၁၄ရက်တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ရွှေလက်မြဲမြဲတွဲလျက် နိုင်ငံအကျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆောင်ရွက်နိုင်ပြီး သာယာချမ်းမြေ့စွာဖြင့် ပြီးပြည့်စုံသောဘဝကို မိသားစုနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး-ချစ်မိုးပွင့်ဖြူ

ချစ်သမီးငယ်-အိနှင်းပွင့်ဖြူ

February 15-16 / March 22-23

50% 55000

25000

Dream Paradise

Ph:09-5053076

မန္တလေးမြို့တွင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ယာဉ်မှတ်ပုံတင်ရန် ရက် ၉၀ ကြာ ပြုလုပ်ပေးမည်

မန္တလေး၊ ဖေဖော်ဝါရီ ၁၀

ပြည်တွင်းသို့ တရားမဝင်တင်သွင်းရောက်ရှိနေသော လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များအား ဖေဖော်ဝါရီ ၁၇ ရက်မှ ဇူလိုင် ၇ ရက်အထိ ရုံးပိတ်ရက်များမှအပ ရက်ပေါင်း ၉၀ ကြာ ယာဉ်မှတ်ပုံတင် ပြုလုပ်ပေးမည်ဖြစ်ရာ မန္တလေးမြို့ စွယ်တော်မြတ်စေတီအနီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တောင်ပိုင်းခရိုင်ရုံးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်အခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်းသိရသည်။

မော်တော်ဆိုင်ကယ်မျိုးစုံအား မန္တလေးမြို့အတွင်း တွေ့ရစဉ်။

ယခုစီမံချက်သည် နောက်ဆုံးအကြိမ် ဆောင်ရွက်ပေးခြင်းဖြစ်ပြီး စီမံချက်ကာလပြီးဆုံးပါက မှတ်ပုံတင်မဲ့ဆိုင်ကယ်များအား ဖမ်းဆီးသိမ်းဆည်းပြီး ယာဉ်လက်ဝယ်ရှိသူအား အရေးယူသွားမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ် တစ်စီးလျှင် အခွန်အခအဖြစ် သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်းအား အကောက်အခွန်စည်းကြပ်ခွန်၊ သတ်မှတ်ကာလတန်ဖိုး၏ ၅ ရာခိုင်နှုန်းအား ကုန်သွယ်လုပ်ငန်းခွန်၊ သူတစ်ပါးထိခိုက်မှုအာမခံ ကျပ် ၁၇၅၀၊ မော်တော်ဆိုင်ကယ်မှတ်ပုံတင်ကြေး ကျပ် ၂၂၀၀၀၊ ဘဏ်ဆောင်ရွက်ခ ကျပ် ၅၅၀ ပေးသွင်းရမည်ဖြစ်ပြီး မော်တော်ဆိုင်ကယ်ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့်ခုနှစ်ပေါ်မူတည်၍ ပေးသွင်းရမည့် အခွန်ငွေကွဲပြားသွားမည်ဖြစ်ကြောင်းသိရသည်။

မန္တလေးမြို့တွင် တရုတ်နိုင်ငံထုတ် 90 CC စူပါကပ်၊ 110 CC၊ 125 CC ဆိုင်ကယ်များ၊ ထိုင်းနိုင်ငံထုတ် 110 CC၊ 125 CC Click ဆိုင်ကယ်များ၊ အိန္ဒိယနိုင်ငံထုတ် 110 CC၊ 150 CC အမျိုးသားစီးဆိုင်ကယ်များ အများအပြားရှိနေကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

တက္ကသိုလ်၊ ဒီဂရီကောလိပ် ကာယဗလမောင်၊ မယ်ပြိုင်ပွဲ ၄၁ ဦး ဝင်ပြိုင်

မန္တလေး၊ ဖေဖော်ဝါရီ ၁၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနများမှ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မန္တလေးပညာရေးကောလိပ် ပညာတန်ဆောင်ခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီး ဦးသန်းစိုးမြင့်နှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ကာယဗလမောင်(အငယ်တန်း)ပြိုင်ပွဲတွင် တက္ကသိုလ်ကောလိပ်များမှ မောင် ၁၂ ဦးယှဉ်ပြိုင်ကြရာ ပထမ မောင်လမင်းတရာ(ရတနာပုံတက္ကသိုလ်)၊ ဒုတိယ မောင်သက်ဖြိုးဝေ (ကလေးတက္ကသိုလ်)၊ တတိယ မောင်ထွန်းလင်းဦး(မိုးညှင်းဒီဂရီကောလိပ်)တို့ကရရှိပြီး အကြီးတန်းမောင်ပြိုင်ပွဲတွင် တက္ကသိုလ် ကောလိပ်များမှ မောင် ခြောက်ဦးယှဉ်ပြိုင်ရာ ပထမ မောင်ရှားတော်(လွိုင်ကော်တက္ကသိုလ်)၊ ဒုတိယ မောင်ရာဇာသန်းဝင်း(လားရှိုးတက္ကသိုလ်)၊ တတိယ မောင်တူးနန်း(ဗန်မော်တက္ကသိုလ်)တို့က ရရှိကြသည်။

ကာယအလှမယ်(အငယ်တန်း)ပြိုင်ပွဲတွင် ၁၆ ဦးယှဉ်ပြိုင်ကြရာ ပထမ မခင်ပြည့်စုံ(ရတနာပုံတက္ကသိုလ်)၊ ဒုတိယ မထက်ထက်ဝေ(မန္တလေးကောလိပ်)၊ တတိယ မနွေဦးခိုင်(မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)တို့က ရရှိပြီးကာယအလှမယ်(အကြီးတန်း)ပြိုင်ပွဲတွင် တက္ကသိုလ်ကောလိပ်များမှ ခုနစ်ဦးယှဉ်ပြိုင်ကြပြီး ပထမ မအေးကျော့ဟန် (မုံရွာစီးပွားရေးတက္ကသိုလ်)၊ ဒုတိယ မစုန္ဒာထွန်း (စစ်ကိုင်းပညာရေးတက္ကသိုလ်)၊ တတိယ မထက်ထက်ဇော်(လွိုင်ကော်တက္ကသိုလ်)တို့က ရရှိကြောင်းသိရသည်။

မောင်ပြည်သူ

သတင်းတိုများ

မန္တလေးသူနာပြုတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပ

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန သူနာပြုတက္ကသိုလ်(မန္တလေး) ၏ (၁၃) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၉ နာရီက မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာသူနာပြုမဟာသိပ္ပံဘွဲ့ ခုနစ်ဦး၊ သူနာပြုဒီပလိုမာ ၁၀ ဦးနှင့် သူနာပြုသိပ္ပံဘွဲ့ ၁၈၂ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်ခဲ့ပြီး သူနာပြုဒီပလိုမာအဝေးရောက်ဘွဲ့ယူသူ ၁၂ ဦးနှင့် သူနာပြုသိပ္ပံဘွဲ့ အဝေးရောက်ယူသူ ၂၉ ဦးအပါအဝင် စုစုပေါင်း ၂၄၀ ဖြစ်ကြောင်းသိရသည်။

ကိုကိုကြီး(မန္တလေး)

ရှင်ပင်သာဒွန်းဦးဘုရား ဆွမ်းဆန်စိမ်းလောင်းလှူ

နွားထိုးကြီးမြို့နယ် ရှင်ပင်သာဒွန်းဦးဘုရား၏ နှစ်စဉ်ကျင်းပမြဲ မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဖေဖော်ဝါရီ ၇ ရက်က ရှင်ပင်သာဒွန်းဦးဘုရားရင်ပြင် ကျင်းပခဲ့ပြီးမြို့ပေါ်ရှိ ဘုန်းကြီးကျောင်း ၂၂ ကျောင်းမှ ပင့်သံဃာ ၃၅၀ ကျော်အား မြို့မ (၈) ရပ်ကွက်နှင့်ပတ်ဝန်းကျင်ရွာများက စုပေါင်း၍ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို လောင်းလှူကြကာ နှစ်စဉ်ကျင်းပမြဲ ရှင်ပင်သာဒွန်းဦးဘုရား (၅၆) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ယခုဆွမ်းဆန်တော်အလှူပွဲမှာ အစည်ကားဆုံးဖြစ်ကြောင်းသိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပမည်

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ဘောလုံး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၂၁ ရက်ထိ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ရာ ဇုန်(၅)ဇုန်မှ အမျိုးသား ငါးသင်းနှင့် အမျိုးသမီး ငါးသင်း ယှဉ်ပြိုင်မည်ဖြစ်ပြီးအမျိုးသမီးပြိုင်ပွဲများကို နေ့စဉ် ညနေ ၃ နာရီ နှင့် အမျိုးသားပြိုင်ပွဲများကို နေ့စဉ် ညနေ ၅ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

သီဟကိုကို(မန္တလေး)

ဆရာဝန်အသင်း(မန္တလေး)ဂေါက်သီးရိုက်ပွဲကျင်းပမည်

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) (၄၁) ကြိမ်မြောက် မြန်မာနိုင်ငံ အထက်ပိုင်းဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲကို လာမည့် မတ်လ ၂ ရက် တွင် ပြင်ဦးလွင်မြို့ ပြင်ဦးလွင် ဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဂေါက်ရိုက်ဝါသနာရှင် ဆရာဝန်များ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ၎င်းပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကိုဇန်နဝါရီ ၅ရက်တွင် မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)ရတနာပုံခန်းမ၌ကျင်းပခဲ့ပြီး ပါမောက္ခ ဒေါက်တာဦးစိုးထွန်း(ဥက္ကဋ္ဌ)၊ ဆီးနှင့်ကျောက်အထူးကုဆရာဝန်ကြီးဒေါက်တာခင်မောင်ကျော်(အတွင်းရေးမှူး)အဖြစ် ပါဝင်သော ပြိုင်ပွဲကျင်းပရေးကော်မတီကို ဖွဲ့စည်း၍ ညှိနှိုင်းဆွေးနွေးကြသည်။ အသေးစိတ် သိလိုပါက မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဖုန်း - ၀၂၆၄၈၄၄ သို့ ဆက်သွယ်နိုင်သည်။

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V SENTOSA LEADER (V.27) သင်္ဘောသည် ၁၃-၂-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V KOOKYANG TRADER(V.1)သင်္ဘောသည် ၁၂-၂-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

အသိပေးကြေညာချက်

ဂျပန်နိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V CHANG DA LONG(V.4)သင်္ဘောသည် ၁၃-၂-၂၀၁၄ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADINGများ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

၂၅၆၉၂၄၊ ၂၅၆၉၁၄၊ ၂၅၆၉၀၃၊ ၂၅၆၉၁၃

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်



မန္တလေးတိုင်းဒေသကြီး၌ ယဉ်ကျေးမှု အမွေအနှစ်ဇုန် ရှစ်ဇုန်သတ်မှတ်ပြီးဖြစ်

မန္တလေး၊ ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီးအတွင်း ဇုန်နယ်နိမိတ် သတ်မှတ်ပြဋ္ဌာန်းပြီးသော ယဉ်ကျေးမှုအမွေအနှစ် ဒေသနှင့် အဆောက်အအုံ တည်ရှိရာဇုန် ရှစ်ဇုန် အတည်ပြုပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာနမှ သိရသည်။

ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုန်၊ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အဖြစ်အမရပူရမြို့နယ်အတွင်းရှိ မဟာဝေယံဘုံသာ ဗားကရာကျောင်းတော်ကြီး၊ အောင်မြေသာစံမြို့နယ်အတွင်း ရှိ မဟာအတုလဝေယံအတုမရှိကျောင်းတော်ကြီး၊ ရွှေနန်းတော်ကျောင်း၊ နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားနှင့်မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားတို့အား အမိန့်ကြော်ငြာစာအမှတ်၃/၉၉ ဖြင့် ၁၉၉၉ခုနှစ်သြဂုတ်လ ၆ ရက်က အတည်ပြုခဲ့ပြီးဖြစ်သည်။

သပိတ်ကျင်းမြို့နယ်၊ တကောင်းမြို့ဟောင်းဒေသကို အမိန့်ကြော်ငြာစာအမှတ်၁/၀၇ ဖြင့် ၂၀၀၇ခုနှစ်ဇွန်လ ၅ ရက်နှင့် ကျောက်ဆည်ခရိုင်တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းဒေသကိုအမိန့်ကြော်ငြာ စာအမှတ်၂/၀၈ဖြင့် ၂၀၀၈ ခုနှစ် ဇွန် ၁၃ ရက်တွင်လည်းကောင်း အလားတူ ကျောက်ဆည်ခရိုင် အတွင်းတွင် တည်ရှိသည့် ကျောက်ဆည်မြို့နယ် မြင်စိုင်းမြို့ဟောင်းဒေသကိုအမိန့်ကြော်ငြာစာအမှတ် ၉/၀၈၊ တံတားဦးမြို့နယ် ပင်းယ ဒေသအား အမိန့်ကြော်ငြာစာအမှတ် ၁၀/၀၈နှင့် စဉ့်ကိုင်မြို့နယ်၊ ပလိပ် ဒေသ၊ ရတနာလာဘမုနိ ဆုတောင်းပြည့်မြွေဘုရား၊ ဗန်းမော်ကျောင်း၊ ကျိတ်ကုန်းကျောင်း၊ ပါဠိလိကျောင်း၊ဗောဓိကျောင်း၊လေးထပ်ကျောင်းနှင့်နောက်တော်ပါကျောင်းတို့အား အမိန့်ကြော်ငြာစာအမှတ် ၁၁/၀၈ ဖြင့်၂၀၀၈ခုနှစ်သြဂုတ် ၂၅ ရက်တွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်အဖြစ်သတ်မှတ်ခဲ့သည်။

နွားထိုးကြီးမြို့နယ် ဘုရားကြီးကျေးရွာအနီးရှိ ဝတီးမြို့ဟောင်းအားအမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၂ နှင့် မြစ်သားမြို့နယ် မိုင်းမောကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်(မိုင်းမော)မြို့ဟောင်းကို အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၂ ဖြင့် ၂၀၁၂ ခုနှစ်စက်တင်ဘာလ ၃ ရက်တွင် သတ်မှတ်ခဲ့သည်။

ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးအတွက်ဥပဒေပုဒ်မ၃၀(ခ)အရရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနသည်ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်အတွင်း (ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသမှအပ ကျန်ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၅ ခုအတွက် လိုက်နာဆောင်ရွက် ရမည့်စည်းကမ်းချက်များလည်း ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။ **အောင်ရဲသွင်**

ယဉ်ကျေးမှုအမွေအနှစ်ဒေသ ၄၅ ခု အတွက် လိုက်နာ . . .

နွားထိုးကြီးမြို့နယ်အတွင်း နွေဦးသီးနှံများဖြစ်သော ပဲစင်းငုံများ၊ မြေပဲများ နှုတ်နေကြပြီး မလှိုင် ၅၊ ၆ ဝါ၊ ငွေချည် ၆ဝါ နှင့် ထောပတ်ပဲများပါ ရိတ်သိမ်းနေပြီးဖြစ်သည်။ ယခုနှစ် ပဲစင်းငုံ၊ မြေပဲ ဈေးမကောင်းသော်လည်း ထောပတ်ပဲ ဈေးကောင်းကာ ဝါဈေးလည်းကောင်းကြောင်း တောင်သူများကပြောသည်။ နွေဦးသီးနှံအဖြစ် မြေပဲ ၂၅၇၄၉ ဧက၊ ပဲစင်းငုံ ၈၇၅၉၇ ဧက၊ ထောပတ်ပဲ ၂၅၅၃၄ ဧက၊ ဝါ ၂၁၄၀၀ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ဌေးမြင့်မောင်

နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းရှိ ခြင်္သေ့ရုပ်တုကြီးပေါ်မှ ညောင်ပင်ကြီး ဖယ်ရှား

မန္တလေး၊ ဖေဖော်ဝါရီ ၁၀

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိဟေမာအရှေ့ရပ်ကွက် (၂၂) လမ်းပေါ်ရှိ နှစ်ပေါင်း ၁၅၀ ကျော်ခန့်ရှိသော ရှေးဟောင်းခြင်္သေ့ရုပ်တုကြီး၏ အမြီးပိုင်းအား ညောင်ပင်မှ အမြစ်များပွားထွက် ကြီးထွားလာသဖြင့် ရုပ်တု ပြိုလဲမည့် အနေထားသို့ ရောက်ရှိနေသည့်အတွက် မန္တလေးမြို့တော်စည်ပင်က ဖေဖော်ဝါရီ ၆ ရက်တွင် ဖယ်ရှားလိုက်ကြောင်း သိရသည်။

အဆိုပါ ခြင်္သေ့ရုပ်တုအား ဝါးမျိုနေသည့် ညောင်ပင်ကို ၁၀ ပေ၊ ၁၅ပေခန့်ဖြတ်ယူပြီး မူလအတိုင်း ရှင်သန်အောင် ကရိန်းကားဖြင့် သယ်ယူကာ မန္တလေးတောင်ခြေ အဆင်းလမ်းတွင် ရွှေ့ပြောင်းစိုက်ပျိုးထားသည်။

နှစ်ပေါင်း ၁၅၀သက်တမ်းရှိသည့် အဆိုပါ ခြင်္သေ့ရုပ်တုကြီးမှာ မန္တလေးမြို့တည်နန်းတည် ရှေးဘုရင်များက ဧရာဝတီမြစ်ဆိပ် အဆင်းလမ်းတွင် မုခ်ဦးအဖြစ် ခြင်္သေ့ရုပ်နှစ်ခု ပြုလုပ်ထားခဲ့ကြောင်း သမိုင်းသုတေသီများက ပြောသည်။ **မောင်ပြည်သူ (မန္တလေး)**

ရေမီတာဖြင့် ကျေးရွာလုံးကျွတ်ရေပေးနိုင်ရန် ယူနီဆက် ကွင်းဆင်း

နွားထိုးကြီး၊ ဖေဖော်ဝါရီ ၁၀

နွားထိုးကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရွာလုံးကျွတ် ရေကောင်းရေသန့်နှင့် နိုင်ငံတကာ ရေမီတာစနစ်ဖြင့် ရေပေးဝေနိုင်ရန် ကုလသမဂ္ဂကလေး များရန်ပုံငွေအဖွဲ့(ယူနီဆက်)မှ တာဝန်ရှိသူများက ဖေဖော်ဝါရီ ၅ ရက် မှ ၆ ရက်အထိ မြို့နယ်အတွင်းကျေးရွာ ၁၃ ရွာသို့ ကွင်းဆင်းညှိနှိုင်းကြကြောင်းသိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၏ ကြီးကြပ်မှုနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့များနှင့် ယူနီဆက်အဖွဲ့သည် ပဲချက်ရွာ၊ အောင်ပန်းကုန်းရွာ၊ ထန်းဇင်မြောက်ရွာ၊ ခက်လန်းရွာ၊ မျက်ရှုရွာနှင့် လက်ပန်ရွာ၊ ဘုံသာရွာ စသည့်ကျေးရွာ ၁၃ ရွာသို့ ကွင်းဆင်းခဲ့သည်။

ယူနီဆက်က ရေကောင်းရေသန့်သုံးရန် လက်ရှိစက်ရေတွင်းများမှ အိမ်အရောက် ပိုက်လိုင်းဆင်၍ ရေမီတာဖြင့်ရေရရှိရန် စီစဉ်ခြင်းဖြစ်ရာ ပိုက်များကို ယူနီဆက် က ပံ့ပိုးကူညီမည်ဖြစ်ပြီး ရေစင်နှင့်ရေမီတာများကို ရွာများက ပြုလုပ်ရမည်ဟု ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံ ဒေါ်အေးအေးသိန်းက ပြောသည်။ **ဌေးမြင့်မောင်**

သတင်းတို

မြင်းခြံ–ရန်ကုန် ရထားတွဲများ အဆင့်မြှင့်တင်

မြင်းခြံမှ ရန်ကုန်သို့ တိုက်ရိုက်ပြေးဆွဲနေသော ရထားတွဲများအား မြန်မာ့မီးရထားမှ ဇန်နဝါရီလအတွင်းမှ စတင်၍ အထက်တန်း၊ ရိုးရိုးတန်းများဖြင့် ပြေးဆွဲနေပြီဖြစ်ကြောင်းနှင့် နေ့စဉ် အထက်တန်းတစ်တွဲပြေးဆွဲပြီး ရိုးရိုးတန်းမှာ သုံးရက်တစ်ကြိမ်ပြေးဆွဲနေကြောင်းသိရသည်။ **ဌေးမြင့်မောင်**

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၄)အကြီးစားစက်ရုံ(ဒဂုံ) တောင်ဒဂုံစက်မှုဇုန်(၁)ရှိ အောက်ပါစက်ရုံ၊အလုပ်ရုံနှင့် မြေကွက်လွတ်များကို နှစ်ရှည်ငှားရမ်း ဆောင်ရွက်ရန်ဖိတ်ခေါ်အပ်ပါသည်-

(က)	ဆိုလာနှင့်မီတာအလုပ်ရုံ	၆. ၉၂၇ဧက
(ခ)	ဓာတ်ခဲအလုပ်ရုံ	၅. ၇၉ဧက
(ဂ)	ဘို့နပ်အလုပ်ရုံ၊ဘက်ထရီအိုးခွံအလုပ်ရုံ ဝါယာနန်းဆွဲအလုပ်ရုံ	၁. ၉၂ဧက
(ဃ)	ရှင်းလင်းဆောင်နှင့်လုံခြုံရေးဂိတ်	၁. ၄ဧက
(င)	မြေကွက်အမှတ်(၄၇၆)မှ မြေလွတ်(A)	၉. ၄၁ဧက
(စ)	မြေကွက်အမှတ်(၄၇၆)မှမြေလွတ်(B)	၂. ၅၈ဧက
(ဆ)	မြေကွက်အမှတ်(၄၇၆)မှ မြေလွတ်(C)	၁. ၆၁ဧက
(ဇ)	မြေကွက်အမှတ်(၄၇၆)မှမြေလွတ်(D)	၁. ၄၂ဧက
(ဈ)	မြေကွက်အမှတ်(၄၇၆)မှမြေလွတ်(E)	၁. ၅၇ဧက
(ည)	မြေကွက်အမှတ်(၄၇၆)မှမြေလွတ်(F)	၇. ၅ဧက
(ဋ)	မြေကွက်အမှတ်(၄၇၇)	၁. ၃၉၉ဧက
(ဌ)	မြေကွက်အမှတ်(၅၁၃)	၀. ၁၃၈ဧက
(ဍ)	မြေကွက်အမှတ်(၅၁၃)မှမြေလွတ်(A)	၁. ၉၁၇ဧက

၂။ စက်ရုံ၊ အလုပ်ရုံနှင့် မြေကွက်လွတ်များကို ၂၀+၅+၅ နှစ်ရှည်ငှားရမ်းဆောင်ရွက်မည်ဖြစ ပါ သည်။

၃။ တင်ဒါများကို ဆောင်ရွက်လိုသည့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာနှင့် တစ်နှစ်ငှားရမ်းခ (ကျပ်သန်း) အဆိုပြုလွှာဟူ၍ စာအိတ် နှစ်အိတ်ဖြင့် တင်သွင်းရမည်ဖြစ်ပါသည်။

၄။ စိတ်ဝင်စားသူများအနေဖြင့် တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းများကို ၁၀-၂-၂၀၁၄ရက် ၉နာရီမှစတင်၍ တစ်စုံလျှင် ကျပ် ၂၀၀၀၀(ကျပ်နှစ်သောင်းတိတိ) ဖြင့် အောက်ပါလိပ်စာတွင် ဝယ်ယူနိုင်ပြီး ၂၅-၂-၂၀၁၄ရက် (အင်္ဂါနေ့) ၁၃း၀၀နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်း ရမည်ဖြစ်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တိုးချဲ့စီမံကိန်းအတွက် ပေးပို့လာသောစက်ပစ္စည်း အစိတ်အပိုင်းများနှင့် Steel Structure များ ခန့်မှန်း ၆၀၀၀၀ တန်အား ယာဉ်အောက်သို့ချခြင်း (Unloading) လုပ်ငန်းဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်-၁၀-၂-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်-၁၄-၂-၂၀၁၄ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

သံမဏိစက်ရုံများကြီးကြပ်ရေးဌာန၊
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်၊
ဖုန်း ၀၆၇-၄၀၈၃၄၅

တိုက်ခန်းရောင်းမည်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ စက်မှု(၁)လမ်း၊ တက္ကသိုလ်ရိပ်မွန်အနီး၊ မြေညီထပ်တိုက်ခန်း၊ အကျယ်ပေ(၃၀×၈၀) MBR(၂)ခန်း၊ BR(၄)ခန်း၊ ဧည့်ခန်း(၂)ခန်း၊ ဘုရားခန်း၊ အဲယားကွန်း(၄)လုံး၊ ရေပူရေအေး၊ ရေချိုးကန်၊ရေ/မီးကောင်းသည်။ ကားဂိုဒေါင်သီးသန့်၊ မြေပိုပေ(၂၀×၅၀)ပါရှိသည်။ အဆင့်မြင့်ပြင်ဆင်ထားသည်။ သိန်း ၄၂၀၀

ဆက်သွယ်ရန်ဖုန်း - ၀၁-၅၄၃၂၆၄၊ ၀၉-၅၀၅၄၀၅၆၊ ၀၉-၅၀၂၀၈၆၅၊ ၀၉-၂၅၀၂၇၂၂၈၁

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၂၂)အကြီးစားစက်ရုံ(ဘီးလင်း)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂၂) အကြီးစားစက်ရုံ(ဘီးလင်း)၏ မော်တော်ယာဉ် တာယာထုတ်လုပ်မှုလုပ်ငန်းရှိ စက်များတွင် အသုံးပြုရန်အတွက် လိုအပ်သောစက်မှုနှင့် လျှပ်စစ်စက်အရန်ပစ္စည်းများကို အောက်ဖော်ပြပါ အရေအတွက်နှင့် အမျိုးအစားအတိုင်း မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	အမျိုးအစား	အရေအတွက်
(က)	စက်မှုနှင့်လျှပ်စစ်စက်အရန်ပစ္စည်း	၁၁၇မျိုး

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များ၊ ဝယ်ယူမည့်ပစ္စည်းအမျိုးအမည်နှင့် အသေးစိတ်အချက်အလက်များကို ၁၀-၂-၂၀၁၄ရက်မှစတင်၍ အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်ဈေးနှုန်းတင်ဒါများကို ၁၈-၂-၂၀၁၄ရက် ၁၂နာရီ နောက်ဆုံးထား၍ တင်သွင်း ရမည်ဖြစ်ပါသည်-

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ်(၃၀)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၅၁၅၁၊ ၀၆၇-၄၀၅၀၅၈

Computer အိမ်လိုက်သင်သည်

-i-office
-graphic design
-web design
-web developing with PHP,MySQL

ဆက်သွယ်ရန် - တင်မျိုးဝင်း
ဖုန်း-၀၉-၅၁၀၄၉၇၃

ဝမ်းတွင်းမြို့နယ်အတွင်း လျှပ်စစ်မီးရရှိလာခြင်းကြောင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ဝမ်းတွင်း ဖေဖော်ဝါရီ ၁၀

ဝမ်းတွင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နေကြပြီး မီးလင်းရေးလုပ်ငန်းနှင့်အတူ စက်မှုလုပ်ငန်းများကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်နေကြပြီဖြစ်သည်။

စိန်ပန်းပင်ကျေးရွာ၊ ထီးလှိုင်ကျေးရွာအရှေ့၊ ဘုရားစုကျေးရွာ၊ ထနောင်းကုန်းကျေးရွာ၊ ကျောင်းကုန်းကျေးရွာ၊ သဖန်းကျေးရွာ၊ ဒိုင်းကောက်ကုန်းကျေးရွာ၊ ရွာရှည်ကျေးရွာ၊ ညောင်ပင်လှကျေးရွာ၊ဆည်ရွာကျေးရွာ၊ကင်းရွာ၊ ရုံးတော်ကျေးရွာတို့တွင် ယခုအခါ လျှပ်စစ်မီးရရှိပြီး ခင်ကြီး၊ ထီးလှိုင်အနောက်၊ ညောင်ပင်သာ၊ ဆည်ရွာကျေးရွာတို့တွင် လျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်နေပြီဖြစ်သည်။လျှပ်စစ်မီးလင်းသည့်ကျေးရွာများတွင် ဝမ်းတွင်းမြို့၏ အဓိကစက်မှုလုပ်ငန်း ဖြစ်သော စက်ရက်ကန်းနှင့် အခြားလက်မှုလုပ်ငန်းများကို လုပ်ကိုင်နေကြသည်။

စက်မှုလုပ်ငန်းရှင် တွင်ခုံပိုင်ရှင်များအနေဖြင့် ယခင်က စက်ရက်ကန်း၏ အသေးစားပစ္စည်းများကို လုပ်ကိုင်ပေးရာမှ ယခုအခါ လျှပ်စစ်မီးများတိုးချဲ့ရရှိလာသဖြင့် စက်ရက်ကန်းစင်များကို ဝယ်ယူသူများနေ၍ လိုအပ်သလောက်ကို သတ်မှတ်ရက်ချိန်းအတိုင်း လုပ်မပေးနိုင်ကြောင်း၊ ယခင်က စက်ရက်ကန်းစင်တစ်စင်ကို ငွေကျပ် ၁၇သိန်းသာ ပေးရသော်လည်း ယခုအခါ လုပ်ကိုင်သူများလာ၍ ငွေကျပ် ၁၉သိန်း အထိ ဈေးတက်လာကြောင်း စက်မှုလုပ်ငန်းရှင် တွင်ခုံပိုင်ရှင်များ၏ ပြောဆိုမှုများကိုလည်း ကြားသိရသည်။

ယခင်က ကျေးရွာများအနေဖြင့် မြို့ပေါ်နှင့်လျှပ်စစ်မီးရသည့်ကျေးရွာများသို့ နေ့စဉ်သွားရောက်၍စက်ရက်ကန်းလုပ်ငန်းလုပ်ကိုင်ခဲ့ရာ ယခုအခါ ကိုယ့်ကျေးရွာ၌ပင် လျှပ်စစ်မီးရရှိ၍ စက်ရက်ကန်းလုပ်ငန်းကို လုပ်ကိုင်ရသဖြင့် သွားလာမှုဒုက္ခမှ ကင်းဝေးပြီး ကျေးရွာသူကျေးရွာသားများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုကြောင်း ဒေသခံတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ဒွေးလှိုင်(ဝမ်းတွင်း)

နည်းပညာတက္ကသိုလ်(ပင်လုံ) အင္ဂျင်နီယာ...

လှိုင်လင် ဖေဖော်ဝါရီ ၁၀

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာတက္ကသိုလ် (ပင်လုံ)၏ အဌမအကြိမ် အင်ဂျင်နီယာနှင့် အင်ဂျင်နီယာနည်းပညာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားသို့ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) ခြောက်ဦး၊ အင်ဂျင်နီယာဘွဲ့(အီလက်ထရွန်နစ်) သုံးဦး၊ အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) နှစ်ဦး၊ အင်ဂျင်နီယာဘွဲ့(စက်မှု) နှစ်ဦး၊ အင်ဂျင်နီယာနည်းပညာဘွဲ့ (မြို့ပြ) ၁၀ ဦး၊ အင်ဂျင်နီယာနည်းပညာဘွဲ့(အီလက်ထရွန်နစ်) ကိုးဦး၊ အင်ဂျင်နီယာနည်းပညာဘွဲ့ (စက်မှု) ခုနစ်ဦး၊ အင်ဂျင်နီယာဘွဲ့ (မြို့ပြ) တစ်ဦး၊ အင်ဂျင်နီယာဘွဲ့ (အီလက်ထရွန်နစ်) နှစ်ဦး၊ အင်ဂျင်နီယာဘွဲ့ (လျှပ်စစ်စွမ်းအား) တစ်ဦး၊ အင်ဂျင်နီယာဘွဲ့(စက်မှု) တစ်ဦး၊ အင်ဂျင်နီယာနည်းပညာဘွဲ့ (မြို့ပြ) နှစ်ဦး၊ အင်ဂျင်နီယာနည်းပညာဘွဲ့ (အီလက်ထရွန်နစ်) နှစ်ဦး၊ အင်ဂျင်နီယာနည်းပညာဘွဲ့(လျှပ်စစ်စွမ်းအား) သုံးဦး စုစုပေါင်း ၅၇ ဦး ရှိသည့်အနက် ၄၅ဦး တက်ရောက်ယူကြပြီး ၁၂ဦးမှာ အဝေးရောက်ဘွဲ့ယူကြကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

သတင်းတိုများ

ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု ယုဇနလမ်းကတ္တရာလမ်းသစ်ဖွင့်လှစ်

အောင်လံ ဖေဖော်ဝါရီ ၁၀

(၆၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယုဇနလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲကို အောင်လံမြို့ ဇေယျဝတီရပ်ကွက် ယုဇနလမ်းတွင် ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပရာ လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို အဆိုပါမုခ်ဦးရှေ့၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးမောင်မောင်အေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့သည်။ အဆိုပါ ကတ္တရာလမ်းသစ်မှာ အရှည်ပေ ၅၇၀၊ အကျယ် ၁၂ ပေရှိပြီး အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်ပြန်/ဆက်

ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု စက်ရေတွင်းသစ်ဖွင့်ပွဲ ကျင်းပ

မင်းဘူး ဖေဖော်ဝါရီ ၁၀

(၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာ စက်ရေတွင်းသစ်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူက စက်ရေတွင်းသစ်တူးဖော်ဆောင် ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် စက်ရေတွင်းသစ်ဖွင့်ပွဲအထိမ်းအမှတ်ဖဲကြိုးကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စက်ရေတွင်းသစ်တွင် ဒေသခံပြည်သူများ သောက်သုံးရေခပ်ယူနေမှုနှင့် မြေအောက်ရေတင်နေမှုအခြေအနေတို့ကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဆင်ခေါင်းကျေးရွာသည် နွေရာသီတွင် သောက်သုံးရေရှားပါးလှ၍ မြေအောက်ရေတူးဖော်ရန်အခက်အခဲရှိသည့်အတွက် တိုင်းဒေသကြီးအစိုးရ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၁၅၂ သိန်း အကုန်အကျခံ၍ မြေအောက် အနက်ပေ ၄၀၀မှ ရေအား အင်ဂျင်စက်များဖြင့်တင်ယူကာ ဂါလန် ၅၀၀၀ ဆံ့ အုပ်ရေလှောင်ကန်နှင့် ခံယူဖြန့်ဝေပေးလျက်ရှိရာ ဒေသခံပြည်သူများ ရာသီမရွေးသန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိပြီဖြစ်၍ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

တင်ထွန်းဦး(IPRD)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ဦးဆောင်ကျင်းပသော
ASEAN Animation Contest 2014 ပြိုင်ပွဲဝင်ရွေးချယ်မည့်အစီအစဉ်ကြေညာခြင်း

၁။ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ဦးဆောင်၍ ကျင်းပသော ASEAN Animation Contest 2014ပြိုင်ပွဲကိုမြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲဝင်ရွေးချယ်ခြင်းကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင်အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ရန် စိတ်ပါဝင်စားသော Animationဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အပျော်တမ်းပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(က)	ပြိုင်ပွဲဝင်ခေါင်းစဉ်	-"ASEAN Copyright Awareness"
(ခ)	ပြိုင်ပွဲအမျိုးအမည်	- Animation
(ဂ)	ပြိုင်ပွဲဝင်အမည်စာရင်းနှင့်ပြိုင်ပွဲဝင်မည့် Animation တင်သွင်းနိုင်မည့်ရက်	- ၁၇-၂-၂၀၁၄ရက်မှ ၂၅-၂-၂၀၁၄ရက်ထိ
(ဃ)	ရွေးချယ်ခံရသူစာရင်းထုတ်ပြန်ကြေညာမည့်ရက်	-၁-၃-၂၀၁၄ရက်

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက https: //www.facebook.com/ip.myanmarတွင်လည်းကောင်း၊ဖုန်းနံပါတ်-၀၆၇-၄၀၄၅၀၇သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန



SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိမြေကွက်များ ရောင်းလို၊ ဝယ်လိုပါသလား? SEVENစံ နဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခ လုံးဝ မယူပါ။

ဖုန်း-၀၁-၂၀၅၇၄၈
၀၉-၃၃၃၃၃၅၁၄
၀၉-၇၃၁၁၉၀၉၉

အသားအရေစိုပြည်စေမည့်အစားအစာများ

ay|ufay|uf

အသားအရေ စိုစိုပြည်ပြည်နှင့် ဖြူဝင်းမွတ်ချင်တာ လူသားအားလုံးရဲ့ဆန္ဒပါ။ ညိုသူများက ဖြူချင်သလို၊ ဖြူသူများကလည်း အပြစ်အနာအဆာကင်းတဲ့ အသားအရေကို တောင့်တကြတာကြောင့် မျက်နှာသစ်ဆပ်ပြာ၊ မိတ်ကပ်၊ ကရင်မ်၊ လိုးရှင်း၊ အလှဆီစတဲ့ အလှပြင်ပစ္စည်းအမျိုးမျိုးကို လိမ်းကျံနေကြရပါတယ်။ ထိုပစ္စည်းတွေမှာ အစွန်းချွတ်ဆေးအပါအဝင် ဓာတုဆေးဝါး အချို့ထည့်သွင်းထားတာကြောင့် ဘေးထွက်ဆိုးကျိုးတွေဖြစ်စေပြန်ပါတယ်။ အသားအရေကောင်းစေဖို့အတွက် ရေများများ သောက်ရင်း သင့်တင့်တဲ့ ကိုယ်လက်လှုပ်ရှားမှုမျိုးကိုပါ နေ့စဉ်တွဲလုပ်ပေးသင့်ပါတယ်။ အသားအရေကို ထိခိုက်စေမယ့် ဆေးလိပ်၊ အရက်သေစာများ၊ ဆီကြော်မုန့်တွေကို ရှောင်ရှားရင်း၊ သဘာဝဗီတာမင်ဖြည့်စွက်စာအဖြစ် အောက်ပါအကျိုးပြု အစားအစာများကို မှီဝဲသင့်ပါတယ်။

(မုန်လာဥနီ)အသားအရေနှင့် ဆံပင်ကောင်းစေတဲ့ ဟင်းသီးဟင်းရွက်အမျိုးအစားတွေထဲမှာ မုန်လာဥနီလည်း တစ်မျိုးပါဝင်ပါတယ်။ မုန်လာဥနီထဲမှာ ဗီတာမင်စီနှင့် carotene တွေပါရှိနေလို့ အသားအရေဖြူဝင်းလိုသူများ မှန်မှန်စားသုံးပေးသင့်ပါတယ်။

(သင်္ဘောသီး) သင်္ဘောသီးထဲမှာ ဗီတာမင်စီဓာတ်တွေ အများအပြားပါရှိတဲ့အပြင် ဗီတာမင်အေ၊ ဗီတာမင်အီးနဲ့ အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေပါရှိနေတာကြောင့် အရေပြားကို ကြည်လင်သန့်စင်စေပြီး ဝက်ခြံနှင့် အသားအရေပေါ်က အမည်းကွက်များကို ဖယ်ရှားသုတ်သင်ပေးပါတယ်။ သင်္ဘောသီးမှည့်စားရင်း သင်္ဘောသီးမှည့်ဖြင့် မျက်နှာကိုလိမ်းကျံလို့ ရပါတယ်။ ဒါ့ပြင် သင်္ဘောသီးက အမျိုးသမီးများ လစဉ်ဓမ္မတာကို ပုံမှန်ဆင်းစေနိုင်ပါတယ်။

(ခရမ်းချဉ်သီး) လတ်ဆတ်တဲ့ အနီရောင်ခရမ်းချဉ်သီးတွေထဲမှာ carotene ထက်သာတဲ့ သဘာဝဟင်းရွက်တွေမှာတွေ့ ရခဲသော lycopene ဓာတ်တွေ ကြွယ်ဝစွာပါရှိနေပါတယ်။ lycopene ဓာတ်က အသားအရေအတွက် ဓာတ်စာဖြစ်ပါတယ်။ ကိုယ်အလေးချိန် ကျစေတဲ့အပြင် ကင်ဆာရောဂါတော်တော်များများကို ကောင်းကျိုးပြုပါတယ်။

(ကီဝီသီး) အချဉ်သီးမျိုးနွယ်ဝင် ကီဝီသီးထဲမှာ ဗီတာမင်စီတွေ မြောက်မြားစွာပါရှိနေတာမို့ အသားအရေကို သဘာဝနည်းဖြင့် ဖြူဝင်းစေနိုင်ပါတယ်။ မျက်နှာပေါ်မှာ တင်းတိပ်၊ မှည့်ခြောက်၊ ဝက်ခြံအမာရွတ်ရှိသူများအတွက် ကီဝီသီးကို သဘာဝဆေးအဖြစ် အားကိုးနိုင်ပါတယ်။

(သကြားမုန်လာဥနီ) Beetroot(ခေါ်) သကြားမုန်လာဥနီရဲ့ ပုံသဏ္ဍာန်က သွေးနီရောင် (သို့မဟုတ်)ခရမ်းနီရောင်ဖြစ်ပြီး ဓားနဲ့ လှီးလိုက်တဲ့အခါ သွေးရည်ကြည်ကဲ့သို့ နီနီရဲရဲ အရည်ရွှမ်းပါတယ်။ ဥရဲ့ပုံစံက ကြက်သွန်နီကဲ့သို့ လုံးဝိုင်း၍ အပေါ်ယံအခွံ အထပ်အထပ်ကလေးတွေဖြစ်နေပြီး လက်သီးဆုပ်ခန့် အရွယ်အစားမျိုးလေးပါ။ ဥရဲ့ ထိပ်ပိုင်းမှာ အစိမ်းရင့်ရောင် (သို့မဟုတ်) စိမ်းညိုရောင်သန်းတဲ့ ရိုးတံရှည်နဲ့ အတူအရွက်ဖားဖားများ ပါရှိပါတယ်။ အဲဒီအရွက်တွေက မုန်လာဥ(အဖြူ) အရွက်တွေလောက်တော့ မထွားကျိုင်းပါဘူး။ ၎င်းသကြားမုန်လာဥနီမှာပါရှိတဲ့ သဘာဝသံဓာတ်နှင့် ဗီတာမင်ဓာတ်တွေက သွေးလည်ပတ်စီးဆင်းမှုအားကောင်းစေကာ မျက်နှာပေါ်ရှိ ချွေးပေါက်များကို ကျဉ်းစေရုံသာမက ပါးနှစ်ဖက်ကို ပန်းသွေးရောင်လွှမ်းစေပါတယ်။

(အစိမ်းရောင် ဟင်းသီးရွက်များ) ဟင်းနုနယ်၊ ကိုက်လန်၊ ကန်စွန်းရွက်၊ ဆလတ်၊ ကညွတ်၊ မုန်ညင်းစိမ်းစတဲ့ အစိမ်းရောင် ဟင်းသီးဟင်းရွက်တွေမှာ အရေပြား ကျန်းမာရေးအပါအဝင် ခန္ဓာကိုယ်ကြီးတစ်ခုလုံးကို ကောင်းကျိုးပြု တဲ့ ဗီတာမင်၊ အာဟာရ၊ သတ္တုဓာတ်တွေနှင့်ပြည့်နှက်နေပါတယ်။ ဒါကြောင့် ဓာတုဆေးဝါးကင်းစင်တဲ့ အော်ဂဲနစ် လတ်လတ်ဆတ်ဆတ် ဟင်းရွက်တွေကို များများစားပေးသင့်ပါတယ်။

(စတော်ဘယ်ရီသီးများ) ဆစ်ထရစ်အက်စစ် အမြောက်အမြားပါရှိတဲ့ အနီရောင်စတော်ဘယ်ရီသီးလေးတွေက အသားအရေကို သူမတူအောင်ရွှန်းစိုတောက်ပ ပေးနိုင်စွမ်းရှိပါတယ်။

(လက်ဖက်ရည်ကြမ်း) အစိမ်းရောင်လက်ဖက်ရွက်တွေက အရေပြားအတွက် အကောင်းဆုံး ဆေးဖက်ဝင်အရွက်တစ်မျိုး ဖြစ်ပါတယ်။ လက်ဖက်စိမ်းရွက်တွေက အရွယ်တင်နုပျိုစေတဲ့အပြင် အရေပြားနေလောင်ခြင်း၊ အမာရွတ်များနှင့် အမည်းကွက်များကို ကောင်းစွာကုသပေးနိုင်ရုံမက အသားအရေကို နုးညံ့ပျော့ပျောင်းစေပါတယ်။ (ဒါ့ကြောင့် အရေပြားရောဂါအမျိုးမျိုးအတွက် လက်ဖက်ရည်ကြမ်း သောက်ရင်း လက်ဖက်ရွက်ဆီကိုပါ လိမ်းပေးပါ)

(ပန်းငရုတ်ပွများ) ဟင်းသီးဟင်းရွက်နွယ်ဝင် အစိမ်းရောင်ပန်းငရုတ်သီးပွတွေထဲမှာ အသားအရေကိုကောင်းကျိုးပြုတဲ့ lycopeneနှင့် ဗီတာမင်စီဓာတ်တို့ အလုံအလောက်ပါရှိနေပါတယ်။ ဒါ့ပြင် ငရုတ်သီးပွထဲမှာပါရှိတဲ့ Silica ဓာတ်တစ်မျိုးက အသားအရေကို ဝင်းပစေတဲ့အပြင်၊ အရွယ်မတိုင်မီ အရေပြားအိုမင်းခြင်းမှလည်း ကာကွယ်ပေးနိုင်ပါတယ်။

(ပဲပိစပ်) ပဲပိစပ်(ခေါ်)ပဲပုပ်ပဲတွေထဲမှာ ဗီတာမင်နှင့် ဇင့်ဓာတ်တွေ ကြွယ်ဝစွာပါရှိနေပါတယ်။ ၎င်းဓာတ်တွေက ဝက်ခြံနှင့်အရေ ပြား ရောဂါအမျိုးမျိုးကို ကုသပေးနိုင်စွမ်းရှိပါတယ်။ သင့်အရေပြားကောင်းမွန်စေဖို့အတွက် ပဲနို့ရည်အပါအဝင်၊ ပဲပိစပ်ဖြင့်ပြုလုပ်ထားတဲ့ အစားအစာတွေကိုစားပေးသင့်ပါတယ်။

(ဘရိုကိုလီ (ခေါ်) ပန်းဂေါ်ဖီစိမ်း) အစိမ်းရောင် ပန်းဂေါ်ဖီတွေထဲမှာပါရှိတဲ့ ဗီတာမင်စီ၊ ဗီတာမင်အီးနှင့် ခန္ဓာကိုယ်အကျိုးပြု ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက အရေပြားလုပ်ဆောင်မှုစနစ်ကို သန့်စင်စေပြီး သဘာဝအတိုင်းကြည်လင်ဝင်းပတဲ့ မျက်နှာအသားအရေကို ပိုင်ဆိုင်စေပါလိမ့်မယ်။

(ပင်လယ်ငါးများ) ပင်လယ်ငါးတွေက အိုမီဂါ-၃ ဖက်တီးအက်စစ် ကြွယ်ဝတဲ့အရင်းအမြစ်ဖြစ်ပြီး ထိုအက်စစ်တွေက လူ့ခန္ဓာကိုယ်အသားအရေအတွက် မရှိမဖြစ်တဲ့ဗီတာမင်များဖြစ်ကြပါတယ်။ အသားအရေဖြူဝင်းလိုသူများ ပင်လယ်ငါးများများ စားပေးခြင်းဖြင့် အသားအရေကို အားသစ်လောင်းပေးသလို ကောင်းကျိုးပြုပါတယ်။

ကမ်းပြိုမှုများကို ကာကွယ်စနစ် ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်မည်

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုမှုများဖြစ်ပွားနေသဖြင့် ကမ်းပါးပြိုမှုများ ကာကွယ်ရေးလုပ်ငန်းများကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် မြန်မာရေးဗားကုမ္ပဏီ (Myanmar River Group) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ပထမပတ်တွင် ပြောကြားသည်။

အဆိုပါဆောင်ရွက်မှုတွင် မြန်မာရေးဗားကုမ္ပဏီက ကျေးရွာကိုးရွာတွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းကို နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းလှိုင်ကပြောသည်။

“ကမ်းပြိုတာကို ဌာနအနေနဲ့ အားလုံးလုပ်လို့မရဘူး။ ဒါကြောင့် ပုဂ္ဂလိကကိုတင်ဒါခေါ်ပြီး လုပ်ကိုင်ခွင့်တွေ ပေးနေရတယ်။ တင်ဒါတင်တဲ့ ကုမ္ပဏီ သုံးခုပဲရှိတယ်။ အဲဒီအထဲကမှ မြန်မာရေးဗားကုမ္ပဏီ က လုပ်ကိုင်ခွင့်ရတယ်။ ကာကွယ်နည်းနှစ်မျိုးနဲ့ လုပ်သွားမယ် ”ဟုတိုင်းဦးစီးမှူးဦးဝင်းလှိုင် က ပြောသည်။

ကမ်းပြိုကာကွယ်မှုများကို အုန်းတုံးအခြေပြုပြီး စတီးခြင်းများဖြင့် ကမ်းခြေတစ်လျှောက် ထိန်းသိမ်းခြင်းနှင့် သွယ်ဝိုက်ကာကွယ်နည်းအရ ရေလမ်းကြောင်းရွှေ့မှ ရေကြောင်းလွှဲပြီး မျောတိုင်များဖြင့်ကျောက်ဖြည့် မျောကာရိုက်ခြင်းတို့ဖြင့် ဆောင်ရွက်နေကြောင်း ဦးစီးမှူး ဦးဝင်းလှိုင်က ပြောသည်။

ရေအရင်းမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် ကမ်းပြိုကာကွယ်မှုများလည်း လုပ်ဆောင်နေပြီး ရေအရင်းအမြစ်မှ ကျောက်စီမြေထိန်းနံရံ တည်ဆောက်ခြင်း၊ သုံးတန်းသွား မျောတိုင်တန်းကျောက်ဖြည့်ရေကာတာတည်ဆောက်ခြင်း၊ နှစ်တန်းသွား မျောတိုင်ကျောက်ဖြည့် ရေကာတာများ တည်ဆောက်ခြင်း တို့ လုပ်ကိုင်နေကြောင်းသိရသည်။

မြန်မာရေးဗားကုမ္ပဏီ မှ ကမ်းပြိုကာကွယ်မှုများကို တာဝန်ယူတည်ဆောက်သော ကျေးရွာကိုးရွာမှာ ဆည်သည်၊ ဟသ်ာမ၊ ထီးကုန်း၊ သာယာဝတီ၊ သဖန်းဒေါင့်၊ ညောင်ပင်သာ ၊ ဆီမီးခုံ၊ ရက္ခဒီပ၊ စားကြူးလင့်ကြီး (မြောက်)ကျေးရွာတို့ ဖြစ်ကြောင်း သိရသည်။

ရေအရင်းမြစ်မှလည်း နန်းတော်ကျွန်းရွာ၊ လက်ာဒီပရွာ၊ မီးသွေးတိုက် ရွာတို့တွင် ကမ်းပြိုကာကွယ်မှုများ လုပ်ဆောင်နေကြောင်း ဦးဝင်းလှိုင်ကပြောသည်။

အဆိုပါ ကမ်းပြိုမှုလုပ်ငန်များတွင် အသုံးပြုရန် လုပ်ငန်းသုံးပစ္စည်းများ လိုအပ်နေသောကြောင့် ဇန်နဝါရီ၁၃ ရက်မှ စတင်၍ တင်ဒါများခေါ်ယူထားရသည်ဟု ဦးဝင်းလှိုင်ဆိုသည်။

အောင် (မန်း)

ငါးသိုင်းချောင်းအသင်း(ရန်ကုန်)
သတ္တမအကြိမ်နှစ်ပတ်လည်အစည်းအဝေးသက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း

အသင်း၏အခမ်းအနားကို ၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီမှ စတင်၍ ဦးဘိုးမောင်ကျောင်း၊ ဗားကရာလမ်း၊ စမ်းချောင်းတွင် ကျင်းပမည်ဖြစ်ပါ၍ အသင်းသူ/ သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အသင်းသူ/သားများ၏ မိသားစုဝင်များမှ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများနှင့် ၂၀၁၂-၂၀၁၃ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို တစ်ဘာသာနှင့်အထက် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ၏စာရင်းကို ၁၈-၂-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ စာရင်းပေးပို့ ကြပါရန်နှင့် အလှူရှင်များ အလှူငွေများ ထည့်ဝင်နိုင်ကြပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ-

ဦးအောင်ကြည်	-	၀၉-၄၉၂၅၃၇၇
ဦးစိုးမြင့်	-	၀၉-၃၁၀၆၁၉၃၇
ဦးအုန်းမြင့်	-	၀၉-၄၂၁၀၉၇၇၉၅
ဦးသောင်းထွန်း	-	၀၉-၈၅၈၃၄၆၄
ဦးခင်မောင်လှိုင်	-	၀၉-၈၅၈၃၄၆၁
အသင်းရုံး	-	၀၁-၅၂၃၁၃၅

အမှုဆောင်အဖွဲ့







ပျောက်ဆုံး

Sky High Service Co,Ltd ၏ ID No.710095(26-4-13) သည် သွားရင်းလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။
ဖုန်း-၀၉-၄၃၁၈၂၈၂၄၊ ၀၁-၈၆၀၃၉၀၇

ခွေးရောင်းမည်

Alsation German 10½ အမ
Shih tzu အထီး ၃လ
Alsation သားပေါက်များနှင့်
အင်းခွေးသားပေါက်များ
ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း-၃၁၆၅၁၉၃၅
ခွေးမျိုးစုံအော်ဒါလက်ခံသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးသန်းမြင့် ဝမ်းတွင်းမြို့နယ် သဖန်-ပင်းတလဲလမ်းပိုင်းတွင် ကျေးလက်ဖွံ့ဖြိုးရေး ၂၀၁၃-၂၀၁၄ ခုနှစ် မူလရန်ပုံငွေဖြင့် ဆောင်ရွက်သော ကတ္တရာလမ်း ၁/၃ ဒသမ ၂၄ မိုင်နှင့် ဖြည့်စွက် ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကတ္တရာ လမ်း ၁၇ မိုင်ဆောင်ရွက်ခြင်း လုပ်ငန်းခွင် ကို ဖေဖော်ဝါရီ ၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

ဓာတ်ပုံ-ဌေးလှိုင်(ဝမ်းတွင်း)

နွားထိုးကြီးမြို့နယ်အတွင်းရှိ ကျေးရွာ၁၄ရွာ လျှပ်စစ်မီးရရှိ

နွားထိုးကြီး ဖေဖော်ဝါရီ ၁၀

ကျေးလက်ဒေသလျှပ်စစ်မီးလင်းရေး စီမံချက်အရ နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာ ၁၄ရွာမှာ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲထက်ဟိန်းက ပြောသည်။

အဆိုပါ လျှပ်စစ်မီးလိုင်းကို ၁၁ ကေဗွီ လိုင်းဆွဲ၍ ၃၁၅ဓာတ်အားလှောင်အိုးဖြင့် ထန်းကွမြောက်ရွာနှင့် ထနောင်းပင်လဲရွာတို့ကို ဆက်သွယ်ပေးထားခြင်းဖြစ်ပြီး လျှပ်စစ်ဌာနတွင် ကျေးရွာခြောက်ရွာ၊ ကိုယ့်အားကိုယ်ကိုးဖြင့် ကျေးရွာ ရှစ်ရွာ ပေါင်း ၁၄ရွာအား ၂၄နာရီ မီးလင်းပေးသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဝက်လူးသုံးရွာ၊ ပဲချက်သုံးရွာ၊ မြဝတီရွာနှင့် ကျွန်းဒေါင့်ရွာတို့အပြင် နွားထိုးကြီးမြို့နယ်ရှိ ကျေးရွာ ၂၂ရွာကိုလည်း လျှပ်စစ်မီး ၂၄နာရီ အပြည့်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခင်ဇာမွန်မြင့် (ဥပဒေ)**

ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြု မြေနီကျောက်စရစ်လမ်းသစ်ဖွင့်

အောင်လံ ဖေဖော်ဝါရီ ၁၀

(၆၇)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် မြေနီကျောက်စရစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီလ ၆ ရက် နံနက်ပိုင်းက အောင်လံမြို့နယ် ငမဲကန်အုပ်စု မင်းကန်ကျေးရွာအဝင်လမ်းမုခ်ဦး၌ ကျင်းပခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

မိတ္ထီလာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ခွင့်ပြုငွေသိန်းတစ်ထောင်ဖြင့် ဆောင်ရွက်နေသည့်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဖေဖော်ဝါရီ ၁၀

မိတ္ထီလာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ခွင့်ပြုငွေကျပ်သိန်းတစ်ထောင်ဖြင့် ရပ်ကွက်ကျေးရွာများတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများအား ဖေဖော်ဝါရီ ၇ နံနက်ပိုင်းက မိတ္ထီလာ မဲဆန္ဒနယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

"ပညာရေးအဆောက်အအုံများ ပြုပြင်တည်ဆောက်တဲ့လုပ်ငန်း၊ လမ်းတံတားပြုပြင်သည့်လုပ်ငန်း၊ ကျန်းမာရေးအဆောက်အအုံများ ပြုပြင်ဆောက်လုပ်တဲ့လုပ်ငန်းနဲ့ သောက်သုံးရေရရှိရေးလုပ်ငန်းတွေကို ရပ်ကွက်/ကျေးရွာအသီးသီးမှာ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လုပ်ငန်းဆောင်ရွက်ရေးကော်မတီတွေဖွဲ့ပြီး ခွင့်ပြုငွေထဲမှ ပထမအကြိမ်ခွဲချထားပေးခဲ့ပြီးတော့ လုပ်ငန်းစတင်ဆောင်ရွက်မှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးတာပါ။ ကျွန်တော်တို့နောက် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်အကြံပေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့စတဲ့ တာဝန်ရှိသူတွေလည်း ကွင်းဆင်းစစ်ဆေးကြည့်ရှုမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေးက ပြောသည်။

ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့သည် ဝါးရုံကျေးရွာအုပ်စုအတွင်းရှိ အိုင်ကြီးလည်၊ အင်အုံး၊ ပန်းသွင်းကျေးရွာများ မြာကျေးရွာအုပ်စုအတွင်းရှိ တဲကြီးကုန်းကျေးရွာ၊ ကန်တောင်ကျေးရွာ အတွင်းရှိ ညောင်ပင်သာကျေးရွာနှင့် ညောင်မြင့်ကျေးရွာအုပ်စုအတွင်းရှိ ညောင်မြင့်ကျေးရွာစသည့် ကျေးရွာများတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ မိတ္ထီလာတွင် အကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း ၅၂ ခုအနက် ပညာရေးအဆောက်အအုံများ ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းသည် အများဆုံးပါဝင်ပြီး လုပ်ငန်းအရေအတွက် ၄၂ခုဖြစ်သည်။ ကျန်ရှိသောဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ကျန်းမာရေးအဆောက်အအုံများ ပြုပြင်ဆောက်ရွက်ခြင်း လေးခု၊ လမ်းတံတား ပြုပြင်ဆောင်ရွက်ရေး သုံးခု၊ သောက်သုံးရေရရှိရေး သုံးခုဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ကံမမြို့နယ်တွင် မီးလောင်ကျွမ်းမှုကြောင့် နေအိမ်ငါးလုံးဆုံးရှုံး

ကံမ ဖေဖေါ်ဝါရီ ၈

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ကံမမြို့၏တောင်ဘက် ၃ မိုင်ခန့်အကွာ ကံမ-ပြည်ကားလမ်းပေါ်ရှိ သစ်မယ်ဇီကျေးရွာအုပ်စု ဒါန်းကိုင်းကျေးရွာတွင် ဖေဖော်ဝါရီ ၈ ရက် နံနက် ၂နာရီကမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ် ၅ လုံးလောင်ကျွမ်းခဲ့ပြီး ကျေးရွာအုပ်စုမှပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်နေစဉ် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးငြိမ်းသတ်ယာဉ်ရောက်ရှိလာပြီးငြိမ်းသတ်ခဲ့ရာ နံနက် ၂ နာရီခွဲတွင်မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းသွားသော နေအိမ်များမှာ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း နှစ်ထပ်အိမ်များဖြစ်ပြီး အိမ်ထောင်စု ၅ စု နှင့်လူဦးရေ ၂၅ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ အဆိုပါလောင်ကျွမ်းမှုမှာ ဦးဇော်ခင်(၃၈)နှစ်၏ နေအိမ်မီးဖို မီးကျွင်းမီးကျန်မှ တစ်ဆင့် ပေါ့ဆမီးအဖြစ် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မြို့မရဲစခန်းမှ ပ(၈)/၂၀၁၄ ၊ပုဒ်မ ၂၈၅ ဖြင့်အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

ကျော်ဇေယျဝင်း(iprd)

709255,0951 38421

လုပ်ငန်းတိုင်း၏ လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အလွယ်တကူ လုပ်ကိုင်နိုင်သည့် လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်

ကန်ထရိုက်လုပ်ငန်းခွင့်ပြုသည့်လုပ်ထုံးလုပ်နည်းများ၊ စူးစမ်းလေ့လာမှုလုပ်ငန်း လုပ်ထုံးလုပ်နည်းများ၊ တည်ဆောက်ထုတ်လုပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာန များနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံး မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့်တစ်ပြေးညီဖြစ်ရေး လေ့လာပြုစုထုတ်ပြန်နိုင်ရေးကိစ္စနှင့် ပတ်သက်၍

World Bank မှ ထုတ်ပြန်သည့် Doing Business 2013 သုံးသပ်ချက်စာအုပ်ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ ၁၈၉ နိုင်ငံအနက် ၁၈၂ နိုင်ငံအဆင့်သို့ ရောက်ရှိနေကြောင်း အဆိုပါစာအုပ်သုံးသပ်ချက်အရ မြန်မာနိုင်ငံသည် စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အခက်ခဲဆုံးနိုင်ငံစာရင်းတွင် ပါဝင်နေပါသဖြင့် စီးပွားရေးလုပ်ဆောင်မှုခက်ခဲသည့် အကြောင်းအရာများအနေဖြင့် ဥပဒေ/နည်းဥပဒေများအား ခေတ်နှင့်လျော်ညီစွာပြင်ဆင်သုံးစွဲနိုင်မှု မရှိခြင်း၊ ဝန်ကြီးဌာနအသီးသီးရှိ Contract ခွင့်ပြုသည့် လုပ်ငန်း များတွင် မူဝါဒများ ကွဲပြားနေပြီး တစ်ပြေးညီမဆောင်ရွက်နိုင်သည့်အတွက် လုပ်ငန်းများ ပေါင်းစပ်လုပ်ဆောင်ရာတွင် မိမိဝန်ကြီးဌာန၏ ဥပဒေ/နည်းဥပဒေ လုပ်ထုံးလုပ်နည်းများကိုသာ ဦးစားပေးစဉ်းစား၍ တာဝန်ယူမှုတာဝန်ခံမှုနည်းပါး သဖြင့် လုပ်ငန်းများအရှိန်အဟုန်ဖြင့်အောင်မြင်အောင်ဆောင်ရွက်နိုင်မှုနည်းပါး ခြင်းဖြစ်ရာ လုပ်ငန်းတိုင်း၏ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ အခြားပြည်ပ နိုင်ငံများတွင် အလွယ်တကူလုပ်ကိုင်နိုင်သည့် လုပ်ထုံးလုပ်နည်းများရှိပြီးဖြစ်၍ ၎င်းအချက်များအတိုင်း လိုက်ပါဆောင်ရွက်ရန် နိုင်ငံအများက လက်ခံထားပြီးဖြစ်၍ လွယ်ကူလျင်မြန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ကန်ထရိုက်လုပ်ငန်းခွင့်ပြုသည့် လုပ်ထုံးလုပ်နည်းများ၊ စူးစမ်းလေ့လာမှုလုပ်ငန်း လုပ်ထုံးလုပ်နည်းများ၊ တည်ဆောက်ထုတ်လုပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် တစ်ပြေးညီဖြစ်ရေး လေ့လာပြုစုထုတ်ပြန်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေး ဆပ်ကော်မတီ (Delivery Unit) အနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာ၌ အခက်အခဲအတားအဆီးများ ဖြေလျှော့ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Focal Ministry အဖြစ် ဦးဆောင်၍ တည်ဆောက်ရေးလုပ်ငန်းများအား ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများရေးဆွဲခြင်း၊ အလုပ်ရုံဆွေးနွေးပွဲကို ၇-၁၁-၂၀၁၃ ရက်နေ့တွင် ဝန်ကြီးဌာနများနှင့် တွေ့ဆုံကျင်းပ၍ ဝန်ကြီးဌာန အားလုံး၏ သဘောတူညီသော စည်းမျဉ်းတစ်စုံကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြထားရှိခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၃၃/ ၂၀၁၃)၌ သဘောတူပြီးဖြစ်သဖြင့် လိုက်နာကျင့်သုံးနိုင်ရန် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး၏ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၈ ရက် ရက်စွဲပါ စာအမှတ် ၃၁/၂၅၂ ကန်ထရိုက်/အဖရ (၂၀၁၄) ဖြင့် ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက် ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်အား ပြည်ထောင်စုဝန်ကြီးဌာန များအားလုံး၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့အားလုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အားလုံးသို့ ဆောလျင်စွာ ဖြန့်ဝေရန် အကြောင်းကြားစာများ ပေးပို့ထားရှိပြီး ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီရုံးမှ ဆက်လက်ဖြန့်ဝေ ဆောင်ရွက်လျက်ရှိပါသည်။

ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်နှင့် လုပ်ငန်းလမ်းညွှန်ချက်များ ဆွေးနွေးညှိနှိုင်း သဘောတူညီချက်များ၏ အကျဉ်းချုပ်တင်ပြချက် စာအုပ်နှစ်အုပ်အား မှာယူလိုပါက ဖုန်း- ၀၆၇ - ၄၀၇၇၃၅၉၊ ၀၉-၄၄၈၅၄၀၆၀၇ များမှတစ်ဆင့် ကြိုတင်ဆက်သွယ်မှာကြားနိုင်ပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကလေးမြို့ ပြည်သူများအတွက် ဗိုလ်ချုပ်လမ်းနှင့် မြို့ရှောင်လမ်း

ကလေး ဖေဖေါ်ဝါရီ ၁၀

ကလေးမြို့သည် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ အထက်ချင်းတွင်းဒေသနှင့် ဆက်သွယ်ရာတွင် အချက်အချာမြို့တစ်မြို့ဖြစ်ပြီး ကလေးမြို့ပေါ်ရှိ ဘုရင့်နောင်လမ်း၊ ဗိုလ်ချုပ်လမ်းတို့ကို နိုင်ငံတော်၏အစီအစဉ်ဖြင့် လမ်းဘေးပလက်ဖောင်းအထိ ကတ္တရာလမ်းကို တိုးချဲ့ပေးခဲ့ရာ ပြည်သူအများ စိတ်ချမ်းသာစွာ ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်သည်။

သို့သော်လည်း ကလေးမြို့ရှိ ရပ်ကွက်ကြီး ၁၉ ရပ်ကွက်တွင် လူဦးရေ ၇၇၉၀၀ ကျော်နှင့် ကလေးမြို့နယ် ကျေးရွာအုပ်စု ၄၁ အုပ်စုတွင် လူဦးရေ ၂၀၇၇၄၀ ကျော်နေထိုင်ကြကာ ပြည်သူများသည် မြို့တွင်းသွားလာရာတွင် ဗိုလ်ချုပ်လမ်းမတစ်လမ်းတည်းသာ အသုံးပြုလျက်ရှိပြီး လူဦးရေများပြားလာသည်နှင့်အမျှ ယာဉ်ကြီးယာဉ်ငယ်များလည်း အလွန်များပြားလာပြီး သွားလာရေးအလွန်ခက်ခဲလျက်ရှိနေသေးသည်။

သို့ဖြစ်၍ ကလေးမြို့သည် လက်ရှိမြို့ကွက်လူဦးရေနှင့် နောင်တိုးတက်လာမည့် မြို့ကွက်လူဦးရေအတွက် မြို့တွင်းလမ်းမကြီး ဗိုလ်ချုပ်လမ်းတစ်ခုတည်းသာမက မော်တော်ယာဉ်ပိတ်ဆို့မှု၊ လမ်းပိတ်ဆို့မှုမှ ကာကွယ်နိုင်ရန် မြို့ရှောင်လမ်းကို အောင်သစ္စာရပ်ကွက်၊ မင်းရဲကျော်စွာလမ်းမှ မြို့လှအထိ နှစ် မိုင် သုံးဖာလုံခန့်ကို ကျောက်ချောလမ်းအဖြစ် အမြန်ဆုံးဖောက်လုပ်နိုင်ရေးကို ကလေးမြို့နေ ပြည်သူများက ကြိုဆိုမျှော်လင့်လျက်ရှိကြသည်။

အဆိုပါ မြို့ရှောင်လမ်း ဖောက်လုပ်နိုင်ရန်အတွက် နိုင်ငံတော်၏ထောက်ပံ့ငွေမှ ကျပ်သန်းပေါင်း ၁၂၃ ဒသမ ၉ သန်းကုန်ကျမည်ဖြစ်ကြောင်း မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ သိရသည်။ **ဂျိုးနက်**

ဆိုင်းဘုတ်တင်ပွဲနှင့် စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် မြတ်ပါရမီလူမှုကူညီရေးအသင်းမှ စီစဉ်ဆောင်ရွက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ဖွင့်လှစ်ပွဲနှင့် ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်က ကျင်းပရာ ခရိုင်သာသနာရေးဦးစီးမှူး ဦးမြင့်မော်၊ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်ရဲချိုနှင့် ဝဏ္ဏသိဒ္ဓိစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **သန်းနိုင်(ဇမ္ဗူသီရိ)**

ပျောက်ဆုံး
ကျွန်တော် သန်းခိုင်မြင့်၏ နိုင်ငံကူးလက်မှတ်အမှတ် M 246181သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၁၅၁၁၂၉

စာပေမြင့်မှ လူမျိုးတင့်မည်

ဂျပန်-မြန်မာ သံတမန်ဆက်ဆံရေး နှစ်(၆၀)ပြည့်အထိမ်းအမှတ်
ဂျပန်ရိုးရာယဉ်ကျေးမှုအဖွဲ့(I.T.A)မှ ဖျော်ဖြေတင်ဆက်ပွဲ

နေရာ	-	ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ။
နေ့ရက်	-	၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ရက်၊ (တနင်္ဂနွေနေ့)
အချိန်	-	နံနက် ၁၀ နာရီမှ ညနေ ၆ နာရီ
ဝင်ကြေး	-	အခမဲ့

ဆုမွန်တောင်း မေတ္တာပို့ သဝဏ်လွှာ

ဦးကျော်ညွန့် (ဥက္ကဋ္ဌ အောင်ဇမ္ဗူသာသနာပြုအဖွဲ့) မှ HOTEL K YANGON အား (၁၁.၂.၂၀၁၄) အင်္ဂါနေ့တွင်ဖွင့်လှစ်နိုင်ခြင်းအတွက်ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် စီးပွားလာဘ်လာဘတိုးပွားကာ ဘေးအန္တရာယ်များကင်းရှင်း၍ဗုဒ္ဓဘာသာ သာသနာပြုလုပ်ငန်းများတွင် ကိုယ်ကျန်းမာစိတ်ချမ်းသာစွာဖြင့်ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သပါကြောင်း ။

အောင်ဇမ္ဗူသာသနာပြုအဖွဲ့ (မော်ဘီ)

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးကျော်ညွန့် (ဥက္ကဋ္ဌ ကျော်စီးပွားရေးလုပ်ငန်းစု) ၏ လုပ်ငန်းတိုးချဲ့ခြင်းအဖြစ် ၁၁.၂.၂၀၁၄ နေ့တွင် HOTEL K YANGON အားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ။

စိန်တောင်ကုန်းအဖွဲ့
(Diamond Hill Group)

ဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ အမှတ် (၁၉၀/၁၉၄) တွင် ရောဝတီဘဏ်ခွဲ (ပန်းဆိုးတန်း)အားအောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဦးကျော်ညွန့်
(ဥက္ကဋ္ဌ ကျော်စီးပွားရေးလုပ်ငန်းစု)

ငှားမည်/ရောင်းမည်

ကမာရွတ်၊ လှည်းတန်းလမ်းမပေါ်၊
မြေညီ
CAMRY 95 ဓာတ်ဆီ 8m/--
ဖုန်း-၀၉-၇၃၀၀၀၀၃၈

စာအုပ် စာပေ လူ့မိတ်ဆွေ

[illegible]

[illegible]

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်(စီမံကိန်း-၂)၊ မြေတိုင်းရပ်ကွက်(၁၄)၊ မြေကွက်အမှတ်(၁၀၁)၊ အကျယ်အဝန်း(၃၅၀၀)စတုရန်းပေအနက်မှ မခွဲစိတ်ရသေးသော (အလျား၂၀/၄၂ပေ×အနံပေ၆၀)ခန့်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်အဆိုပါမြေကွက်ပေါ်မှ အိမ်အမှတ်(၁၀၁)၊ သခင်ဖိုးလှကြီးလမ်း၊ (စီမံကိန်း-၂)ရပ်ကွက်/(၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့၏ အမည်ပေါက်ပိုင်ရှင်ဦးမြင့်ဦး[၁၂/ဥကတ(နိုင်)၁၀၀၅၀၃] (ကွယ်လွန်)၏ဇနီးဖြစ်သူဒေါ်ထွေးစိန်(ခ)ဒေါ်စိန်(AC-၀၅၈၁၁၆)ထံမှ အဆင့်ဆင့်ဝယ်ယူထားသောဦးပိုက်[၁၂/ဥကတ(နိုင်) ၀၆၈၁၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ အဆိုပါအိမ်အပါမြေကွက်နှင့် ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LLB)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဝါ(၂)လမ်း၊ အမှတ်(၁၅၉)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ(၆) ထပ်တိုက်၊ အဆောက်အအုံ၏(၄)လွှာ၊ အခန်းအမှတ်(ဘီ-၄)၊ ပေ(၁၉×၅၅)ရှိ ဆောက်လုပ်ဆဲတိုက်ခန်းအားကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့် ဆောက်လုပ်ဆဲတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာဒေါ်မြမြဝင်း[၁၃/လရန(နိုင်)၀၀၈၄၅၁]၏ SP ရရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်အေးအေးမေ[၁၂/လမန(နိုင်)၁၄၆၁၂၈]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် (LL.B) (စဉ်-၂၂၇၄၇) **ဒေါ်နှင်းပွင့်သန်း(LL.B) (စဉ်-၂၇၀၇၅)**
"လင်း"အိမ်ခြံမြေတိုက်ခန်း အကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)မြေညီ၊ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆၈)၊ မြေကွက်အမှတ်-၁၃၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားသည် ဒေါ်ဥမ္မာကျော်[၁၂/ မဂတ(နိုင်) ၀၁၃၇၃၅] အမည်ပေါက်ဖြစ်ပြီး ဦးဝင်းကျော်[၁၂/သကတ(နိုင်)၀၃၀၅၄၉]မှ အဆက်ဆက်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ဦးဝင်းကျော်ထံမှ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းဇော်(စဉ်-၈၆၄၉)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ ဗိုလ်ထွန်းဇံ၊ မြေကွက်အမှတ် (၂၁၇)၊ မြေကွက်တည်နေရာအမှတ်(၂၉)၊ ဗိုလ်ဆွန်ပက်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံ (ဦးမွေး) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမွေး(ဖခင်)နှင့် ဒေါ်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်ခင်ဝင်း[၁၂/ဒပန(နိုင်)၀၂၆၁၃၇]၊ ဦးလှဌေး [၁၂/ဒပန(နိုင်) ၀၄၄၆၃၅]၊ ဒေါ်စန်းစန်းဝင်း[၁၂/ဒပန(နိုင်)၀၂၆၀၉၃]၊ ဦးကျော်ဌေး[၁၂/ဒပန(နိုင်)၀၀၉၉၆၁]၊ ဒေါ်တင်ဌေးလှိုင်[၁၂/ဒပန(နိုင်)၀၄၁၃၁၇]၊ ဦးဆန်းလင်းထွန်း[၁၂/ဒပန(နိုင်)၀၄၅၅၆၅] တို့မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမွေစားအမွေခံသားဖြစ်ကြောင်း

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အမှတ်(၂၄၉)၊ သုခလမ်း၊ တောင်ပိုင်းရပ်၊ ဟာဂျီဦးသိန်း-ဒေါ်သူဇာလွင်တို့၏သားမောင်ကျော်သူအောင် [၁၀/ကထန(နိုင်) ၁၂၈၄၆၆]အောက်တိုဘာ ၁၁-၂-၂၀၁၂ ကြော်ငြာခြင်းကို ပြန်လည်ရုပ်သိမ်းပြီး အမွေစားအမွေခံထိုက်သော သားဖြစ်ပါသည်။

ဦးလှသိန်း
[၆/ထဝန(နိုင်)၀၆၂၆၈၀]

အများသိရှိစေရန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)လမ်း၊ အမှတ်(၅၄၂)နေ ဒေါ်ပြင်းပြင်း[၁၃/တကန(နိုင်)၁၁၈၁၃၆]သည် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ်(၂၅)ရှိ မြေနှင့်အဆောက်အအုံများ ဝယ်ယူရန်အတွက် ဒေါ်ယဉ်ယဉ်ထွေး [၁၂/သဃက(နိုင်)၀၀၂၁၁၀] အား ၂၈-၁-၂၀၀၉ရက်၌ ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၉၅၁/၂၀၀၉)ဖြင့် ပေးအပ်ခဲ့ပါသည်။ ယခုအခါ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ပြီးဆုံးသွားပြီဖြစ်ပါ၍ ယင်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ပြင်းပြင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ငြိမ်းဌေး B.A (Law),LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁)
၅၈၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၂၃၉၄

သွေးသည်အသက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကျိုက္ကမော့တောင်ကွင်း၊ ကွင်းအမှတ်(၆၁၈)၊ ဦးပိုင်အမှတ် (N-3)၊ ဧရိယာ(၀. ၀၅)ဧက မြေကွက်ကို မူလပိုင်ရှင်အမည်ပေါက် ဦးမူဒူးဝါ ထံမှ ဒေါ်ခင်မာလာ[၁၂/ကတန(နိုင်)၀၀၂၇၉၂]သည် အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ယနေ့ထိလက်ရှိလက်ဝယ်ပိုင်ဆိုင်သူတစ်ဦးဖြစ်ပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်မှုတစ်စုံတစ်ရာရှိပါက စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ၎င်းမြေကွက်နှင့် ပတ်သက်သည့်ကိစ္စအဝဝကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ဖြိုးလတ်(စဉ်-၃၃၀၆၃) **ဒေါ်အေးအေးမာ(စဉ်-၃၃၀၃၆၁)**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ**
အမှတ်(၅၄၂)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊ မေရှော့ပင်းအပေါ်ထပ်၊ အခန်းအမှတ်(ဒီ-၁)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၃၁၆၉၄၁၈၃၊ ၀၉-၇၃၂၄၅၈၅၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ၈/မြောက်ရပ်ကွက်၊ ဇောတိကအိမ်ရာ၊ တိုက်(A_8) (ပဥ္စမ)ထပ်ရှိအခန်းအမှတ်(၅၀၂)ဟု ခေါ်တွင်သောတိုက်ခန်းနှင့် ယင်းတိုက်ခန်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုလာသူ ဒေါ်ချိုသက်ရီ[၁၂/အစန(နိုင်)၀၆၃၃၆၈]ထံမှ ကျွန်မဒေါ်စံပါယ်[၁၂/ပဘတ(နိုင်)၀၀၇၂၄၄]က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရမည့်ဖုန်း-၀၉-၄၂၀၀၈၅၁၆၅၊ ဒေါ်စံပါယ်-၂၅၀၆၆၅၂၉၆

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၇)၊ ဦးပိုင်အမှတ်(၃-ဆ)၊ ၈၅လမ်း၊ (၄၂×၄၃)လမ်းကြား ဒေါ်လှခင်၊ဒေါ်လှသွင် အမည်ပေါက်ဂရန်မြေကွက်အား အမည်ပေါက်သူ(၂)ဦးအနက် ဒေါ်လှခင်သည် အပျိုကြီးဘဝဖြင့်ကွယ်လွန်ပြီး ဒေါ်လှသွင်မှ အမွေဆက်ခံပိုင်ဆိုင်၍ ဦးကျော်ငြိမ်းနှင့် အိမ်ထောင်ကျကာ သားဖြစ်သူ ဦးစိုးဝင်းကို မွေးဖွားခဲ့သည်။ ဖခင်ဖြစ်သူ ဦးကျော်ငြိမ်း၊ မိခင်ဒေါ်လှသွင်နှင့် သားဖြစ်သူဦးစိုးဝင်းတို့ အသီးသီးကွယ်လွန်သဖြင့်(ဦးစိုးဝင်း)၏ ဇနီးဖြစ်သူ ဒေါ်တူး[၉/မရတ(နိုင်)၀၁၅၀၅၅]မှ မှတ်ပုံတင်အမွေဆက်ခံစာချုပ်အမှတ် (၂၆၆၅/၂၀၀၆)ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဂရန်မူရင်းမှာ ပျောက်ဆုံးနေပါသဖြင့် ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

[illegible]

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှမြိုင်(တောင်သာ)
အသက်(၉၅)နှစ်

မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၏ မိခင် ဒေါ်လှမြိုင်သည် ၃-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးခင်အောင်မြင့် (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ကြည်ကြည်မာ
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) စည်ပင်သာယာရေးဦးစီးဌာန
အသက်(၆၆)နှစ်

ဦးဖြိုးပိုင်စိုး(ဒါရိုက်တာ၊ ရွှေမိုင်းခုတ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)-ဒေါ်သီရိကျော်လွင်တို့၏ မိခင် ဒေါ်ကြည်ကြည်မာသည် ၁၀-၂-၂၀၁၄ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MD နှင့် ဝန်ထမ်းများ
(ရွှေမိုင်းခုတ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)

ဒေါ်သန်းနွဲ့(ခ)ဒေါ်ချွန်ဟောင်း
အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၄)လမ်း၊ အမှတ်(၈၃၁)နေ(ဦးသန်းလွင်-ဒေါ်မြင့်မြင့်သိန်း)၊ (ဦးတင်မောင်အေး) - ဒေါ်ခင်သန်းရီ၊ ဦးတင်မောင်ငွေး-ဒေါ်အုန်းမြင့်(Do Ko Mo Funiture)တို့၏ မိခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည်၁၀-၂-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)
ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစံငြိမ်း (၈၂)နှစ်
MPPE-ငြိမ်း

မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ဘုမ္မာ(၆)လမ်း၊ အမှတ်(၉၈၁) နေ (ဒေါ်သန်းသန်းဝင်း)၏ ခင်ပွန်း ဦးစံငြိမ်းသည် ၁၀-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

ဦးဇော်ငြိမ်း(ဗန်းမော်/လားရှိုး)
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)
အသက်(၆၉)နှစ်

လားရှိုးမြို့နေ(ဦးတင်ကွမ်-ဒေါ်ချင်ဝေ)တို့၏သား၊(ဦးချာလီရန်း-ဒေါ်ရန်ဆံကျင်း)တို့၏သားသမက်၊Dr.ဟန်ထွန်းဦး၊ ဒေါ်မဥ္ဇူအေး-ဦးအောင်ရွှေထွန်း၊ ဇော်ဇော်ထွန်းတို့၏မွေးသဖခင်၊ မယွန်းယတီဦး၏အဘိုး၊ ဒေါ်လူစီရန်း၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်ငြိမ်းသည် ၁၀-၂-၂၀၁၄(တနင်္လာနေ့)နံနက် ၉း၀၅နာရီတွင် Novel Square ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ရန်ကုန်မြို့ လသာမြို့နယ်၊ (၂၁)လမ်း၊ တိုက်အမှတ်(၁၀၅)၊ ဒုတိယထပ်နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၁၆-၂-၂၀၁၄ (တနင်္ဂနွေနေ့)နံနက်၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒကာကြီး
ဦးတင်စိန်
ဒုရဲမှူး(ငြိမ်း)
အသက်(၈၅)နှစ်
ကျောက်တန်း၊ သန်လျင်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်နေ (ဦးမောင်ရှိန်-ဒေါ်စောတင်)တို့၏သား၊ ဦးတိတ်ဝမ်-ဒေါ်အုန်းကြည်တို့၏မောင်၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ အမှတ်(၁)ဇာတ်ရုံလမ်းနေ ဒေါ်စိန်ရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး၊ ဒေါ်သီတာဦး၊ ဦးရင်မောင်သန်း(ဒုတိယရဲမှူးကြီး၊ ငြိမ်း)၊ (ဒေါ်ဥမ္မာစိန်)၊ ဦးကျော်စိုးလွင်၊ (ညွှန်မှူး-ငြိမ်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်နီလာစိန်၊ ဦးမျိုးဇေယျ၊ ဒေါ်သီတာခင်မောင် (MD အုံ့ထူးသစ်ကုမ္ပဏီ၊ နေပြည်တော်)၊ ဦးအောင်မင်းထွေး၊ ဒေါ်ခင်စပါယ်ထွန်းတို့၏ချစ်လှစွာသောဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုး ဦးတင်စိန်သည် ၉-၂-၂၀၁၄ရက် နံနက် ၉း၁၃နာရီတွင် သန်လျင်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သန်လျင်မြို့ နေအိမ်မှ သန်လျင်မြို့ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

သစ်တောနဲ့
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ဇရပ် ဒါယိကာမကြီး
ဒေါ်မြ (၉၈)နှစ်
(သက်ကြီးကန်တော့ခံအဘွား)

လပွတ္တာမြို့၊ (၆)ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်(၄၂/၆)နေ (ဦးဘသွင်)၏ ဇနီး၊ အသင်းဌာနေအမှုဆောင် ဦးတင်ဦး-ဒေါ်တိုးတိုး၊ ဆရာမကြီး ဒေါ်ညွှန့် ညွှန့်သွင်၊ ဦးသန့်ဇင်-ဒေါ်အေးအေးမွန်၊ (ဦးဝင်းအောင်)-ဒေါ်ပြုံးရီ၊ ဒေါ်ပြုံးကြည် (အထက-၁)တို့၏မိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏ အဘွားသည် ၈-၂-၂၀၁၄(စနေနေ့) ည နေ ၃နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် လပွတ္တာမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများသိစေရန် အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဒေါ်သန်းတင် (၉၄)နှစ်
မြို့သစ်မြို့၊ မကွေးတိုင်းဒေသကြီး

မြို့သစ်မြို့နေ (ဦးချစ်စိန်၊ဒေါ်သိန်းဟန်)တို့၏ညီမ ရန်ကုန်မြို့နေ (ဦးလတ်စု)-ဒေါ်တင်တင်ဦးတို့၏ အဒေါ်၊ ကိုမျိုးမြင့်ဦး (JADNESE INTERPRETER) - မမြတ်မူခင် (JETRO)၊ ကိုအောင်နိုင်လတ် - MS.JUNKO TARASHIMA (LONDON UK)၊ ကိုကျော်လွင်လတ်၊ ကိုစိုးမိုးလတ် - MS RINA SAKURA (TOKYO - JAPAN)၊ ဒေါက်တာနိုင်တင်မော်လတ်-ဒေါက်တာဇင်မာမြင့် တို့၏ အဘွား၊ KARIN စပါယ်လတ်၊ မောင်ကောင်းကုဋေမင်းလတ်တို့၏ ဘွားဘွားကြီး ဒေါ်သန်းတင်သည် ၆-၂-၂၀၁၄ရက် နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၄ ရက်တွင် အမှတ်၆၂ပထမထပ် (ခေါင်းရင်း) သြဘာလမ်း၊ ကျောက်မြောင်းနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာမည် ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးလှအောင် (၇၆)နှစ်
(ရေအရင်းအမြစ်ဦးစီးဌာန-ငြိမ်း)

မြိုင်မြို့၊ (၁)ရပ်ကွက်၊ မန္တလေးလမ်းနှင့် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၂)လမ်းနေ (ဦးဘဟန်-ဒေါ်သင်းကြိုင်)တို့၏သား၊ ဒေါ်စိန်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ထားထားဦး၊ ကပ္ပတိန်အောင်နွယ်ဦး -ဒေါ်တင်မိုးဆွေ၊ ဒေါက်တာသက်အောင်မိုး -ဒေါက်တာခင်နှင်းပွင့်၊ ဦးကျော်မင်းစိုး-ဒေါ်တင်မိုးရီ(ပခုက္ကူတက္ကသိုလ်)၊ဒေါ်စုစုအောင်(နိုင်ငံခြားရေးဝန်ကြီးဌာန)၊ကိုသန့်ဇင်ထွန်းတို့၏ ချစ်လှစွာသော မွေးသဖခင်၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသော အဘိုးသည် ၉-၂-၂၀၁၄ရက် ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄(အင်္ဂါနေ့) ညနေ ၄နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်ကြည်ကြည်မာ(အိမ်မဲ)
(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စည်ပင်ဦးစီး)
အသက်(၆၆)နှစ်

အိမ်မဲမြို့နေ(ဦးမောင်သော်-ဒေါ်ခင်ကြည်)တို့၏သမီးထွေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းနေ(ဦးညွှန့်စိန်)-ဒေါ်ပုံတို့၏သမီးချွေးမ၊ အလုံမြို့နယ်၊ သိပ္ပံလမ်း၊ အမှတ်(၇၁)ပထမထပ်(A)နေ ဦးစိုးမောင်(ဒု-ညွှန်ကြားရေးမှူး-ငြိမ်း၊ စည်ပင်ဦးစီး)၏ဇနီး၊ မောင်ဖြိုးပိုင်စိုး (ဒါရိုက်တာ ရွှေမိုင်းခုတ်ကုမ္ပဏီ)-မသီရိကျော်လွင်တို့၏မိခင်၊ မောင်သုတနေထက်၊ မောင်သုတဉာဏ်ထက် တို့၏ အဘွား၊ ဒေါ်ခင်မြဦး၊ ဒေါ်ကြူကြူ၊ ဒေါ်ရည်ရည်မာတို့၏ညီမထွေး ဒေါ်ကြည်ကြည်မာသည် ၁၀-၂-၂၀၁၄(တနင်္လာနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (သိပ္ပံလမ်းနေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသိန်းဟန်
အသက်(၇၇)နှစ်

မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ စက်သစ်ရပ်၊ မြမာလာလမ်း၊ အမှတ်(၂၇)နေ (ဦးထွန်းစိန်-ဒေါ်ငွေသင်)တို့၏ သား၊ ဒေါ်သန်းညွှန့်၏ ခင်ပွန်း၊ ဦးကျော်ဦး(Finance Manager, PGMF)-ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)၊ ဦးသန်းထွဋ်-ဒေါ်စန်းစန်းတင့်၊ ဦးလှမျိုး-ဒေါ်ရီရီနွယ် (ရွှေသရဖူရွှေဆိုင်)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၉-၂-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် မုဒုံမြို့ ကန်ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်ကိုကိုဦး (၂၇)နှစ်
(ကြည်း-၄၄၂၈၁)
စစ်တက္ကသိုလ် အမှတ်စဉ်(၄၈)
လ/ထကထိက(အသုံးချသင်္ချာဌာန)စစ်တက္ကသိုလ်၊ ပြင်ဦးလွင်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ မြန်မာ့သင်္ဘောကျင်းဝန်ထမ်းအိမ်ရာ တိုက်(L)၊ အခန်း(၁၀၃)နေ ဒုအရာခံဗိုလ်ညွှန့်လှိုင်-ဒေါ်ယဉ်ယဉ်ဝေ(မြန်မာ့သင်္ဘောကျင်း) တို့၏တစ်ဦးတည်းသောသား၊ ဦးခင်မောင်သက်-ဒေါ်နွဲ့ရီတို့၏ သားသမက်၊ ဒေါ်အေးမြတ်မွန်၏ချစ်လှစွာသောခင်ပွန်းသည် ၈-၂-၂၀၁၄(စနေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၂-၂၀၁၄(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပြင်ဦးလွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၇၀၀)မှ ရှစ်မိုင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၂-၂၀၁၄(သောကြာနေ့)နံနက် ၁၀နာရီတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်အရာရှိရိပ်သာ အုတ်နီဆောင်(၂)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမောင်ကောင်း
အသက်(၈၀)

ညောင်ဦးမြို့၊ ငါ့သရောက်မြို့နယ်၊ ရွှေလက်ပံ့ရွာနေ (ဦးထွန်းဆိုင်-ဒေါ်တုတ်မ) တို့၏သား၊ (ဦးစိုးမောင်-ဒေါ်စိန်နု) တို့၏သားသမက်၊ (ဒေါ်ခင်ရီ)၏ခင်ပွန်း၊ မနီမ၊ ဦးဝင်းကြည်-ဒေါ်မာမာ၊ ဦးမော်တူး-မနှင်းယု၊ (ဦးသံလုံး)-ဒေါ်မြင့်မြင့်စိုး တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီးသည် ၉-၂-၂၀၁၄ရက် ည၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဗန်းမော်အသင်းရန်ကုန်
ဦးဇော်ငြိမ်း (၆၉)နှစ်
B.E (Civil), 1971-1972
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့အထည်အလိပ်လုပ်ငန်း(ရုံးချုပ်)

ဦးဇော်ငြိမ်း B.E (Civil), 1971-1972 လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း) မြန်မာ့အထည်အလိပ်လုပ်ငန်း (ရုံးချုပ်) အသက်(၆၉)နှစ်သည် ၁၀-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ အသင်းသားများ လိုက်ပါပို့ဆောင်ရန် နှိုးဆော်ပါသည်။

ဗန်းမော်အသင်းအမှုဆောင်

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ကန် ဒါယကာကြီး
ဦးမောင်မောင်တင့် (၄၈)နှစ်
ဂျက်ကားမှန်၊အလှပစ္စည်းအရောင်းဆိုင်၊ဘုရင့်နောင်ဈေး

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇)အနောက်ရပ်ကွက်၊ အမှတ်(၂)၊ ဧရာဝဏ်လမ်းမနေ (ဦးသန်း)-ဒေါ်ခင်ညွှန့်တို့၏ သားသမက်၊ ဦးတင်ဝင်း-ဒေါ်လှလှရီ(တင်ဝင်းနှင့်ညီများကားမှန်)၊ ဒေါ်ခင်အေး ၊ဦးအောင်ဝင်း- ဒေါ်တင်တင်အေး(ဂျက်ကားမှန်၊အလှပစ္စည်း)၊ ဦးထွန်းဝေ - ဒေါ်ကြည်ကြည်အေး (ကိုအုန်းမြင့် ဂျက်ကားမှန်ပတ္တမြားဈေး)၊ ဦးမျိုးမြင့်(ရွှေနန်းတော်ဆောက်လုပ်ရေး) - ဒေါ်ခင်မမ(စတားဂျက်)၊ ဦးအုန်းမြင့် (Jet Brother ဆောက်လုပ်ရေး)ဦးကျော်ကျော်- ဒေါ်မြင့်မြင့်ခိုင် (ဂျက်အောင်အောင်) မန္တလေးတို့၏ညီ၊ ကိုဝင်းကျော်-မချိုသီတာငွေး (နယူးဂျက်) တို့၏ အစ်ကို၊ မမိုးပွင့်ဖြူ မောင်ကျော်လင်းနိုင်တို့၏ဖခင်၊ ဒေါ်ခင်မာလာ (ဂျက်မာလာ ကားမှန်၊ အလှပစ္စည်းရောင်းဝယ်ရေး)၏ ခင်ပွန်းသည် ၉-၂-၂၀၁၄(တနင်္ဂနွေနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄ (အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၂-၂၀၁၄(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ အထက်ပါနေ အိမ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်ဒါယိကာမကြီး
ဒေါ်ပွင့် (၉၄)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဇေပုဂ္ဂါနေ (ဦးမောင်စိန်-ဒေါ်သျှရားဖြူ) တို့၏ သမီး၊ (ရွာသူကြီး ဦးကောင်းကျော်ဖြူ-ဒေါ်အုန်းပန်းဖြူ) တို့၏ သမီးချွေးမ၊ (ဦးသာထွန်းဦး)၏ဇနီး၊ (ဦးသာထွန်းစိန်)၊ (ဦးကျော်စိန်-ဒေါ်မနီ)၊ ဦးရဲနိုင်-ဒေါ်စံဝင်းသာ၊ (ဦးပန်းဦး)-ဒေါ်စံရွှေမြ၊ ဦးစိန်ထွန်းလှ-ဒေါ်တင်တင်ကြည်၊ ဦးကျော်မောင်-ဒေါ်လှဖြူတို့၏မိခင်၊ မတင်တင်မွန်ရည်ဦး၊ မတင်တင်ပွင့်ရည်လှိုင်၊ မောင်နေဇော်လင်း-မဆောင်းကလျာ၊ မောင်ဝင်းထွန်းလင်း-မငုဝါလှိုင်၊ မောင်စိုးမိုးကျော် (AE-ပဆင)၊ ဗိုလ်မှူးအောင်မြတ်မိုး-မဝင်းသန္တာကျော်(မန်နေဂျာ-သမဝန်ကြီးဌာန)၊ မသင်းသန္တာကျော် (First Green Hill Co.)တို့၏အဘွား၊ မြစ်ရှစ်ယောက် တို့၏ အဖီးရှင်သည် ၉-၂-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၆း၅၂ နာရီတွင် အမှတ်(၆၈၀)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ၄၇ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်မအေးကြည်(ခ)ဒေါ်လှမေ
အသက်(၅၉)နှစ်
သမဝါယမဦးစီးဌာန(ငြိမ်း)
(ပုဏ္ဏားကျွန်း/ပေါက်တော)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သဘာဝတရားရိပ်သာနေ (ဦးမောင်ဖြူ)-ဒေါ်မသောင်းတန်တို့၏သမီး၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့၊ မြို့သစ်ရပ်ကွက်နေ (ဦးမောင်ပွား-ဒေါ်အောင်ကြွဇံ)တို့၏ ချွေးမ၊ ဦးရွှေသိန်းအောင်၏ဇနီး၊ အောင်လှိုင်ဦး-မူမူသင်း၊ အောင်ပိုင်စိုးတို့၏မိခင်၊ ဘားအံမြို့နေ ဦးခိုင်ကျော်သိန်း-ဒေါ်နန်းခင်ဝင်း၊ သန်လျင်မြို့၊ သဘာဝတရားရိပ်သာနေ ဦးအောင်မင်းသာ-(ဒေါ်မအေးတင်)တို့၏ညီမ၊ ရန်ကုန်မြို့နေ ဦးမောင်ထွန်းမြ-ဒေါ်မသိန်းငွေး၊ ဦးမောင်ခင်နု (တရားလွှတ်တော်ရှေ့နေ)-ဒေါ်သာနုအေး၊ သန်လျင်သဘာဝတရားရိပ်သာ၊ သီလရှင်ဆရာလေး ဒေါ်ဝဏ္ဏထေရီ၊ စစ်တွေမြို့နေ ဦးမောင်သောင်းခင်-ဒေါ်အေးသန်းနု၊ ရန်ကုန်မြို့နေ ဦးအောင်မြထွန်း-ဒေါ်ခင်လှပန်းဖြူ တို့၏ အစ်မ၊ တူ/တူမ ၁၂ယောက်တို့၏ ယိုင်းယိုင်း၊ မခင်အေးမူ၏ အဘောင်ရှင် ဒေါ်မအေးကြည်(ခ)ဒေါ်လှမေသည် ၉-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၄း၂၀ နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(သန်လျင်မြို့၊ သဘာဝတရားရိပ်သာမှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
ဦးမျိုးညွှန့် (၅၉)နှစ်

လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ်(၁၄၅)နေ အသင်းဝင် ဦးမျိုးညွှန့်သည် ၈-၂-၂၀၁၄ ရက်တွင် ကွယ်လွန်၍ ၁၀-၂-၂၀၁၄ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/သားများကို သိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးသာလှိုင် (၉၉)နှစ်
အငြိမ်းစားကျောင်းဆရာကြီး
အထက(၆)အလုံ
Chinese Metho dist School
Solmon High School

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ဦးဖိုးကျားလမ်း၊ အမှတ် 4/8 နေ (ဦးဘအေး-ဒေါ်ပု) ဟသ်ာတတို့၏သားကြီး၊ (ဒေါ်ရွှေပု)၏ခင်ပွန်း၊ ဦးရဲဝင်း-ဒေါ်ခင်အေးသန့်၊ ဦးအောင်ရွှေ-ဒေါ်မူမူ(မမူ)၊(ဦးစိုးလှိုင်)၊ ဦးစိုးသန်း-ဒေါ်ဘုတ်ဆုံ၊ (မောင်ရန်အောင်)တို့၏ဖခင်ကြီး၊ မြေးခြောက်ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးကြီး ဦးမြင့်အောင်(ပုသိမ်)၏ အစ်ကိုကြီး ဦးသာလှိုင်သည် ၉-၂-၂၀၁၄ (တနင်္ဂနွေနေ့) ည၈း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ထွန်းကြည် (၉၃)နှစ်

မွန်ပြည်နယ်၊ မုဒုံမြို့နေ [ဦးဖေ(ခ) ဦးဝါရီ-ဒေါ်သင်းမြ]တို့၏သမီး၊ (ဒေါ်ခင်မေ)၏ညီမ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ် (၅၅၉)မြေညီထပ်နေ (နိုင်ပန်းသာ-မွန် အမျိုးသားခေါင်းဆောင်ကြီး)၏ဇနီး၊ ဦး ချစ်သိန်း(ယာဉ်/စက် ငြိမ်း)-ဒေါ်ခင်လှ ကြည်(ယာဉ်/စက်-ငြိမ်း)၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ နတ်ချောင်း (၂)လမ်း၊ အမှတ်(၂၆)နေ ဦးခင်မောင်အေး-ဒေါ်ခင်အုန်းမြင့်၊ ဦးခင်မောင်နိုင် (UMITEAM MARINE Co.,Ltd.)-(ဒေါ်ခင်သီတာ) တို့၏မိခင်၊ ဒေါ်စုစုချစ် [ကထိက၊ ရက္ခဗေဒဌာန၊ ဆေး(၁) ရန်ကုန်]၊ မအိအိချစ်(သတိုးအိမ်အလှပြုပြင်ရေး)၊ မောင်မျိုးဇော်-မဇာဇာငြိမ်းအေး၊ မခင်လေးလေးချစ်၊ မောင်သူထွန်း(GE WIN MARINE CO.,LTD.)၊ မောင်ဇူလိုင်ထွန်း (GEWIN MARINE CO., LTD) တို့၏အဘွားသည် ၇-၂-၂၀၁၄ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ရွှေဝါလမ်း၊ အမှတ်(၅၅၉)မြေညီထပ်နေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်မင်း(သဲကုန်း)
(၁၉၇၅-၇၆ YGH အရိုးအထူးကုသူနာပြု
အသက်(၆၆)နှစ်

ပြည်ခရိုင်သဲကုန်းမြို့နေ(ဦးချစ်စိန်-ဒေါ်သန်းရင်)တို့၏သား၊ (ဦးခင်ဆွေ-ဒေါ်သန်းသန်း)တို့၏သားသမက်၊ (ဦးမြသော်)-ဒေါ်ညွှန့်တင်၊ (ဦးမြင့်ကြည်-ဒေါ်စန်းကြည်)တို့၏မောင်၊ ဦးကျော်မင်းဆွေ-ဒေါ်စန်းစန်းအေး၊ဦးဇော်မင်း (NOBEL OIL Co.,Ltd)-ဒေါ်အေးအေးမာ၊ ဦးကျော်သူမိုးဆွေ(Paragon Cargo Trading Co.,Ltd)-ဒေါ်မြတ်မြတ်နိုင်တို့၏အစ်ကို၊ မခင်ဘုန်းထက်ကျော် ၊ ဗိုလ်ကြီးဇင်ဦးမောင်-မအေးအေးမွန်တို့၏မွေးသဖခင်၊ မအိရှုပါအောင်၏အဘိုး၊ တိုက်(၃၀)၊ အခန်း(၂၀၂)၊ စီ(၈)လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်လွင်လွင်ဆွေ (မီမီ) ၏ချစ်လှစွာသော ခင်ပွန်းသည် ၉-၂-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၂-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကောင်းထက်(ငြိမ်း)
D.S.A (49) ကြည်း-၄၇၈၃၁
အသက်(၂၇)နှစ်

မအူပင်မြို့နေ ဦးမြင့်စိုး-ဒေါ်မြင့်ဆွေတို့၏သားလတ်၊ ဦးငွေဝင်း(ပြည်နယ်ဦးစီးမှူး၊ ချင်းပြည်နယ်ကျေးလက်ဦးစီးဌာန)၏တူ၊ မယဉ်ယဉ်စိုး၏ခင်ပွန်း၊ ဗိုလ်ကြီးကောင်းထက်(ငြိမ်း)သည် ၆-၂-၂၀၁၄ရက် ညနေတွင် မတူပီမြို့နယ်၌ ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မတူပီမြို့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၂-၂၀၁၄(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မအူပင်မြို့၊ (၆)ရပ်ကွက်၊ ခိုင်မေတ္တာလမ်းနေ ဦးမြင့်စိုးနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးမျိုးညွှန့်(ကိုမျိုး) (၅၇)နှစ်
စာရင်းကိုင်၊
ချင်းပြည်နယ်လျှပ်စစ်(ငြိမ်း)

ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးတင်ညွှန့်-ဒေါ်နဲမ့်တီ)တို့၏သားကြီး၊ ပခုက္ကူမြို့နေ ဦးဝင်းညွှန့်(စာရင်းကိုင်-၁၊ တံတားအထူးအဖွဲ့၊ ၄)-ဒေါ်ဂရေစီ၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီနေ ဒေါ်မိမိမော်-ဦးသက်နိုင်၊ ကလေးမြို့နေ ဒေါ်နုနုဆွေ-ဦးကျော်သိန်းထွန်း၊ ဦးသက်ဝင်းညွှန့်-ဒေါ်ထလာနှံမ်း (USA)တို့၏ အစ်ကိုကြီး၊ တူ/တူမ ကိုးယောက်တို့၏ ဦးကြီးသည် ၁၀-၂-၂၀၁၄ (တနင်္လာနေ့) နံနက် ၀၀း၁၅ နာရီတွင် ဟားခါးမြို့နေအိမ်၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် နေအိမ်၌ ဝတ်ပြုစည်းဝေးပြုလုပ်ပြီး ဟားခါးမြို့ ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ဝမ်ထွီးကြင်(ခ)ဒေါ်ကြင်ထွေး
အသက်(၆၆)နှစ်

မကာအိုနေ ဦးဝမ်းရိန်ဖတ်-ချင်ငုတ်ရင်တို့၏သမီး၊ Wong Wai Fan၊ Wong Peng Un၊ Lam Kam Pan-Wong Choi Leng၊ Wang Choi Mei၊ Wong Choi Peng တို့၏ အစ်မ၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၀၂)၊ မြေညီ ၃၇လမ်းနေ (ဦးမြင့်စိုး)၏ ဇနီး၊ ဦးမြင့်ခိုင်၊ ဒေါ်စိုးစိုးဝင်း၊ ဦးမောင်မောင်သက်-ဒေါ်မြင့်မြင့်ငြိမ်းတို့၏မွေးသမိခင်၊ Wong Kin Seng၊ Lam Kun Hou တို့၏ အဒေါ်၊မောင်အောင်ကိုကို၊ မအိမ့်မြတ်ချယ် (အထက-၅၊ ဗိုလ်တထောင်)၊ မပန်းမြတ်ချယ်၊ (အထက-၅၊ ဗိုလ်တထောင်) တို့၏အဘွားသည် ၉-၂-၂၀၁၄ (တနင်္ဂနွေနေ့) ညနေ ၃း၂၀ နာရီတွင် ရွှေဗဟိုအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၂-၂၀၁၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**



အာဆီယံ၏ ဦးတည်ချက်များပြည့်မီရေး ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်

ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်နှင့်ဇနီး မစ္စစ် ဒါနီလာရှထ်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(ယာပုံ)**

ဂုဏ်ပြုနေ့လယ်စာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ၁၉၈၆ ခုနှစ်က ဂျာမနီနိုင်ငံသမ္မတ ရစ်ချတ်ဗွန် ဗိုက်ဆိုက်ကာ လာရောက်ပြီးနောက်ပိုင်း ၂၆ နှစ်ကျော်ကာလအတွင်း မြန်မာနိုင်ငံသို့ ပထမဆုံးလာရောက်သည့် ဂျာမနီသမ္မတတစ်ဦး၏ ခရီးစဉ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့်ဂျာမနီနိုင်ငံတို့ သံတမန်အဆက်အသွယ်ထူထောင်ခြင်း နှစ် ၆၀ ပြည့်မြောက်သည့်ကာလတွင် လာရောက်ခြင်းဖြစ်၍ ယခုခရီးစဉ်သည် သမိုင်းတွင်မည့် ချစ်ကြည်ရေးခရီးစဉ်လည်း ဖြစ်ပါကြောင်း။

မိမိတို့နှစ်နိုင်ငံအကြား သံတမန်အဆက်အသွယ် ထူထောင်ထားရှိသည့် နှစ်ပေါင်း ၆၀ အတွင်း ဂျာမနီနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် ထိရောက်သည့်အကူအညီများ ပေးအပ်ခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ဂျာမနီနိုင်ငံသည် ဥရောပသမဂ္ဂအတွင်း ဦးဆောင်နိုင်ငံဖြစ်ပြီး နိုင်ငံတကာအရေးအခင်းများတွင် တက်တက်ကြွကြွဖြင့် သမာသမတ်ကျကျ ရပ်တည်နေသည့်နိုင်ငံဖြစ်သည့်အတွက် ပြီးခဲ့သည့် နှစ် ၂၀ ကာလအတွင်း အချို့သောအနောက်နိုင်ငံများက မြန်မာနိုင်ငံအပေါ် အပြင်းအထန် ဆန့်ကျင်ဖိအားပေးနေချိန်တွင် ဂျာမနီနိုင်ငံအနေဖြင့် သမာသမတ်ရှိစွာ ရပ်တည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း။

မိမိတို့အစိုးရသစ် နိုင်ငံ့တာဝန်စတင်ယူခဲ့ချိန်မှစပြီး နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ပုဂ္ဂလိကကဏ္ဍမြှင့်တင်ရေးတို့အတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို

စာမျက်နှာ ၈ ကော်လံ ၄ သို့ ☆

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက်

ဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အာဆီယံစီးပွားရေးအသိုက်အဝန်းဖြင့် ဖော်ဆောင်တော့မည်ဖြစ်ရာ ဝန်ဆောင်မှုများကို အာဆီယံနိုင်ငံများအတွင်း လွတ်လပ်စွာ စီးဆင်းနိုင်ရေးအတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူသော မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် အာဆီယံ(၇၇) ကြိမ်မြောက် ဝန်ဆောင်မှုညှိနှိုင်းရေးကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် လက်ခံကျင်းပမည်ဖြစ်သည်။

